# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၄၆) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၆) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) ရခိုင်ပြည်နယ် မြို့များတချို့တွင် လွယ်ကူစွာပျံ့နှံ့နေသည့် မူးယစ်ဆေးဝါးများကို ကာကွယ်တားဆီး တိုက်ဖျက်ရန် နိုင်ငံတော်မှ လုပ်ဆောင်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) မြန်မာနိုင်ငံတွင် ဘိန်းစိုက်တောင်သူများအား ဘိန်းမစိုက်ပျိုးဘဲ ဘဝရပ်တည်ရေးအတွက် နိုင်ငံတော်မှ အမျိုးသားရေးတာဝန်အဖြစ် စနစ်တကျစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | (ဂ) နိုင်ငံ့အနှံ့ ကျေးရွာများတွင် တရားမဝင်ရော တရားဝင်ပါ ချက်နေကြသော ချက်အရက်များကို ထိန်းချုပ်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၉ | (ဃ) ကျောက်ဖြူမြို့၊ သန်ပန်ချောင်းရပ်ကွက်၊ ကမ်းနားလမ်းရှိ အမှတ်(၃) ဆိပ်ခံတံတားနှင့် ရပ်ကွက် သမဝါယမအသင်း ဆိုင်ဟောင်းကြားရှိ မြစ်ကမ်းမြေထိန်းနံရံအပြင်ဘက် မြစ်ကမ်းခြေကို ဂရန်ခွင့်ပြုမိန့် ရရှိထားကြသူများ၏ ဂရန်ခွင့်ပြုမိန့်များကို မည်သည့်အချိန်တွင် ပြန်လည် ရုပ်သိမ်းပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၆ |
| ၁၀ | (င) ဒီပဲယင်းမြို့နယ်၊ ခိုင်ပြင်ကြီးကျေးရွာအား မြို့အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၉ |
| ၁၁ | (စ) ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့ တည်ဆောက်ထားသော စားကျက်မြေကို မြို့မြေအဖြစ်ပြောင်းလဲ သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၃ |

၁၂ ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က နိုင်ငံတော်နှင့် နိုင်ငံသားများ ပိုင်ဆိုင်သည့် ပေါကြွယ်ဝလှသော ကျောက်မျက်ရတနာများနှင့် တွင်းထွက်သတ္တုသယံဇာတများအား အနာဂတ်နိုင်ငံတော်နှင့် နောင်လာနောက်သားများ အရှည်သဖြင့် သုံးဆောင်ခံစားနိုင်ရေးအတွက် စနစ်တကျတူးဖော်ထုတ်လုပ် ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၃၆

၁၃ ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က ရခိုင်ပြည်နယ်၊ မြောက်ပိုင်းဒေသ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင် မြို့နယ်များတွင် ဖြစ်ပေါ်လျက်ရှိသော ဘင်္ဂါလီလူမျိုးအစွန်းရောက် အဖွဲ့အစည်းများ၏ ရာဇဝတ်မှုများ ကျူးလွန်နေကြခြင်းသည် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အသက်အိုးအိမ် လုံခြုံရေးတို့ကို များစွာထိပါး နှောင့်ယှက်လာသည်ဖြစ်၍ ဒေသတွင်းပိုမိုကောင်းမွန်သည့် အုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံများ ချမှတ်ကာ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း ၄၇

၁၄ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ဆက်သွယ်ရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၅၇

၁၅ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၆) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၇) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၈၅

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၄၆)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၈-၈-၂၀၁၇ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးဦးထွန်းဝင်း၊ ကျောက်တော်မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ် မြို့များတချို့တွင် လွယ်ကူစွာပျံ့နှံ့နေသည့် မူးယစ်ဆေးဝါးများကို ကာကွယ်တားဆီး တိုက်ဖျက်ရန် နိုင်ငံတော်မှ မည်သို့ လုပ်ဆောင်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် ဘိန်းစိုက်တောင်သူများအား ဘိန်းမစိုက်ပျိုးဘဲ ဘဝရပ်တည်ရေး အတွက် နိုင်ငံတော်မှ အမျိုးသားရေးတာဝန်အဖြစ် စနစ်တကျ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၏ **နိုင်ငံအနှံ့ ကျေးရွာများတွင် တရားမဝင်ရော တရားဝင်ပါ ချက်နေကြသော ချက်အရက်များကို ထိန်းချုပ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဘရှိန်၊ ကျောက်ဖြူမဲဆန္ဒနယ်၏ **ကျောက်ဖြူမြို့၊ သန်ပန်ချောင်း ရပ်ကွက်၊ ကမ်းနားလမ်းရှိ အမှတ် (၃) ဆိပ်ခံတံတားနှင့် ရပ်ကွက် သမဝါယမအသင်း ဆိုင်ဟောင်းကြားရှိ မြစ်ကမ်းမြေထိန်းနံရံ အပြင်ဘက် မြစ်ကမ်းခြေကို ဂရန်ခွင့်ပြုမိန့်ရရှိထားကြသူများ၏ ဂရန်ခွင့်ပြုမိန့်များကို မည်သည့် အချိန်တွင် ပြန်လည် ရုပ်သိမ်း ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၏ **ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ကြီး ကျေးရွာအား မြို့အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးနေလင်းထွန်း၊ ဘုတ်ပြင်း မဲဆန္ဒနယ်၏ **ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့ တည်ဆောက်ထားသော စားကျက်မြေကို မြို့မြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်က **"နိုင်ငံတော်နှင့် နိုင်ငံသားများ ပိုင်ဆိုင်သည့် ပေါကြွယ်ဝလှသော ကျောက်မျက်ရတနာများနှင့် တွင်းထွက် သတ္တုသယံဇာတများအား အနာဂတ်နိုင်ငံတော်နှင့် နောင်လာနောက်သားများ အရှည်သဖြင့် သုံးဆောင်ခံစားနိုင်ရေးအတွက် စနစ်တကျ တူးဖော်ထုတ်လုပ် ထိန်းသိမ်း စောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်က **"ရခိုင်ပြည်နယ်၊ မြောက်ပိုင်းဒေသ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် ဖြစ်ပေါ်လျက်ရှိသော ဘင်္ဂလီလူမျိုးအစွန်းရောက် အဖွဲ့အစည်းများ၏ ရာဇဝတ်မှုများ ကျူးလွန်နေကြခြင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ နယ်မြေတည်တံ့ ခိုင်မြဲရေးနှင့် အသက်အိုးအိမ် လုံခြုံရေးတို့ကို များစွာ ထိပါးနှောင့်ယှက်လာသည်ဖြစ်၍ ဒေသတွင်း ပိုမိုကောင်းမွန်သည့် အုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံများ ချမှတ်ကာ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“ဆက်သွယ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# (၄၆)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
## (၂၀၁၇ ခုနှစ်၊ ဩဂုတ် ၁၈ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၄၀၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၃၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၁၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန် ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၆ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊

(၂) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊

(၃) နမ့်မတူမဲဆန္ဒနယ်မှဒေါ်နန်းခမ်းအေး ခွင့် ၁ ရက်၊

(၄) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊

(၅) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊

(၆) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ခွင့် ၁ ရက်၊

(၇) ကလေးဝမဲဆန္ဒနယ်မှ ဦးသန်းထွန်းမြင့် ခွင့် ၁ ရက်၊

(၈) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ရှားမီး ခွင့် ၁ ရက်၊

(၉) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၁၀) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊

(၁၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးနေလင်း ခွင့် ၁ ရက်၊

(၁၂) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၈ ရက်နှင့်

(၁၃) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၆ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၂၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

## ကြယ်ပွင့်ထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ရခိုင်ပြည်နယ် မြို့များတချို့တွင် လွယ်ကူစွာပျံ့နှံ့နေသည့် မူးယစ်ဆေးဝါးများကို ကာကွယ်တားဆီး တိုက်ဖျက်ရန် နိုင်ငံတော်မှလုပ်ဆောင်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ သာလေစွပါခင်ဗျား။ ကျွန်တော်ကတော့ ဦးဦးထွန်းဝင်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မဲဆန္ဒနယ်ကဖြစ်ပါတယ်။ ဒီနေ့ ပြဿနာတွေ၊ စိန်ခေါ်မှုတွေနဲ့ တရားဥပဒေစိုးမိုးမှုတွေလျော့ယွင်းနေတဲ့ ရခိုင်ပြည်နယ်ရဲ့အခြေအနေတွေအပေါ်မှာ အခွင့်ကောင်းယူပြီးတော့ လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးကို တစ်စတစ်စကိုက်ဖြတ်ဝါးမျိုဖျက်ဆီးဖို့ ကြိုးစားနေတဲ့၊ လက်ရှိလည်း ဖျက်ဆီးနေတဲ့ တရားမဝင်မူးယစ်ဆေးဝါးတွေနဲ့ပတ်သက်ပြီး မေးခွန်း မေးမြန်းသွားဖို့ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ရခိုင် လူ့အဖွဲ့အစည်းမှာ ဘူးလေးရာဖရုံဆင့်သလို တစ်နေ့တခြားဆိုးဆိုးဝါးဝါးပျံ့နှံ့ရောက်ရှိလာနေတာ ကတော့ တရားမဝင် မူးယစ်ဆေးဝါးတွေဖြစ်ပါတယ်။ အရင်နှစ်များက ကြားဖူးရုံသာရှိခဲ့တဲ့ မူးယစ် ဆေးဝါးပုံစံအမျိုးမျိုးတွေက အခုဆိုရင် ရခိုင်ပြည်မှာ ငါးပိ၊ ငါးခြောက်ဝယ်တာထက်ကို ပိုမိုလွယ်ကူတဲ့ အခြေအနေမျိုးတွေ ဖြစ်နေပါတယ်။ ရခိုင်ပြည်နယ်ဟာဆင်းရဲတယ်။ အလုပ်အကိုင် အခွင့်အလမ်းတွေ နည်းပါတယ်။ ဒါကြောင့် ငွေရလွယ်ကူတာကို စမ်းသပ်လုပ်ကိုင်ကြရာမှ လောဘသားကောင်တွေ ဖြစ်သွားကြသလို တချို့ဆိုရင် စမ်းသပ်သုံးစွဲကြည့်ရာမှ မူးယစ်သားကောင်ဖြစ်သွားကြပါတယ်။ ဒါ့ကြောင့် မူးယစ်ဆေးဝါးဈေးကွက်ဟာ ပိုမိုကျယ်ပြန့်အားကောင်းလာတာဖြစ်တယ်လို့ ယူဆလို့ရပါ တယ်။ သတင်းတစ်ပုဒ်ရဲ့အဆိုအရ ရခိုင် ပြည်နယ်မှာ မူးယစ်နဲ့ဖမ်းမိတဲ့အမှုတွေဟာ ၂၀၁၀ ခုနှစ်မှာ ၂၁ မှု၊ ၂၀၁၁ ခုနှစ်မှာ ၁၈ မှု၊ ၂၀၁၂ ခုနှစ် မှာ ၁၅ မှု၊ ၂၀၁၃ ခုနှစ်မှာ ၃၄ မှု၊ ၂၀၁၄ ခုနှစ်မှာ ၁၂ မှု၊ ၂၀၁၅ ခုနှစ်မှာ ၉၁ မှုနဲ့ ၂၀၁၆ ခုနှစ်မှာ ၁၇၁ မှုရှိခဲ့တယ်လို့မှတ်သားရပါတယ်။ ပထမလေးနှစ်မှာ ဖမ်းမိတဲ့စာရင်းက ၂၀၁၅ ခုနှစ် တစ်နှစ်စာနဲ့ ညီမျှနေတာရယ်၊ ၂၀၁၆ ခုနှစ်မှာဖမ်းမိတဲ့စာရင်းဟာ ၂၀၁၅ ခုနှစ်မှာဖမ်းမိတဲ့အမှုနဲ့ နှစ်ဆနီးပါးလောက်ဖြစ်နေတာရယ်က ရခိုင်ပြည်နယ်မှာ တရားမဝင်

မူးယစ်ဈေးကွက်ကြီးဟာ တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်နဲ့တိုးလာနေတာကို မီးမောင်းထိုးပြနေတာဖြစ်ပါတယ်။ ဒီ ၁၂ ရက်နေ့ကလည်း ဘူးသီးတောင်မြို့နယ်မှာ သိန်းပေါင်း ၉၅၀၀ တန်ဖိုးရှိတဲ့ WY ဆေးပြားတွေမိနေတယ်လို့ သီတင်းတစ်ပုဒ်မှာဖတ်လိုက်ရပါတယ်။ ဒီလို သက်ဆိုင်ရာကမမိဘဲနဲ့ ဘယ်လောက်ထိအလုပ်ဖြစ်သွားကြပြီလဲဆိုတာကတော့ ဒီနေ့တောရော၊ မြို့ပါလွယ်ကူစွာရရှိနေတဲ့ အခြေအနေတွေက အထင်အရှားပြသနေပါတယ်။ ဒုတိယသမ္မတဦးမြင့်ဆွေဦးဆောင်တဲ့ ရခိုင်ပြည်နယ်စုံစမ်းရေးကော်မရှင်ရဲ့ အစီရင်ခံစာမှာလည်း ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ မူးယစ်ဆေးဝါးရောင်းဝယ်မှုလမ်းကြောင်းတစ်ခုဖြစ်ပေါ်နေပါကြောင်း အတိအလင်းဖော်ပြထားပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးရဲ့အဓိကပစ်မှတ်ကတော့ လူကြီးတွေမဟုတ်ပါဘူး။ နိုင်ငံအတွက်အရေးကြီးပါတယ်ဆိုတဲ့ လူ့စွမ်းအားအရင်းအမြစ်ရဲ့အဖူးအပွင့်တွေဟာ မူးယစ်သားကောင်တွေဖြစ်နေကြရတာဖြစ်ပါတယ်။ လူငယ်တွေစုံပြုံပြီးရှိနေတဲ့ ဘော်ဒါဆောင်တွေ၊ စာသင်ကျောင်းတွေ၊ တက္ကသိုလ်၊ ကောလိပ်တွေဟာ မူးယစ်ဆေးဝါးရဲ့အဓိကပစ်မှတ်ကြီးတွေဖြစ်နေတယ်လို့ နီးစပ်တဲ့လူတွေကတစ်ဆင့် သိနေရပါတယ်။ ပြီးခဲ့တဲ့အပတ်က သတင်းတစ်ပုဒ်မှာ မူးယစ်ဆေးဝါးရောင်းဝယ်မှုကို ကာကွယ်တားဆီးတဲ့အနေနဲ့ စစ်တွေတက္ကသိုလ်မှာကျောင်းသူကျောင်းသားတွေကို ကျောင်းသားစိစစ်ရေးကတ်တွေနဲ့ စနစ်တကျစိစစ်ပြီးမှ ကျောင်းဝင်းထဲကိုဝင်ခွင့်ပြုနေရပါကြောင်း သတင်းတစ်ပုဒ်မှာဖတ်လိုက်ရပါတယ်။ ဒါတော်တော်အခြေအနေဆိုးနေတယ်ဆိုတာကို မီးမောင်းထိုးပြနေတာဖြစ်ပါတယ်။ တော်တော်ရင်လေးစရာကောင်းတဲ့ကိစ္စတွေဖြစ်ပါတယ်။ ဒါတွေကို လူကြီးမိဘတွေအနေနဲ့ နေ့စဉ်နဲ့အမျှရတက်မအေးဖြစ်နေကြရတယ်လို့ ကျွန်တော်တို့မဲဆန္ဒနယ်ကိုပြန်တဲ့အခါမှာလည်း မြတမ်းဆွေးနွေးရင်ဖွင့်ကြပါတယ်။ ကျွန်တော်ဒါတွေကိုဒေသဆိုင်ရာအာဏာပိုင်တွေနဲ့၊ ဌာနဆိုင်ရာအကြီးအကဲတွေနဲ့ အစည်းအဝေးပြုလုပ်တဲ့အခါမှာ ဒီလောက်အုပ်အော်သောင်းနင်းဖြစ်နေတဲ့ ဖြစ်စဉ်တွေအပေါ်မှာ ခင်ဗျားတို့မမြင်ဘူးလား။ ဒါတွေကို အရေးမယူဘူးလားလို့မေးတဲ့အခါမှာ ကျွန်တော်တို့ကို လာတိုင်မယ့်လူမရှိလို့ ကျွန်တော်တို့အရေးမယူနိုင်ပါဘူးလို့ ပြန်ပြောတာရှိပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လူ့အဖွဲ့အစည်းရဲ့သဘာဝမှာ အချင်းချင်းအားနာတတ်တယ်။ တစ်ဦးတစ်ယောက်နစ်နာမယ့်ကိစ္စကို မျက်နှာပျက်ခံပြီးတော့ ပြောဆိုလုပ်ကိုင်ဖို့ဝန်လေးတယ်။ ဌာနဆိုင်ရာရုံး၊ ဌာနတွေ။ အထူးသဖြင့် ရဲစခန်း၊ တရားရုံးတွေနဲ့ ကင်းကင်းဝေးဝေးနေလိုတယ်။ ပြီးတော့ နောက်ဆက်တွဲဖြစ်လာနိုင်တဲ့ပြဿနာတွေကို စိုးရိမ်

တာတွေရှိပါတယ်။ ဒါကြောင့် တစ်စုံတစ်ယောက်လာတိုင်တဲ့အထိ ထိုင်စောင့်နေတာကတော့ အစိုးရတစ်ရပ်ရဲ့တာဝန်ယူမှု၊ တာဝန်ခံမှုတွေအပေါ် ပြည်သူတွေယုံကြည်မှုနည်းလာအောင် လုပ်ဆောင်နေသလို ဖြစ်နေပါတယ်။ ဒါ့ကြောင့် ပြည်သူတွေစိုးရိမ်သောကဖြစ်နေရတဲ့ ဒီအမျိုးဖျက်၊ နိုင်ငံဖျက်မူးယစ်ဆေးဝါးတွေကို အမြစ်ပြတ်ချေမှုန်းလိုတဲ့ မိဘပြည်သူတွေရဲ့ဆန္ဒနဲ့အညီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကိုမေးမြန်းအပ်ပါတယ်။ ယနေ့ရခိုင်ပြည်နယ်အနှံ့ တောရွာ၊ မြို့ပါ လွယ်ကူစွာပျံ့နှံ့လာနေသည့် မူစ်ဆေးဝါးများကို ကာကွယ်တားဆီးတိုက်ဖျက်ရန် နိုင်ငံတော်မှ မည်သို့လုပ်ဆောင်နေသည်ကို သိရှိလိုပါကြောင်းမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးအတွက် နိုင်ငံတကာ ကွန်ဗင်းရှင်းများနဲ့အညီ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေ၊ ၁၉၉၅ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေနှင့် ၂၀၀၄ ခုနှစ်မှာ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေတို့ကို ပြဋ္ဌာန်းထားရှိပါတယ်။ ဒါ့အပြင် ၁၉၇၆ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့တဲ့ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ကိုလည်း (၆)ကြိမ်ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး လက်ရှိမှာအဖွဲ့ဝင် ၁၆ ဦး ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါတယ်။ အဆိုပါ ဗဟိုအဖွဲ့အောက်မှာ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတို့မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့တို့ကို အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်းပေးပြီး လုပ်ငန်းတာဝန်များကိုသတ်မှတ်ပြီး

ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ရဲဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့အတွက် မောင်တောမြို့နယ်မှာ မူးယစ်တပ်ဖွဲ့စု ၄၆၊ စစ်တွေမြို့မှာ မူးယစ်တပ်ဖွဲ့စု ၄၇၊ ကျောက်ဖြူမြို့မှာ မူးယစ်တပ်ဖွဲ့စု ၄၈ တို့ကို ဖွဲ့စည်းပြီး အသီးသီးတာဝန်ချထားခဲ့ပါတယ်။ ၎င်းမူးယစ်တပ်ဖွဲ့တွေဟာ တပ်မတော်၊ ပြည်နယ်ရဲတပ်ဖွဲ့၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း တိုးမြှင့်လုပ်ဆောင်လျက်ရှိပါတယ်။ ထိုသို့ပူးပေါင်းဆောင်ရွက်မှုကြောင့် ရခိုင်ပြည်နယ်အတွင်းမှာ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ် ဇူလိုင်လအထိ အမှုပေါင်း ၃၂၅ မှု၊ တရားခံ ၄၈၆ ဦးဖမ်းဆီးရမိနိုင်ခဲ့ပါတယ်။ ၎င်းမှာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉.၆၇ သန်းကျော်နဲ့ ဆက်စပ်ပစ္စည်းများ ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို ပြည်နယ်ရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့များဟာ ဒေသအတွင်းမှာရှိတဲ့ တပ်မတော်ဌာနဆိုင်ရာအဖွဲ့အစည်းများနဲ့ပူးပေါင်းပြီး အထူးစီမံချက်များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၇ ခုနှစ်အတွင်းမှာတော့ မေယုစစ်ဆင်ရေးကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ကနေ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်ခဲ့တဲ့အခါမှာ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ၁၇ မှု၊ တရားခံ ၂၇ ဦး၊ စိတ်ကြွရူးသွပ်ဆေးပြား ၄.၈ သန်းကျော်နဲ့ ဆေးခြောက်နဲ့ ဆက်စပ်ပစ္စည်းများဖမ်းဆီးနိုင်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်အတွင်းမှာ မူးယစ်ဆေးဝါးဖမ်းဆီးမိမှုပေါင်း ၇၅ မှု၊ တရားခံ ၁၀၉ ဦး၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁.၄ သန်းကျော်နဲ့ ဆက်စပ်ပစ္စည်းများ ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်းလည်း တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တားဆီးနှိမ်နင်းရေးကို တိုးမြှင့်အရေးယူဆောင်ရွက်နေတဲ့အပြင် ပြည်သူလူထုနှင့် ကျောင်းသားလူငယ်ထုအတွင်းမှာ မူးယစ်ဆေးဝါးသုံးစွဲမှုများ ပျံ့နှံ့ဝင်ရောက်မှုမရှိစေရေးအတွက်ကို မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြောခြင်း၊ ပညာပေးဆိုင်းဘုတ်၊ ပိုစတာများစိုက်ထူခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရုပ်မြင်သံကြားတို့မှ ပညာပေးအစီအစဉ်များ ရေးသားထုတ်လွှင့်ခြင်းတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများအပါအဝင် ပြည်သူများကို

မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲမှုများ ဆောင်ရွက်ခဲ့တဲ့အခါမှာ ၂၀၁၅ ခုနှစ်မှာ ၅၆၄ ကြိမ်၊ ၂၀၁၆ ခုနှစ်မှာ ၅၀၄ ကြိမ်၊ ၂၀၁၇ ခုနှစ်မှာ ၃၂၃ ကြိမ်ဆောင်ရွက်နိုင်ခဲ့ပြီး စုစုပေါင်း ၁၃၉၁ ကြိမ်မှာ ကျောင်းသားကျောင်းသူပေါင်း ရှစ်သောင်းကျော်ကိုပညာပေးမှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် နိုင်ငံတစ်ဝန်းမှာရှိတဲ့ ဒေသခံပြည်သူများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနဲ့ မူးယစ်ကင်းစင်ကျောင်း၊ မူးယစ်ကင်းစင်ရပ်ကွက်နှင့် မူးယစ်ကင်းစင်ကျေးရွာတွေကို တည်ထောင်ဆောင်ရွက်လျက်ရှိခဲ့ရာမှာ အထိုက်အလျောက်အောင်မြင်မှုများ ရရှိနေကြောင်းလည်း တွေ့ရှိရပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ မူးယစ်ကင်းစင်ကျောင်း ၄၂ ကျောင်း၊ မူးယစ်ကင်းစင်ရပ်ကွက် ၂၅ ရပ်ကွက်၊ မူးယစ်ကင်းစင်ကျေးရွာ ၆၃ ရွာအဖြစ်ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုအားကိုရယူပြီး ဆက်လက်တိုးချဲ့နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မြန်မာတစ်နိုင်ငံလုံး မူးယစ်ဆေးဝါးပြဿနာများ လျော့နည်းပပျောက်စေရေးဆောင်ရွက်ရာမှာ လက်ရှိကျင့်သုံးနေတဲ့ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို လက်ရှိကာလအခြေအနေနဲ့ကိုက်ညီအောင် ပြင်ဆင်ဆောင်ရွက်ခဲ့တဲ့ အခါမှာ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့မှာတော့ အမျိုးသားလွှတ်တော်မှ ဥပဒေကြမ်းကို အတည်ပြုထားရှိပြီးလည်း ဖြစ်ပါတယ်။ မူးယစ်ဗဟိုအဖွဲ့အနေနဲ့ကတော့ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးကို ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်ဖို့အတွက် ကုလသမဂ္ဂအကြံပြုချက်များနှင့်အညီ မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်ပြီး ပြည့်စုံကောင်းမွန်တဲ့ မူဝါဒများပါဝင်သော မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒအသစ်တစ်ရပ် ပေါ်ထွက်ရေးလာရေးအတွက်ကိုလည်း လမ်းပြမြေပုံ Road Map များချမှတ်ပြီး မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒအသစ် ရေးဆွဲနိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ကျွမ်းကျင်ပညာရှင်များဖြင့်လည်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

သို့ပါ၍ ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မူးဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ပျံ့နှံ့လာမှုကို နိုင်ငံတော်အစိုးရမှ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကဏ္ဍပေါင်းစုံမှ ထိထိရောက်ရောက်ကာကွယ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အဆင့်ဆင့်သော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်မတော်၊ ဌာနဆိုင်ရာ

ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်းဖော်ထုတ်ဖမ်းဆီးရေး ကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ကျွန်တော် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့တစ်နေ့က Online ပေါ်ကနေပြီး စစ်တမ်းတစ်ခု ကောက်ကြည့်ပါတယ်။ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးတော့ လက်တွေ့ခံစားနေရတဲ့ အတွေ့အကြုံတွေ ကိုမျှဝေပေးကြဖို့ ကျွန်တော်ဖိတ်ခေါ်တဲ့အခါမှာ ဒီနေ့မနက်ကထိပဲ ကျွန်တော့်ကိုအဆက်အသွယ် လုပ်ကြတာရှိပါတယ်။ အဲဒီထဲမှ အများစုကဘာပြောကြလဲဆိုတော့ ဒီကနေ့ မူးယစ်ဈေးကွက်ဟာ မှောင်ခိုဈေးကွက်ပုံစံမဟုတ်ဘဲနဲ့ တရားဝင်လုပ်နေကြသလို ပေါ်ပေါ်တင်တင်လုပ်နေကြတဲ့အခြေအနေ တွေ၊ နောက်ပြီးတော့ သူတို့တွေရဲ့ဖြစ်နေတဲ့စိုးရိမ်သောကတွေကို အများကြီးပြောပါတယ်။ နောက် တစ်ခုက ပြောတဲ့ထဲမှာအဓိကပြောကြားတာကတော့ ဒီမူးယစ်ဆေးဝါးရောင်းဝယ်တဲ့လုပ်ငန်းစဉ်ထဲမှာ ဒေသ ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေက ဒီလာဘ်ပေးလာဘ်ယူမှုတွေနဲ့ ပါဝင်ပတ်သက်နေတယ် ဆိုတဲ့အသံတွေ ကျွန်တော်တို့ဘက်တွေမှာ ကျယ်ကျယ်လောင်လောင်ရှိပါတယ်။ မြန်မာ့စကားပုံလို ရွှေသမင်ထွက်တာဟာ မင်းကြီးတာကမထွက်ရင် ထွက်စရာအကြောင်းမရှိဘူးဆိုတဲ့အသံတွေ ကျွန်တော်တို့ ဘက်မှာရှိပါတယ်။ ဒီနိုင်ငံတော်က စီမံချက်တစ်ခုနှင့်လုပ်ပြီဆိုရင် အဓိကနစ်နာသွားတဲ့ သူတွေက အောက်ခြေပြည်သူတွေဖြစ်ပါတယ်။ ဒီတိုက်ထဲမှာနေပြီးတော့ တကယ့် Heavy တွေ လုပ်နေတဲ့လူတွေကတော့ ကနေ့အချိန်ထိ ပန်းပန်လျက်ပဲဆိုတာကို ဒီနေ့မနက်လည်း အဆက်အသွယ် ရတဲ့အခါမှာ ပြောကြားတာရှိပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၂၆ ရက်နေ့က နယ်ခြားစောင့်စခန်းတစ်ခု မှာ တရားမဝင် မူးယစ်ဆေးဝါးစုပုံပြီးဖမ်းမိတာတွေ၊ ၂၀၁၇ ခုနှစ်၊ မေလ ၁ ရက်နေ့က ဘူးသီးတောင် မြို့နယ်က ဌာနဆိုင်ရာအကြီးအကဲတစ်ယောက်ရဲ့ ပါကျဲဒိုးကားပေါ်မှာ သိန်းပေါင်း ၈၈၀၀ တန်ဖိုးရှိတဲ့ WY ဆေးပြားတွေဖမ်းမိတာတွေဟာ ပြည်သူတွေဝေဖန်နေတာ မမှားဘူးဆိုတာပြနေပါတယ်။ ဒါ့ကြောင့် အောက်ခြေဌာနဆိုင်ရာတွေရဲ့ အစီရင်ခံစာပေါ်မှာ အခြေခံပြီးအလုပ်လုပ်တဲ့ ဗဟိုအစိုးရ အနေနဲ့မိမိတို့ရဲ့ အောက်ခြေဌာနဆိုင်ရာတွေအပေါ်မှာ ဒီကိစ္စနဲ့ပတ်သက်ပြီး အလေးထားစောင့်ကြည့် မယ့်အစီအစဉ်တွေရှိ/မရှိနဲ့ စောင့်ကြည့်မယ်ဆိုရင် ဘယ်လိုပုံစံမျိုးထိန်းကျောင်းသွားမယ်၊ စောင့်ကြည့် သွားမယ်ဆိုတာလေး ရှင်းရှင်းလင်းလင်းသိလိုပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေသည် နိုင်ငံသားများသာမက ကျွန်တော်တို့ဝန်ထမ်းများလည်း လိုက်နာရမယ့်တာဝန်တွေ ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံဝန်ထမ်းတွေဆိုတာဟာ နိုင်ငံတော်က ထုတ်ပြန်ထားတဲ့ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များအပြင် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းတွေလည်း လိုက်နာရပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောကြားခဲ့တဲ့၊ ဖြစ်စဉ်ဖြစ်ရပ်တွေမှာ ပါဝင်ပတ်သက်ခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းအားလုံးကိုလည်း ဌာနမရွေးအားလုံးကို တည်ဆဲဥပဒေနဲ့အညီ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ အလားတူဖော်ထုတ်ဖမ်းဆီးရမှုဖြစ်စဉ်သာမကဘဲနဲ့ တိုင်ကြားမှု ဖြစ်စဉ်တွေအပေါ်မှာလည်း ပါဝင်ပတ်သက်မှုရှိသည့် မည်သည့်ဌာနဆိုင်ရာဝန်ထမ်းမဆို တည်ဆဲ ဥပဒေများနဲ့အညီ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး ယန္တရားမှာ နိုင်ငံတော်အစိုးရဖွဲ့စည်းမှုအဆင့်ဆင့်မှာ တိုင်းဒေသကြီးနဲ့ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအဆင့်ထိ အုပ်ချုပ်ရေးအဖွဲ့အစည်း အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းထားသလို သက်ဆိုင်ရာဝန်ကြီးဌာနအဆင့်ဆင့်ကလည်း သက်ဆိုင်ရာမြို့နယ်အဆင့်ထိကို ဝန်ထမ်းအဆင့်ဆင့်ကို ဖွဲ့စည်းထားရှိပါတယ်။ သတ်မှတ်ထားတဲ့လုပ်ထုံးလုပ်နည်းများနှင့်အညီ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးယန္တရားစနစ်နဲ့အညီ ကျွန်တော်တို့ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒီစနစ်ကိုလိုက်နာခြင်းမရှိဘူး။ တည်ဆဲဥပဒေတွေကိုဖောက်ဖျက်ရင် နိုင်ငံတော်ရဲ့တည်ဆဲ ဥပဒေ၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနဲ့အညီ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံတွင် ဘိန်းစိုက်တောင်သူများအား ဘိန်းမစိုက်ပျိုးဘဲ ဘဝရပ်တည်ရေးအတွက် နိုင်ငံတော်မှ အမျိုးသားရေးတာဝန်အဖြစ် စနစ်တကျစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လွိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ လွိုင်ကော်

မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်ရှင့်။ ကျွန်မ မေးမယ့်မေးခွန်းကတော့ မြန်မာနိုင်ငံမှာ ဘိန်းစိုက်တောင်သူများအား ဘိန်းမစိုက်ဘဲ ဘဝရပ်တည်ရေး အတွက် နိုင်ငံတော်မှ အမျိုးသားရေးတာဝန်အဖြစ် စနစ်တကျစီမံကိန်းများချမှတ်အကောင်အထည် ဖော်ပေးရန် အစီအစဉ်ရှိ/မရှိ။ အစီအစဉ်ရှိသည်ဆိုပါက မည်သို့ဆောင်ရွက်ပါမည်နည်း။ အစီအစဉ် ဆောင်ရွက်သည့်လုပ်ငန်းများ မည်မျှအောင်မြင်တဲ့ရလဒ်များ ရပါသနည်းဆိုတာ ဖြစ်ပါတယ်။ ကျိုးကြောင်းများကို ဖော်ပြရမယ်ဆိုရင် ကမ္ဘာတစ်ခုလုံးအတိုင်းအတာအရ လက်ရှိမြန်မာနိုင်ငံဟာ အာဖဂန်နစ္စတန် ပြီးရင် ဒုတိယဘိန်းစိုက်ပျိုးထုတ်လုပ်မှုအမြင့်ဆုံးနိုင်ငံဖြစ်ပါတယ်။ အဲဒီအထဲမှာ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့ဟာ ဘိန်းစိုက်ပျိုးမှုဧရိယာ အများဆုံးပါဝင်နေပါတယ်။ ဒီပြည်နယ်လေးခုရဲ့ မြို့နယ်ပေါင်း ၅၁ မြို့နယ်မှာရှိတဲ့ ဘိန်းစိုက်ခင်းများ ကို တိုက်ဖျက်သွားမှာဖြစ်ကြောင်း အစိုးရကထုတ်ပြန်ကြေညာခဲ့သလို ယခုနှစ်မေလအထိ ဘိန်းခင်း များကို မြို့နယ်အသီးသီးမှာ ဖျက်ဆီးနေတာကို အားလုံးက သတင်းမီဒီယာတွေမှာ တွေ့ရသလို အစားထိုးသီးနှံပေးအပ်တဲ့အခမ်းအနားတွေလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အခု ဆက်ပြီးဖော်ပြမယ့်အချက်အလက်တွေကတော့ ဘိန်းစိုက်တောင်သူတွေရဲ့ တရားဝင်ပြည်တွင်းမှာ ပြုလုပ်တဲ့ဖိုရမ် ဆွေးနွေးပွဲအသီးသီးနဲ့ ကမ္ဘာလုံးဆိုင်ရာတားမြစ်သီးနှံပင် စိုက်ပျိုးထုတ်လုပ်သူများရဲ့ ညီလာခံ GFPPB မှာသော်လည်းကောင်း၊ ပြည်နယ်အသီးသီးမှာ ရှိတဲ့တိုင်းရင်းသားတွေ ကြေညာချက်မှာလည်းကောင်း တရားဝင်ဖော်ပြထားတဲ့အချက်အလက် ဖြစ်ပါတယ်။ လွိုင်ကော်ကယားပြည်နယ်က ကြေညာချက်ကတော့ ၉-၅-၂၀၁၆ ခုနှစ်မှာ ကြေညာချက် ကို အစိုးရသစ်ကိုလည်းပို့ထားတာ ဖြစ်ပါတယ်။ လက်တွေ့မြေပြင်မှာလည်း ဒီတိုင်းဖြစ်နေတာကို တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ဘိန်းစိုက်ပျိုးသူအများစုဟာ တောင်တန်းဒေသ၊ ဆင်းရဲသားလူနည်းစု တိုင်းရင်းသားများ ဖြစ်ကြပါတယ်။ အစိုးရက ၎င်းတို့ရဲ့စီးပွားရေး၊ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မီးရရှိရေးနဲ့ ဆေးဝါးကုသရေးနှင့် မြေပိုင်ဆိုင်မှုအတွက် စနစ်တကျ ၎င်းတို့အတွက် ဖြည့်ဆည်းမှုအားနည်းတဲ့အတွက် ဘိန်းကို ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးတယ်လို့ ဘိန်းစိုက်တောင်သူများက ပြောပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအခန်း(၂) ပုဒ်မ ၂၂၊ ၂၈၊ ၃၈ နှင့် ၃၅၃ မှာ ပါတဲ့အတိုင်းလည်း ပါနေပေမဲ့ လုပ်ဆောင်ပေးဖို့ အားနည်းတာတွေ့ရပါတယ်။ မိမိတို့နေ့စဉ်ရင်ဆိုင်နေရတဲ့ အခက်အခဲများကို လတ်တလော ပြေလည်စေတဲ့အပြင် ရေရှည်ထိန်းသိမ်းထားနိုင်တဲ့ပစ္စည်းအဖြစ်လည်း သူတို့တန်ဖိုးထားကြပါတယ်။

**မူကြမ်း**

သူတို့ဟာ ကိုယ်ပိုင်စိုက်ကြသလို အလုပ်လက်မဲ့များကလည်း လုပ်သားဘဝနဲ့ လုပ်အားခ သာမန်ထက် ပိုရလို့ စိုက်ပျိုးရတာတွေလည်း ရှိပါတယ်။ စိုက်ပျိုးခိုင်းတဲ့သူတွေက တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအချို့နှင့်အတူ သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း ဆက်စပ်ပြီးနေတဲ့အဖွဲ့အစည်းတွေက စီးပွားဖြစ်ခိုင်းစေမှုတွေကြောင့် စိုက်ပျိုးရတာလည်း ပါဝင်ပါတယ်။ ၎င်းအခြေအနေများကတစ်ဆင့် မူးယစ်ဆေးဝါးကို ပုံစံအမျိုးမျိုးနဲ့ စိုက်ပျိုးထုတ်လုပ် ရောင်းချသုံးစွဲလာကြပြီး ပြဿနာဆိုးဆိုးရွားရွားရင်ဆိုင်တွေ့ရတဲ့နိုင်ငံအဖြစ် ကမ္ဘာကတောင် အသိအမှတ်ပြုနေရပါတယ်။ ၎င်းကတစ်ဆင့် အကျင့်ပျက်ခြစားမှုများမြင့်တက်လာအောင် လုပ်ဆောင် ပေးပြီး တရားဥပဒေစိုးမိုးရေးမရှိအောင် အားပေးကူညီပါတယ်။ မြန်မာနိုင်ငံရဲ့တရားဥပဒေစိုးမိုးရေး ကို ပြတ်ပြတ်သားသားစိန်ခေါ်မှု တစ်ရပ်ဖြစ်လာပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ ပဋိပက္ခများကို ပိုဆိုးလာအောင် မီးမောင်းထိုးပေးလျက်ရှိပါတယ်။ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကလည်း မရှိတော့ပါဘူး။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံဟာ ၁၀ နှစ်မှုများစွာအတွင်း ယခင်အာဏာရှင်များက တိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အဂတိလိုက်စားပြီးတော့ ဘိန်းစိုက်ပျိုးခွင့်ပြုမှု ကြောင့် ဘိန်းစိုက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းအတွက် အဆပေါင်း၊ ထောင်ပေါင်းများစွာ တိုးလာပါတယ်။ လူနည်းစုတိုင်းရင်းသားများကို အခွင့်အရေးနှင့် သွေးခွဲ၊ သွေးကွဲဖြစ်လာရတဲ့ နောက်ဆက်တွဲပြဿနာလေးတွေကလည်း ရှိလာပါတယ်။ အဲဒါတွေ တွေ့ရပြီး တစ်ရွာတစ်ပုဒ်ဆန်း တရားဥပဒေဘောင်ကျော်လွန်ပြီး အုပ်စုဖွဲ့ပြီးတော့ ကြိုက်သလိုလူသတ်ခြင်းဖြင့် တရားစီရင်နေတာ ယခုထိပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီမူးယစ်ဆေးဝါးပြဿနာကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်လုပ်ဆောင်မယ်လို့ ပြောခဲ့ပါတယ်။ အစိုးရတစ်ရပ်ရဲ့ မှားယွင်းတဲ့ မူဝါဒကြောင့် ဘဝများစွာထိခိုက်ပျက်စီးစေခြင်းက ဘိန်းစိုက်ပျိုးခြင်းမှတစ်ဆင့် မူးယစ်ဆေးဝါးကြောင့် ကြွေလင့်ပျက်စီးတာထက် အရေးကြီးတဲ့အတွက် ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထိုင်ပါ။ ထပ်ပြောဖို့မလိုဘူး။ အငြင်းပွားဖို့မလိုဘူး။ ဒီကိစ္စတွေအကုန်လုံးဟာ ကိုယ်စားလှယ်တွေက ဒီထဲမှာဆွေးနွေးတယ်ဆိုလို့ရှိရင် ကျွန်တော့်အနေနဲ့ မေးခွန်းဖြေပြီးတဲ့အထိ ကျွန်တော် စောင့်နားထောင်မှာဖြစ်ပါတယ်။ နောက်တစ်ခုကလည်း အပွင့်လင်းဆုံးပြောပါမယ်။ အခုနက ဒေါ်ခင်စည်သူ ဒီလိုသုံးနှုန်းလိုက်တယ်။ ပြောလိုက်တယ်ဆိုတာကိုလည်း ကျွန်တော်

လုံးကောက် ပြန်ကြည့်ပါမယ်။ ကျွန်တော့်အနေနဲ့ကတော့ ပွင့်ပွင့်လင်းလင်းပြောရင် စကားသံတွေလုံးနေလို့ ဒါကို ကျွန်တော်သဲသဲကွဲကွဲမကြားလိုက်ပါဘူး။ အဲဒီတော့ လွှတ်တော်မှာဆွေးနွေးမယ်ဆိုရင် ကျွန်တော်အမြဲ ပြောတယ်။ နည်းဥပဒေအရ အဖွဲ့အစည်းတစ်ခုခု၊ ပုဂ္ဂိုလ်တစ်ဦးဦး၊ ဝေဖန်ပုတ်ခတ်တာ။ နောက်တစ်ခုက မဖွယ်မရာအသုံးအနှုန်းတွေ၊ မသင့်လျော်တဲ့ စကားလုံးတွေ ဒါနည်းဥပဒေမှာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာနဲ့ပတ်သက်လို့ကတော့ ကျွန်တော်လုံးကောက်ပြန်ကြည့်မယ်။ လိုအပ်လို့ရှိရင် လွှတ်တော်ဥက္ကဋ္ဌရဲ့ လုပ်ပိုင်ခွင့်ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင် ဆုံးဖြတ်မှာဖြစ်ပါတယ်။ ကျွန်တော်ဆုံးဖြတ်ပြီးရင်လည်း ကျွန်တော့်ရဲ့ဆုံးဖြတ်ချက်သည် အပြီးအပြတ်ပဲဖြစ်ပါတယ်။ ဒါကိုယ်စားလှယ်အားလုံးကို အသိပေးအပ်ပါတယ်။ ညွှန်/ချုပ်အနေနဲ့ လုံးကောက်ထုတ်ပေးပါ။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီးတော့ ယင်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့မှာ အဖွဲ့ဝင် ၁၆ ဦးနှင့် ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် ထုတ်လုပ်မှုပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေးဟူသော လုပ်ငန်းစဉ်နှစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေးအတွက် တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့၊ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့၊ သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့နှင့် ထိန်းချုပ်ဓာတုဗေဒပစ္စည်းများကြီးကြပ်ရေးအဖွဲ့တို့ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအတွက် ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့ ကျောင်းသားလူငယ်များကို အသိပညာ

ပေးရေးအဖွဲ့၊ ပြည်သူများကို ပညာပေးလှုံ့ဆော်ရေးအဖွဲ့နှင့် နိုင်ငံတကာဆက်ဆံရေးအဖွဲ့တို့ကိုလည်း ဖွဲ့စည်းဆောင်ရွက်ထားရှိကြောင်း တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ၁၅ နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်-၂၀၀၀ ကနေပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်စီ သုံးပိုင်းခွဲခြားဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါစီမံကိန်းတွေကို ဘိန်းအဓိကစိုက်ပျိုးတဲ့ဒေသတွေဖြစ်တဲ့ ရှမ်းပြည်နယ်မှာ ၄၃ မြို့နယ်၊ ကချင်ပြည်နယ် လေးမြို့နယ်၊ ကယားပြည်နယ်မှာ နှစ်မြို့နယ်၊ ချင်းပြည်နယ်မှာ နှစ်မြို့နယ် စုစုပေါင်း ၅၁ မြို့နယ်မှာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ဘိန်းစိုက်ပျိုးမှုပြန်လည်မြင့်တက်လာခြင်း၊ စိတ်ကြွဆေးပြားသုံးစွဲမှုပြဿနာများမှာ လူငယ်ထုအတွင်း ပိုမိုပျံ့နှံ့လာခြင်းနှင့် တခြားစိတ်ကြွဆေးပြားများ ပေါ်ထွက်လာမှုအခြေအနေများကို ထိန်းချုပ်နိုင်ဖို့ စီမံကိန်းကာလကို ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်သက်တမ်းထပ်မံတိုးမြှင့်ပြီးတော့ လုပ်ငန်းစဉ်ငါးရပ်ကိုချမှတ်ပြီး ရှမ်းပြည်နယ်မှာ မြို့နယ် ၄၀၊ ကချင်ပြည်နယ်မှာ ခြောက်မြို့နယ်၊ ကယားပြည်နယ်မှာ သုံးမြို့နယ်နှင့် ချင်းပြည်နယ်မှာ နှစ်မြို့နယ် စုစုပေါင်း မြို့နယ် ၅၁ မြို့နယ်မှာလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများရဲ့ ဘိန်းစိုက်ပျိုးမှုလုံးဝချုပ်ငြိမ်းရေးဟူသော မဟာဗျူဟာနှစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းမဟာဗျူဟာနှစ်ရပ်အကောင်အထည်ဖော်နိုင်ရေးအတွက် အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့၊ သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့နှင့် မွေးမြူရေးအဖွဲ့တို့ကို ဖွဲ့စည်းပြီး ဘိန်းစိုက်ပျိုးတောင်သူများအပါအဝင် ဘိန်းစိုက်ဒေသမှာရှိတဲ့ တိုင်းရင်းသားတို့ရဲ့ လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိရေးဆွဲလျက်ရှိတဲ့ မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒအသစ်မှာလည်း ဘိန်းစိုက်ပျိုးတဲ့ဒေသများအတွက် လိုအပ်သော လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒနှင့် နယ်ပယ်တွေကိုလည်း ထည့်သွင်းသတ်မှတ် ရေးဆွဲလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့အနေနဲ့ ဘိန်းအများဆုံးစိုက်ပျိုးတဲ့ဒေသတွေမှာ လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ရေရရှိရေး၊ မွေးမြူရေး၊ စွမ်းအင်၊ ပြည်သူ့ဆက်ဆံရေး၊ ဘာသာရေး စတဲ့လုပ်ငန်းတွေကို ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဆောင်ရွက်ခဲ့တဲ့အခါမှာ ငွေကျပ်သန်းပေါင်း ၇၅၆၄၁.၈ သန်းကျော် သုံးစွဲဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ သီးနှံများ

အစားထိုးစိုက်ပျိုးရေးအဖွဲ့အနေနဲ့ ဝန်ထမ်းများခန့်ထားခြင်း၊ စိုက်ပျိုးပညာပေးစခန်းများ ဖွင့်လှစ်ခြင်း၊ နှစ်ချင်းသီးနှံမျိုးစေ့ဖြန့်ဖြူးခြင်း၊ နှစ်ရှည်ပျိုးပင်များ ဖြန့်ဖြူးခြင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး ဖြန့်ဖြူးခြင်း၊ သီးနှံစိုက်ကွက်များ ဆောင်ရွက်ခြင်း၊ သီးနှံစမ်းသပ်စိုက်ကွက်များဆောင်ရွက်ပေးခြင်း၊ ပညာပေးသင်တန်းများဖွင့်လှစ်ခြင်း၊ သီးနှံများတိုးချဲ့စိုက်ပျိုးခြင်း စတဲ့လုပ်ငန်းတွေကို ၂၀၁၄-၂၀၁၆ ခုနှစ်အတွင်းမှာတော့ ရန်ပုံငွေစုစုပေါင်း သန်းပေါင်း ၅၈၈၃.၄၉၈ သန်းအထိ ကျခံသုံးစွဲခဲ့ပြီး ဘိန်းစိုက်တောင်သူများရဲ့ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ မွေးမြူရေးအဖွဲ့အနေနဲ့ကတော့ ဘိန်းစိုက်တောင်သူများကို အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ဖို့ ဒေသကြက်ထောက်ပံ့ခြင်း၊ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့အတွက် တိရစ္ဆာန်ကုသဆေးများ ထောက်ပံ့ခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ငန်းအထောက်အကူပြုပညာပေး ဟောပြောပွဲများကျင်းပခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်း၊ ပျားဖြင့် ဝတ်မှုန်ကူးခြင်းလုပ်ငန်းများ၊ ပညာပေးသင်တန်းများ ပို့ချဆောင်ရွက်ခြင်းနှင့် နည်းပညာဆိုင်ရာပံ့ပိုးမှုများကိုလည်း လုပ်ဆောင်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂနှင့် မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးတို့ပူးပေါင်းပြီး ဘိန်းအစားထိုးစီမံကိန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အစားအစာဖူလုံရေးစီမံကိန်းကို ဟိုပုန်းမြို့နယ်မှာရှိတဲ့ ကုန်းကျိုင်း၊ လုံဟေး၊ ကျောက်တန်း၊ နမ့်ခုတ်၊ စန်ဖူး၊ ပေါင်းလင်းကျေးရွာအုပ်စု ခြောက်ခုမှာ EU ရဲ့ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂.၆ သန်းကျော်ဖြင့်လည်းကောင်း၊ အစားအစားဖူလုံရေးစီမံကိန်းကို ဟိုပုန်းမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စုလေးခုမှာ EU ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂.၃၂၅ သန်းနှင့်လည်းကောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးကို လွိုင်လင်မြို့နယ်ရှိတဲ့ ကျေးရွာအုပ်စုလေးစုမှာ ဂျာမဏီနိုင်ငံရဲ့ထောက်ပံ့ငွေ ယူရို ၁.၅၇ သန်းဖြင့်လည်းကောင်း၊ ဆင်းရဲသောတောင်သူများ အတွက် ထောက်ပံ့ရေးစီမံကိန်းကို လွိုင်လင်မြို့နယ်မှာရှိတဲ့ ကျေးရွာအုပ်စုကိုးခုမှာ EU ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁.၃ သန်းကျော်ဖြင့်လည်းကောင်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်နှင့် ဟိုပုန်းမြို့နယ်မှာရှိတဲ့ စီမံကိန်းကျေးရွာ ၆၀ ရွာမှာ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အစားထိုးဖွံ့ဖြိုးရေးနှင့် အများပိုင်သစ်တောများ တည်ထောင်ရေးစီမံကိန်းတွေကို ဂျာမနီနိုင်ငံနှင့် ဖင်လန်နိုင်ငံတို့ရဲ့ ထောက်ပံ့ငွေအမေရိကန်ဒေါ်လာ ၅.၉ သန်းနှင့်

နှစ်အလိုက် ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ် ဇူလိုင်လအထိ စိုက်ပျိုးမြေဧရိယာ ၂၇၄၆ ဧကကိုပြုပြင်ထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးမြေဧရိယာ ၁၉၂၆.၆ ဧကကို ဖော်ထုတ်နိုင်ခဲ့ပြီး ကော်ဖီစိုက်ပျိုးသူမှ သမဝါယမအသင်းကို လည်း တည်ထောင်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး ၂၀၁၈ ခုနှစ်မှာ ဖော်ထုတ်ပြီး စိုက်ပျိုးမြေဧရိယာ တွေကိုပြုပြင်ထိန်းသိမ်းရေးနှင့် ကော်ဖီစိုက်ပျိုးသူမှ သမဝါယမအသင်းကို ပိုမိုအားကောင်းလာစေ ရေးတို့ကိုလည်း ဆောင်ရွက်ရန် စီမံထားရှိပါတယ်။ ဒါ့အပြင် အဆိုပါဒေသမှာထွက်ရှိတဲ့ ကော်ဖီတွေ ကို စျေးကွက်ရရှိစေရေးဆောင်ရွက်ခဲ့တဲ့အခါမှာ ကော်ဖီတန် ၆၀၀ ကို ဥရောပနိုင်ငံများသို့ တင်ပို့နိုင် ရေးအတွက်လည်း စျေးကွက်ရရှိထားပြီးဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်နှင့် မိုင်းဆတ်မြို့နယ်တွေမှာလည်း ထိုင်းနိုင်ငံရဲ့ ကူညီ ထောက်ပံ့မှု ဘတ်ငွေ သန်းပေါင်း ၃၅၀ နှင့် မယ်ဖားလုံဖောင်ဒေးရှင်းမှ ဘိန်းအစားထိုးသီးနှံစိုက်ပျိုး ရေးစီမံကိန်းကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ကျန်းမာရေးထောက်ပံ့မှုလုပ်ငန်း၊ စိုက်ပျိုး ရေးဖွံ့ဖြိုးမှုလုပ်ငန်း၊ မွေးမြူရေးနှင့် ကုသရေးလုပ်ငန်း၊ စီးပွားဖြစ်သစ်တောနှင့် အသုံးချသစ်တော လုပ်ငန်း၊ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်း စတဲ့လုပ်ငန်းတွေကိုလည်း ဒေသခံလူထုရဲ့ လူနေမှုဘဝမြင့်မားလာစေရေးအတွက် ရည်ရွယ်ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မူးယစ်ဆေးဝါး နှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အောက်မှာရှိတဲ့ အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့အနေနဲ့ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်၊ နောင်တရားမြို့နယ်အတွင်းမှာ ရှိတဲ့ကျေးရွာအုပ်စုတွေမှာ အစားထိုးဖွံ့ဖြိုးမှု ရှေ့ပြေးစီမံကိန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိ ပါတယ်။ အဆိုပါစီမံကိန်းတွေမှာ ဒေသခံပြည်သူတို့ရဲ့ လူနေမှုဘဝမြင့်မားရေးအတွက် လမ်း၊ တံတား၊ ရေရရှိရေး၊ မီးရရှိရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းနှင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်း များကိုလည်း ထည့်သွင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးများအန္တရာယ်တားဆီးရေးဗဟိုအဖွဲ့အနေနဲ့ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးတို့ ပူးပေါင်းပြီး နှစ်စဉ် ဘိန်းခင်းတိုင်းတာရေးလုပ်ငန်း များ ဆောင်ရွက်ခဲ့တဲ့အခါမှာ ၂၀၀၁ ခုနှစ်မှာစတင်ပြီး တိုင်းတာမှုအရ ဘိန်းစိုက်ဧရိယာ ၂၀၀၁ ခုနှစ်မှာ ၁၀၅၀၀၀ ဟတ်တာဧကရှိရာမှာ ၂၀၁၅ ခုနှစ်တိုင်းတာချက်အရတော့ ဘိန်းစိုက်ဧရိယာ ၅၅၅၀၀ အထိ ကျဆင်းခဲ့ကြောင်းလည်း တွေ့ရှိရပါတယ်။ ထိုနှစ်များအတွင်း ဘိန်းစိုက်ပျိုးမှုမြင့်တက်

လာမှုမရှိစေရေးတို့ကိုလည်း ထိန်းချုပ်ထားနိုင်သော်လည်းပဲ ရေရှည်ဆက်လက်လျှော့ချနိုင်ရေးမှာ နိုင်ငံတော်ရဲ့အမျိုးသား ဖွံ့ဖြိုးရေးအစီအစဉ်အောက်မှာထည့်သွင်းပြီး လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်များအတွင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သို့ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိရေးဆွဲလျက်ရှိတဲ့ မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝဒါအသစ်မှာလည်း ဘိန်းစိုက်ပျိုးတဲ့ဒေသတွေအတွက် လိုအပ်တဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒနှင့် နယ်ပယ်တွေကို သတ်မှတ်ရေးဆွဲလျက်ရှိပါကြောင်း ဘိန်းစိုက်တောင်သူများရဲ့ လူမှုဘဝမြင့်မားလာစေရေးအတွက် ဘိန်းစိုက်ပျိုးခြင်းမှ ရရှိသည့်ဝင်ငွေကို မှီခိုရတဲ့ဘဝမှလွတ်မြောက်ပြီး အခြားဝင်ငွေရလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် မူးယစ်ဆေးဝါးသားကောင်ဘဝမှ လွတ်မြောက်ရေးတို့ကို မူဝါဒများ ချမှတ်ပြီး အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာဒေါ်ခင်စည်သူ(လွိုင်ကော်မဲဆန္ဒနယ်)**။ ။ ကျွန်မ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးပါရစေရှင့်။ အခုနတုန်းက ဝန်ကြီး ဖြေကြားသွားတဲ့အတွက် အဲဒီမှာ ပါတဲ့အချက်အလက်တွေက ကျွန်မတို့မသိတာလည်းပါလို့ လုပ်ပြီးတာတွေလည်း တချို့ သိရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အဲဒီမှာ ကျွန်မတို့ဒေသမှာ အခက်အခဲတစ်ခုပြောပြရမယ်ဆိုလို့ရှိရင် သီးနှံပင်တွေ အစားထိုးပေးတာတွေရှိပါတယ်။ ဒါ မေလတုန်းက ကျွန်မတို့ ကယားပြည်နယ်၊ လွိုင်ကော်မြို့မှာပေးပါတယ်။ ပေးတဲ့အချိန်မှာ ဖျက်ဆီးတဲ့အချိန်နဲ့ ပေးတဲ့အချိန်ကို ဒီ ဘိန်းစိုက်တောင်သူတွေမှာ အခက်အခဲရှိပါတယ်။ အဲဒီအစားထိုးသီးနှံကလည်း ဥပမာ အခုနကပြောတဲ့အတိုင်းပဲ ကော်ဖီပင်တွေပါပါတယ်။ အဲဒါအချိန်တစ်ခုယူပြီးမှ စီးပွားဖြစ်လာမှ ရောင်းချလို့ရမှာဖြစ်ပါတယ်။ အဲဒီလို ဘိန်းခင်းဖျက်တဲ့အချိန်မှာလည်း တကယ်မှည့်ပြီးတော့မှ၊ တကယ့်စီးပွားဖြစ်ရတော့မယ့်အချိန်မှ ဖျက်တဲ့အတွက် ဒီသီးနှံပေးတဲ့အချိန်နဲ့က ပြန်ပြီးမြေတွေပျိုးရမယ်၊ ပြင်ရမယ်၊ စိုက်ပျိုးတဲ့အချိန်ကလည်း ရာသီကုန်သွားတဲ့အတွက် ဒီလာမယ့်လက်ရှိပြဿနာကို သူတို့မှာ အခက်အခဲရှိပါတယ်။ အဲဒီတော့ အဲဒီရေရှည်ပင်တွေအပြင် ဒီဖျက်ဆီးပြီးရင် သူတို့ရေတိုမှာ သူတို့စားဖို့အတွက်ကို အစီအစဉ်တွေအနေနဲ့ တိုင်ပင်ကျကျလေးကိုတော့ ဖြစ်စေချင်တယ်ဆိုတာကို သူတို့က မေးဖို့ ကျွန်မကိုပြောထားပါတယ်။ အဲဒါကြောင့် ကျွန်မ အဲဒါမေးရခြင်းဖြစ်ပါတယ်။ ဘယ်လိုအစီအစဉ်များရှိပါသလဲပေါ့။ သူတို့မှာ တိုင်ပင်မကိုက်ဘူး ဖျက်သွားတဲ့အတွက် စိုက်ဖို့လည်း အချိန်မရဘူးဆိုတော့ ဒီလက်ရှိ ရေတိုမှာ သူတို့ဝမ်းစာအတွက် သူတို့ရဲ့

လူမှုရေးပြဿနာအတွက် ဘယ်လိုဖြေရှင်းဖို့ အစီအစဉ်တွေရှိပါသလဲဆိုတာလည်း မေးချင်ပါတယ်။ နောက်ပြီးတော့မှ ကျွန်မတို့ ဥပဒေတွေ၊ နောက်စီမံချက်တွေ လုပ်တဲ့အခါမှာ ကျွန်မတို့ ညွှန်းကိန်းကိုရော၊ အောင်မြင်မှုကိုရော ကျွန်မ မေးထားပါတယ်။ အဲဒီမှာ မပါလာသေးပါဘူးရှင့်။ ဘယ်လောက်အဆင့်ရောက်ပြီလဲဆိုတာ။ တချို့ကြားရတဲ့အရဆိုရင် ညွှန်းကိန်းကိုတော့ ကျွန်မတို့ ဖြစ်စေ ချင်တာက ဖမ်းဆီးမှုဘယ်လောက်၊ ဖျက်သိမ်းတာဘယ်လောက်ဧက၊ ဘယ်လောက်ဟတ်တာ။ အဲဒါတွေအပေါ်မှာ အောင်မြင်မှုညွှန်းကိန်းကို ဖမ်းဆီးတဲ့ဟာရယ်၊ ဖျက်တာရယ်၊ အဲဒီအပေါ်မှာ ညွှန်းကိန်းကိုမယူဘဲနဲ့ လူမှုရဲ့အခြေခံ ဘိန်းစိုက်တောင်သူရဲ့အခြေခံဖြစ်တဲ့ လူမှုရေးပြဿနာရဲ့ အောင်မြင်မှုအပေါ်မှာ အခြေခံယူပေးတာတွေရှိပါသလားပေါ့နော်။ မရှိလည်း ထည့်သွင်းပြီးတော့ ဒီညွှန်းကိန်းကို အဲဒီအခြေခံပြုပြီးတော့ လုပ်ပေးပါလို့ ကျွန်မ မေတ္တာရပ်ခံချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနအနေနဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်တဲ့ မေးခွန်းပဲ ဖြေပါ။ တစ်ဆက်တစ်စပ်တည်းမဖြစ်တဲ့ မေးခွန်း၊ ဆွေးနွေးချက်တွေကိုတော့ ဖြေဖို့မလိုပါဘူး။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်းမှာ အဓိကကျတဲ့ မေးခွန်းရဲ့ တတိယအချက်မှာပါတဲ့ ဘယ်လောက်အထိ ထိရောက်ပြီလဲ ဟာအပေါ်မှာ ကျွန်တော့်ရဲ့ဖြေကြားချက်ထဲမှာတော့ ကျွန်တော် အချိန်ကလည်း သတ်မှတ်ထက်အချိန်ထက်လည်း ကျော်လို့ ကျွန်တော် ဖြေလိုက်တဲ့အခါမှာ အဓိကအားဖြင့်ကတော့ စိုက်ပျိုးဧကတွေ ၂၀၀၁ ခုနှစ်မှာ ဘိန်းစိုက်ဧက ၁၀၅၀၀၀ ဟတ်တာရှိခဲ့ရာကနေ ၂၀၁၅ ခုနှစ်တိုင်းတာချက်အရ ၅၅၅၀၀ ရှိပါတယ်။ ဒီစိုက်ပျိုးဧကကျဆင်းသွားတယ်ဆိုတာ ဘိန်းစိုက်တောင်သူတွေရဲ့ စိုက်ပျိုးလုပ်ကိုင်မှုတွေ လျော့ကျသွားတဲ့ညွှန်းကိန်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စိုက်ပျိုးတဲ့သူတွေနည်းတဲ့အတွက် စိုက်ပျိုးဧကနည်းသွားတယ်လို့ ပြောလို့ရပါတယ်။ စိုက်ပျိုးဧကနည်းသွားခြင်းဟာ တခြား Automotive Development Program ရဲ့ ထိရောက်မှုညွှန်းကိန်းကြောင့်လည်း ဘိန်းစိုက်ပျိုးမှုဧကတွေ လျော့နည်းသွားတယ်လို့ ကျွန်တော်တို့ ညွှန်းကိန်းကို တွက်ဆလို့ ရမှာဖြစ်ပါတယ်။ ပြီးရင်လည်း ပထမအပိုင်းမှာဆွေးနွေးသွားတဲ့ ဒီ ပေးခဲ့တဲ့ သီးနှံတွေရဲ့ အစားထိုးစိုက်ပျိုးမှုကာလနှင့်ပတ်သက်တဲ့ ဆွေးနွေးချက်ကိုတော့ ကျွန်တော့်အနေနဲ့လည်း မှတ်သားထားရှိပါတယ်။ ကျွန်တော်တို့မှာ စီမံခန့်ခွဲမှုကော်မတီရှိပါတယ်။ ဒါ့အပြင် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဒုတိယဝန်ကြီးဦးဆောင်တဲ့ သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့ဆိုတာလည်း ရှိပါတယ်။ ကျွန်တော်တို့

ဗဟိုကော်မတီအနေနဲ့ ဒီသက်ဆိုင်ရာအဖွဲ့တွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ထိရောက်တဲ့ မျိုးဖြန့်ဝေခြင်းလုပ်ငန်းတွေကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ ပြန်လည်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**နိုင်ငံ့အနှံ့ကျေးရွာများတွင် တရားမဝင်ရော တရားဝင်ပါချက်နေကြသော ချက်အရက်များကို ထိန်းချုပ်ရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်လင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ကောလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံ့အနှံ့ကျေးရွာများတွင် တရားမဝင်ရော တရာဝင်ပါချက်နေကြသော ချက်အရက်များကို ထိန်းချုပ်ရန်အစီအစဉ် ရှိ/မရှိနှင့်ပတ်သက်ပြီးတော့မှ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းမေးရတဲ့ အကြောင်းအရင်းလေးကို ပထမဦးဆုံးတင်ပြလိုပါတယ်။ ကျွန်တော့်အနေနဲ့ ကောလင်းမဲဆန္ဒနယ်ထဲက လျှော်ဖြူကုန်း၊ ချက်ကုန်းကျေးရွာတွေကို သွားတဲ့အခါမှာ ရွာတွေကို ကျွန်တော်မရောက်သေးပါဘူး။ ရွာအဝင်လမ်းကိုပဲ ရောက်ပါသေးတယ်။ ရောက်တဲ့အချိန်မှာ ရွာထဲကနေမှ အမျိုးသမီးလူ ၃၀ လောက်ထွက်လာပါတယ်။ ထွက်လာပြီး ကျွန်တော်နဲ့ စီးပြီးတော့ တွေ့ပါတယ်။ တွေ့တဲ့အခါကျတော့ ဘယ်သူလဲ။ လွှတ်တော်ကိုယ်စားလှယ်ကြီးကဆိုတော့ ကျွန်တော်ကျွန်တော်ဆိုတဲ့အခါကျတော့ ဦးမျိုးဇော်အောင် ကျွန်မတို့က ဦးမျိုးဇော်အောင်နဲ့တွေ့ချင်လို့ပါဆိုတဲ့အခါကျတော့ မဟုတ်ဘူး ကျွန်တော်ရွာလာမှာပါလို့ ကျွန်တော်ပြောပါတယ်။ အဲဒီတော့ ရွာကျမှပြောပါ။ တင်ပြပေးပါ။ ကျွန်တော်လုပ်ချင်းစရာရှိတာတွေ ကျွန်တော်ကူညီပေးပါမယ်။ ကျွန်တော်ကူညီတက်နိုင်တာတွေဆိုတော့ မဟုတ်ပါဘူး။ ရွာထဲရောက်တော့ ကျွန်မတို့က မပြောရဲပါဘူး။ ဘာဖြစ်လို့တုန်း ကျွန်မတို့ယောကျ်ားတွေကို ကြောက်လို့ပါတဲ့။ ဆိုတဲ့အခါကျတော့ အဲ့ဒါဆိုလို့ရှိရင် ဘာဖြစ်လို့တုန်း၊ ဘာကြောင့်မို့လို့တုန်းလဲလို့ ကျွန်တော်ကမေးမြန်းတဲ့အခါမှာ မဟုတ်ပါဘူး။ ကျွန်မတို့ ကျေးရွာမှာ အရက်ဖိုတွေရှိတဲ့အခါကျတော့ ဒီအရက်ဖိုတွေကို ကျွန်မတို့က ရွာထဲမှာမထားလို့မရဘူးလား၊ ပိတ်လို့မရဘူးလားလို့ မေးပါတယ်။ မေးတဲ့အခါကျတော့ ဒီဥစ္စာတွေက တရားဝင်ချက်နေတာလား။ တရားမဝင်ချက်နေတာလားလို့ ကျွန်တော်အမျိုးသမီးတွေကို ပြန်မေးတဲ့အခါမှာ ဒါတရားဝင်ချက်နေတာပါလို့ ပြန်ပြော

ပါတယ်။ ဆိုတဲ့အခါကျတော့ ကျွန်တော်ဒါဆိုလို့ရှိရင် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးဆီ ကျွန်တော် မေးကြည့်ပါ့မယ်ဆိုပြီးတော့မှ ဖြေရှင်းခဲ့ပါတယ်။ ဘာဖြစ်လို့ ရွာထဲမှာမပြောနိုင်တာလဲလို့ မေးတဲ့အခါ ကျတော့ ရွာထဲမှာပြောလို့ရှိရင် ကျွန်မတို့ယောကျ်ားတွေက ကျွန်မတို့ကို ရိုက်ပါလိမ့်မယ်။ ယောကျ်ား တွေက ဒီအရက်ဖိုတွေကို မပိတ်စေချင်ပါဘူးဆိုပြီးတော့မှ သူတို့က ကျွန်တော့်ကို ဒီလိုပြောပါတယ်။

အဲဒီတော့ နောက်တစ်ရွာကျတော့ ဘာလဲဆိုတာ့ ဖလဲဆိုတဲ့ ကျေးရွာမှာ အဲဒီရွာမှာကကျတော့ ကျွန်တော်တို့ တရားမဝင်ချက်တဲ့ အရက်ဖိုတစ်ဖိုရှိပါတယ်။ အဲဒီတော့ ကျေးရွာပြည်သူလူထုက အမျိုး သမီးတွေပဲ ကျွန်တော့်ဆီကို ဝိုင်းပြီးတော့မှ တင်ပြကြပါတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူး အုပ်စုဥက္ကဋ္ဌ ကလည်း ကျွန်တော့်ဆီကို တင်ပြလာတယ်။ တင်ပြတဲ့အခါမှာ ကျွန်တော်က ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ လုပ်ပိုင်ခွင့်ပဲ။ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးကို တင်ပြပြီးတော့မှ ရဲနဲ့ချိတ်ဆက်ပြီးတော့မှ ဆောင်ရွက် ဖို့လိုတယ်ဆိုပြီး ကျွန်တော်ကပြောတဲ့အခါမှာ ကျွန်တော်တင်ပြတယ်။ အဆင်မပြေဘူးဆိုပြီး ပြောပါ တယ်။ အဲဒီလိုပြောတဲ့အခါကျတော့ ဒါဆိုလို့ရှိရင် အမျိုးသမီးတွေက ကျွန်မတို့က ကျွန်မတို့နည်း၊ ကျွန်မတို့ဟန်နဲ့ ဖြေရှင်းမယ်ဆိုပြီးတော့မှ အဲဒီအရက်ဖိုကို တရားမဝင်အရက်ဖိုကို အမျိုးသမီးတွေ သွားဖမ်းပါတယ်။ သွားဖမ်းတဲ့အချိန်မှာ အမျိုးသမီးတွေဟာ ပြန်ပြီးတော့မှ နဘာန်းလုံးခံရပါတယ်။ အမျိုးသမီးအချင်းချင်း။ ဒါပေမဲ့ ဖမ်းပြီးတော့မှ ရဲစခန်းကိုပို့ပါတယ်။ ရဲစခန်းကိုပို့တဲ့အခါမှာ ရဲစခန်း ရောက်တဲ့အခါကျတော့လည်းပဲ ဒဏ်ရိုက်ပြီးတော့ ပြန်လွှတ်လိုက်တယ်ဆိုတော့ ကျွန်မတို့က အဆင် မပြေပါဘူးဆိုပြီးတော့မှ ကျွန်မတို့နောက်ကျတော့ ဘာတက်နိုင်သေးသလဲဆိုတဲ့ပုံစံနဲ့ ဆက်ဆံခံရတယ် ဆိုပြီးပြောပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းမေးရတဲ့ အကြောင်းအရင်းဖြစ်လာတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပြည်သူ့မူဝါဒတစ်ခုချမှတ်တဲ့အခါမှာ အရက်ကို ကျွန်တော်တို့က များများ သောက်စေချင်တယ်ဆိုလို့ရှိရင် အလွယ်တကူရအောင် ဖန်တီးပေးထားပြီးတော့မှ ဈေးပေါအောင် လုပ်ထားရပါတယ်။ နိုင်ငံတကာမှာကတော့ အရက်ကိုများများမသောက်စေချင်တဲ့အခါမှာ အရက်ကို ကျွန်တော်တို့က လက်လှမ်းမမီအောင်လုပ်ထားပြီးတော့မှ ဈေးကြီးအောင်လုပ်ထားရပါတယ်။ ဈေးကြီး အောင်လုပ်တဲ့အခါမှာလည်းပဲ အခွန်နှုန်းတွေ တိုးမြှင့်ပြီးတော့မှ ဆောင်ရွက်ရတာဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့မြန်မာနိုင်ငံမှာကတော့ ဒီချက်အရက်နှစ်မျိုးရှိတယ်ဆိုတာ တွေ့ရပါ တယ်။ Outstay System နဲ့ချက်တဲ့ Country အရက်ရယ်။ Distillery နည်းနဲ့ချက်တဲ့ အရက်ချက် စက်ရုံက ချက်တဲ့အရက်ရယ်ဆိုပြီးတော့ နှစ်မျိုးရှိတယ်။ နှစ်မျိုးမှာမှ ကျွန်တော်တို့က CS2 လို့ခေါ်တဲ့ ဒီ Country အရက်တွေချက်လုပ်ခွင့်ဟာ ကျွန်တော်တို့က တရာဝင်တွေပေးထားသလို၊ တရားမဝင်

တွေလည်း အရမ်းပေါများနေတယ်။ လိုင်စင်ကြေးလောက်သာရပြီးတော့မှ ဒီသောက်သုံးတဲ့နေရာမှာ အခွန်ငွေတွေလည်း ကျွန်တော်တို့က စီးစီးကြပ်ကြပ်မရှိတဲ့အတွက်ကြောင့်မို့လို့ ကျေးရွာတွေမှာ ဈေးပေါပေါနဲ့ ဒီအရက်တွေဟာ ပေါများနေတာတွေ့ရပါတယ်။ ဒီ Distillery နည်းနဲ့အရက်ချက်တဲ့ စက်ရုံတွေက ထွက်လာတဲ့အရက်တွေကကြတော့လည်း အဓိကကတော့ လိုင်စင်ပေးတဲ့အချိန်မှာ သတ်မှတ်စည်းကမ်းတွေမတင်းကြပ်တာ၊ အားနည်းတာကို တွေ့ရပါတယ်။ ကျွန်တော်ပြန်ပြီးလေ့လာတဲ့ အချက်အရဆိုလို့ရှိရင် စက်ရုံတစ်ခုချင်းစီကို ကျွန်တော်တို့ မထောက်ပြလိုပါဘူး။ စက်ရုံတော်တော် များများ ကျွန်တော်တို့ဆီမှာ အချက်အလက်လည်း အထိုက်အလျောက်လည်းရှိပါတယ်။ အဓိကက ဘာလဲဆိုတော့ စက်မှုဂရန်မရှိဘဲနဲ့ သတ်မှတ်အချက်အလက်တွေ မပြည့်စုံဘဲနဲ့ ကျွန်တော်တို့ လုပ်ငန်း လိုင်စင်လုပ်တာမျိုးတွေ တွေ့ရပါတယ်။ အဲဒီတော့အားလုံးရဲ့အနှစ်ချုပ်က ဘာဖြစ်သွားသလဲဆိုတဲ့ အခါကျတော့ ဈေးပေါပါတယ်။ အရက်တွေဟာ အရည်အသွေးမမှန်ဘဲနဲ့ ဈေးကွက်ထဲမှာ ကျယ်ကျယ် ပြန့်ပြန့်ရောက်နေတယ်။ ရောက်နေတဲ့အခါကျတော့ အဓိကပြဿနာတွေ တက်လာတာက လူမှုရေး ပြဿနာတွေတက်ပါတယ်။ ခိုက်ရန်ဖြစ်ပွားမှုတွေဖြစ်တယ်။ မိသားစုတွေထဲမှာ အကြမ်းဖက်မှုတွေ ဖြစ်တယ်။ စီးပွားရေးတွေကျပါတယ်။ နောက်တစ်ခုက ကျန်းမာရေးတွေအဖြစ်ဆိုးရွားပါတယ်။ အဲဒီတော့ လူတွေဟာ ဖောသွပ်ပြီးတော့မှ ဆိုးရွားနေပါတယ်။ နောက်တစ်ချက်ကတော့ ဘာလဲဆိုတော့ နိုင်ငံတော်က နစ်နာမှုအရမ်းကြီးပါတယ်။ ဘာဖြစ်လို့ကြီးမားတာလဲဆိုတော့ နိုင်ငံတော်က ဒီသတ်မှတ် တဲ့ အခွန်အခတွေ ဝင်မှုအားနည်းတယ်။ နောက်တစ်ချက်ကကျတော့ လူ့စွမ်းအားအရင်းအမြစ် ကျဆင်းပါတယ်။ လူတွေဟာ အရက်သောက်တဲ့နှုန်းက အရမ်းမြင့်လာတဲ့အတွက်ကြောင့်မို့လို့ အထူး သဖြင့်တော့ ကျေးရွာတွေမှာ တွေ့ရတာပါ။ ဒါကြောင့်မို့လို့ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ ကိုယ်စားလှယ်တွေရဲ့ လုပ်ပိုင်ခွင့်၊ တာဝန်၊ ရပိုင်ခွင့်အရ ဆွေးနွေးခွင့်လည်းပေးထားပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ အားလုံးနားလည်သဘောပေါက်ဖို့ပါ။ ဆွေးနွေးတာနဲ့ Story ပြောတာနဲ့ မတူဘူး။ ဆွေးနွေးစရာရှိတာကို ဆွေးနွေးလိုက်ပါ။ Story ပြောတာ လွှတ်တော်ထဲမှာ Story ပြောနေတာ မဟုတ် ဘူး။ အဲ့ဒါလေးကို ကျွန်တော်တို့အားလုံးက နည်းနည်းသတိပြုသင့်တယ်။ လွှတ်တော်က Story ပြောတဲ့ နေရာမဟုတ်ဘူး။ ဆွေးနွေးစရာရှိတာတော့ ဆွေးနွေးလိုက်။ ကိုယ်ဘာပြောချင်လဲ။ ဘာဆွေးနွေးချင်လဲ ဆွေးနွေးလိုက်။ ဒါလေးတွေကိုတော့ ဂရုစိုက်စေချင်တယ်။ နောက်တစ်ခါ အမှုမဲ့၊ အမှတ်မဲ့ စကားလုံး

အပြောအဆို၊ အသုံးအနှုန်းလေးတွေ ဒါလည်းကျွန်တော်မဖော်ပြတော့ပါဘူး။ ပြန်သတိပြုစေချင်တယ်။ ကိုကတော့ ရိုးရိုးသားသား၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေးလိုက်တာပဲ။ ဒါပေမဲ့ စကားလုံးအသုံးအနှုန်းလေးတွေက အဟပ်အစက်မတည့်တဲ့အခါကျတော့ တချို့ကိုယ်စားလှယ်တွေက သဘောပေါက်တယ်။ ပြုံးစိပြုံးစိတွေဖြစ်နေတယ်။။ ကျွန်တော်သိတယ်။ ဘာကိုပြောတယ်၊ ဘာကိုရည်ရွယ်တယ်ဆိုတာ ကျွန်တော်သိတယ်။ ကျွန်တော်တွေ့နေရတာပဲ။ အဲဒီတော့ ကိုယ်ကတော့ ရိုးရိုးသားသား၊ ပွင့်ပွင့်လင်းလင်း၊ အမှုမဲ့၊ အမှတ်မဲ့၊ ပညာရှိသတိဖြစ်ခဲ ပြောတယ်ဆိုပေမဲ့ အဓိပ္ပာယ်က တစ်မျိုးဖြစ်တယ်။ လွှတ်တော်ထဲမှာ တိုက်ရိုက်လွှင့်နေပါတယ်။ အဲ့ဒါလေးတွေ ဂရုစိုက်စေချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင် မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားသွားပါမယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ၊ ၁၉၂၈ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးနည်းဥပဒေများနှင့် ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ကို ပြင်ဆင်တဲ့ဥပဒေတို့ကို ကျင့်သုံးပြီး ယစ်မျိုးဆိုင်ရာစီမံခန့်ခွဲရေးလုပ်ငန်းများဖြစ်တဲ့ ယစ်မျိုးလိုင်စင်ခွင့်ပြုခြင်း၊ စည်းကမ်းပျက်လိုင်စင်များ ပိတ်သိမ်းခြင်း၊ ယစ်မျိုးခွန်ကောက်ခံခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ ယစ်မျိုးလိုင်စင်ရယူခြင်းမရှိဘဲ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ လိုင်စင်ခွင့်ပြုချက်ထက်ကျော်လွန်လုပ်ဆောင်ခြင်းများကို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲ့တပ်ဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီးတော့ ယစ်မျိုးမှုခင်းများစုံစမ်းထောက်လှမ်းခြင်း၊ ဖမ်းဆီးတရားစွဲဆိုခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ကလည်းကောင်း၊ ယစ်မျိုးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းလုပ်ငန်းများကို တရားရုံးအဆင့်ဆင့်ကလည်းကောင်း ယစ်မျိုးအက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

ယစ်မျိုးစီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရာမှာလည်း ယစ်မျိုးလိုင်စင်များ ချထားပေးရာမှာလည်းကောင်း ယစ်မျိုးမူဝါဒအဖြစ် အရက်သေစာသောက်စားခြင်း အလေ့အထပြန့်ပွားခြင်းကို

အားပေးခြင်းမရှိစေရန်၊ သေရည်သေရက် ဖြန့်ဖြူးရောင်းချရာမှာ တရားမဝင်ထုတ်လုပ်မှု၊ ရောင်းချမှု မရှိစေဘဲ အရက်များအပေါ်တွင် အခွန်ကြီးမြင့်နိုင်သမျှကြီးမြှင့်ကောက်ခံရန်၊ မူးယစ်စေတတ်သော သေရည်သေရက်ကို ရောင်းချခြင်းမှ အခွန်ငွေရရှိစေရန်အလို့ငှာမဟုတ်ဘဲ ၎င်းကိုသောက်သုံးခြင်း အလေ့အထခေါင်းပါးစေရန်အတွက် ရည်ရွယ်ပြဋ္ဌာန်းထားရှိကြောင်း တွေ့ရှိရပါတယ်။

ယစ်မျိုးမူဝါဒအပေါ် အခြေခံပြီး ယစ်မျိုးဆိုင်ရာအခြေခံမူများမှာ ပေါင်းဖိုဖြင့်အရက်ချက် လုပ်ခြင်းကို ဖြစ်နိုင်သမျှဖျက်သိမ်းရန်၊ ဗဟိုအရက်ချက်စက်ရုံ တည်ထောင်ခြင်းလုပ်ငန်းကို တဖြည်း ဖြည်းအားပေးသွားရန်၊ ပြည်တွင်းဖိုထွက်ချက်အရက်အပေါ်တွင် အခွန်ကြီးမြင့်နိုင်သမျှ ကြီးမြှင့် ကောက်ခံရန်၊ သို့ရာတွင် ပြည်ပမှတင်သွင်းသော အရက်များထက် အခွန်နှုန်းမများစေရန်၊ ခွင့်ပြု အရက်ဆိုင်အရေအတွက်ကို ကန့်သတ်ထားရန် သတ်မှတ်ထားရှိပြီး ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ယစ်မျိုးအစီအစဉ်များ ခွင့်ပြုပေးရာမှာလည်း ယစ်မျိုးမူဝါဒနှင့်အညီ တစ်နှစ်ထက်တစ်နှစ် လျှော့ချခွင့်ပြုလျက်ရှိရာမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် မှာ လိုင်စင်အရေအတွက် တစ်နိုင်ငံလုံးမှာ ၄၁၂၉၃ ခု ခွင့်ပြုခဲ့ရာကနေ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ လိုင်စင်အရေအတွက် ၄၁၁၄၀ ခုသာ လျှော့ချခွင့်ပြုပေးခဲ့ပါတယ်။

အရက်ဖိုပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်နဲ့ ဖိုထွက်အရက်လိုင်စင်တွေကို ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ၄၀၆ ခု ထုတ်ပေးခဲ့ရာကနေ ၂၀၁၇-၂၀၁၈ ခုနှစ်မှာတော့ ၃၉၇ ခုသာ ခွင့်ပြုပေးခဲ့ပါတယ်။ နှစ်စဉ်ယစ်မျိုး အစီအစဉ်အရ ခွင့်ပြုထားတဲ့ အရက်၊ ဘီယာ၊ ဝိုင်ထုတ်လုပ်မှုများကိုလည်း အများပြည်သူသောက်သုံး ရန်သင့်/မသင့် ဓာတုဗေဒစစ်ဆေးမှုခံယူစေပြီးတော့ လိုင်စင်နှင့်အရက်ဖိုပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်နှင့် ဖိုထွက်အရက်လိုင်စင်မှ ထွက်ရှိတဲ့အရက်တွေကို ဓာတုဗေဒစစ်ဆေးရေးဌာနမှလည်းကောင်း၊ လိုင်စင် ထုတ်ပေးတဲ့ အရက်၊ ဘီယာ၊ ဝိုင်တွေကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှလည်း ကောင်း စစ်ဆေးမှု ခံယူစေလျက်ရှိပါတယ်။ ဓာတုဗေဒပစ္စည်းများပါဝင်နေပါက အဆိုပါလိုင်စင်မှ အရက်ထုတ်လုပ်မှု၊ ရောင်းချမှုကို ယာယီရပ်ဆိုင်းစေရန် နေပြည်တော်တိုင်း၊ နေပြည်တော်ကောင်စီ နယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ညွှန်ကြားထားရှိကြောင်း အသိပေးတင်ပြ အပ်ပါတယ်။ ယစ်မျိုးဆိုင်ရာစီမံခန့်ခွဲမှုများ ဆောင်ရွက်ရာမှာ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်များအပြည့်အဝ ရရှိစေရန်၊ လိုင်စင်မဲ့ဆောင်ရွက်နေမှုများကို ဥပဒေနှင့်အညီ စနစ်တကျ အရေး ယူဆောင်ရွက်ရန်၊ ယစ်မျိုးလိုင်စင်များ အခွန်တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ရေး Task Force တွေကို ဖွဲ့စည်းပြီး ယစ်မျိုးဆိုင်ရာလုပ်ငန်းများကို စိစစ်အရေးယူလျက်ရှိရာမှာ ၂၀၁၆ ခုနှစ်မှာ

၁၀၂၆၄ ကြိမ် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ၆၆၃၃ မှုဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိကို ၆၀၅၇ ကြိမ်ကွင်းဆင်းစစ်ဆေးခဲ့ပြီး ၃၂၃၅၀ ကြိမ် အရေးယူနိုင်ခဲ့ပါတယ်။ ဒါ့အပြင် သတင်းပေးပို့တိုင်ကြားချက်များ ရရှိပါကလည်း ဖမ်းဆီးစစ်ဆေးလျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ် ဇူလိုင်လအထိ တရားမဝင်အရက်ချက်ထုတ်လုပ်မှုများကို စိစစ်အရေးယူခဲ့တဲ့အခါမှာ ဖမ်းဆီးရမိမှု ၃၁ မှုရှိခဲ့ပြီး လိုင်စင်ရှိသော်လည်း လိုင်စင်စည်းကမ်းနှင့်မညီ ဖမ်းဆီးမှု နှစ်မှုစုစုပေါင်း ၃၃ မှုကိုလည်း အရေးယူဆောင်ရွက်ခဲ့ပါတယ်။ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေမှာပါရှိတဲ့ တရားမဝင်ယစ်မျိုးထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သယ်ယူခြင်းတို့နှင့်ပတ်သက်ပြီး ပြဋ္ဌာန်းထားတဲ့ ပြစ်ဒဏ်နှင့် ဒဏ်ငွေတွေကိုလည်း ထိရောက်ဟန့်တားနဲ့ ပြစ်ဒဏ်များဖြစ်စေဖို့အတွက် ခေတ်ကာလနှင့်လျော်ညီသော ဒဏ်ငွေချမှတ်နိုင်ရန် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆၆ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ပြစ်ဒဏ်နှင့်ဒဏ်ငွေများကိုလည်း တိုးမြှင့်သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

သို့ပါ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ အရက်ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများကို ထိန်းချုပ်နိုင်ဖို့အတွက် ယစ်မျိုးမူဝါဒနှင့်အညီ ယစ်မျိုးလိုင်စင်များကို တစ်နှစ်ထက်တစ်နှစ် လျှော့ချခွင့်ပြုလျက်ရှိပြီး တရားမဝင်အရက်ချက်လုပ်ငန်းများအပါအဝင် တရားမဝင်ယစ်မျိုးလုပ်ကိုင်မှုများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် Teak Force များဖြင့် စီစစ်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းခွင့်ပြုပါ။ ဝန်ကြီးဌာနအနေနဲ့ရော၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ရော ဒီဥစ္စာကို ကိုင်တွယ်နေတယ်ဆိုတာလည်း ကျွန်တော့်အနေနဲ့ တချို့သက်သေတွေ စာတမ်းတွေ ကျွန်တော်ဖတ်ခွင့်ရပါတယ်။ ဖတ်ခွင့်ရတော့ FDA ကျွန်တော်တို့ ဒါစစ်ရမယ်ဆိုတဲ့ ညွှန်ကြားချက်တွေ ဖတ်ရပါတယ်။ ပြီးတဲ့အခါကျတော့ ဒီလုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်နေတာတွေကိုလည်း ကျွန်တော် တွေ့ရပါတယ်။ တွေ့ရပေမဲ့ တကယ်စည်းကြပ်မှုမှာ အားနည်းနေတာကိုလည်းပဲ လုပ်ထုံးလုပ်နည်းမှာ အားနည်းနေတာကိုလည်း တွေ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဒီနေရာမှာ တစ်ဆက်တစ်စပ်တည်း မေခွန်း

မေးမြန်းချင်တာကတော့ ဒီအရက်ရောင်းချတဲ့ အခိကတော့ အထူးသဖြင့် ကျေးရွာတွေပါ။ ကျေးရွာတွေ၊ ရပ်ကွက်မှာကျတော့ ဒီအရက်ရောင်းချတဲ့အချိန်ကို အရက်ကိုထိန်းချုပ်တဲ့အချိန်မှာ အရက်ကို ကျွန်တော်တို့က ၂၄ နာရီမဟုတ်ဘဲနဲ့ အချိန့်အကန့်အသတ်မှုတို့ လုပ်ပေးနိုင်မှာလား။ ပြီးတဲ့အခါကျတော့ ပတ်ဝန်းကျင်ကန့်ကွက်နေလို့ရှိရင် နေရာကန့်သတ်မှုတွေ လုပ်ပေးနိုင်မလားပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကို ကျွန်မတို့အိမ်ဘေးက အရက်ဆိုင်က ဘယ်လိုဘယ်လိုဖြစ်နေတယ်။ အမြဲတမ်းတိုင်နေတာတွေ ကျွန်တော်အမြဲတမ်းကြားရပါတယ်။ အဲဒီတော့ အဲ့လိုနေရာကန့်သတ်မှုတွေရောဆက်ပြီးတော့ လုပ်ပေးနိုင်မှာလား။ ပြီးတော့ အရက်ရောင်းချရတဲ့ အသက်ကန့်သတ်မှုတွေ လုပ်ပေးနိုင်မှာလားဆိုတဲ့ဟာလည်း တစ်ဆက်တစ်စပ်တည်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ အထွေထွေအုပ်ချုပ်ရေးဌာနအနေနဲ့ကတော့ ကျွန်တော်တို့ယစ်မျိုးဥပဒေ ကျွန်တော်တို့ကိုင်တွယ်ကျင့်သုံးတဲ့အခါမှာ ကျေးရွာ/ရပ်ကွက်/မြို့နယ်အဆင့်ထိလည်း အဆင့်ဆင့်နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ အရက်ဆိုင်ဖွင့်မှုနှင့် ပတ်သက်တဲ့ ဒီဆိုင်များ အချိန်ကန့်သတ်ခြင်းကတော့ ကျွန်တော်တို့ကိုင်တွယ်ကျင့်သုံးရတဲ့ ဥပဒေပြဋ္ဌာန်းချက်ထဲမှာပဲ မပါရှိပါဘူး။ ဒါသက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများရဲ့ အုပ်ချုပ်မှုဆိုင်ရာစီမံခန့်ခွဲမှုဘောင်ထဲမှာပဲ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကိုင်တွယ်ကျင့်သုံးရမယ့် ဥပဒေထဲမှာ အချိန်ကန့်သတ်ချက်အတွက် ပါဝင်ခြင်းမရှိတဲ့အတွက် ဆောင်ရွက်ရန်အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့ကတော့ မေးခွန်းစမေးကတည်းက မူးယစ်ဆေးဝါးရယ်၊ ဘိန်းရယ်၊ အရက်ရယ် မူးနောက်နေတာပဲ။

**ကျောက်ဖြူမြို့ သန်ပန်ချောင်းရပ်ကွက်၊ ကမ်းနားလမ်းရှိ အမှတ်(၃)ဆိပ်ခံတံတားနှင့် ရပ်ကွက်သမဝါယမအသင်းဆိုင်ဟောင်းကြားရှိ မြစ်ကမ်းမြေထိန်းနံရံအပြင်ဘက် မြစ်ကမ်းခြေကို ဂရန်ခွင့်ပြုမိန့်ရရှိထားကြသူများ၏ဂရန်ခွင့်ပြုမိန့်များကို မည်သည့်အချိန်တွင် ပြန်လည်ရုပ်သိမ်းပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ကျွန်တော်မေးမြန်းတဲ့အကြောင်းအရာကတော့ ကျောက်ဖြူမြို့ သန်ပန်ချောင်းရပ်ကွက် ကျောက်ဖြူမြစ်ကမ်းမှာရှိတဲ့ မြစ်ကမ်းနားမြေအချို့ကို ဥပဒေနှင့်ဆန့်ကျင်ပြီး ဂရန်ခွင့်ပြုထားတာနဲ့ပတ်သက်ပြီး ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းပေးရန်ကိစ္စဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စနှင့်ပတ်သက်လို့ မေးခွန်းတင်ပြစဉ်ကတော့ စာမျက်နှာ ငါးမျက်နှာ၊ မှတ်တမ်းတွေ၊ ဓာတ်ပုံတွေ ခုနစ်မျိုးလောက် ကျွန်တော်တင်ပြထားခဲ့ပါတယ်။ အခုမေးခွန်းမေးတဲ့အခါလိုအပ်တဲ့နေရာမှာ Power Point တွေနဲ့တင်ပြလိုပါတယ်။ တင်ပြခွင့်ပြုပါ။ Power Point တင်ပေးပါ။ ဒါကတော့ ကျွန်တော်မေးမြန်းထားတဲ့ မေးခွန်းဖြစ်ပါတယ်။ အခုတွေ့မြင်ရတဲ့ပုံကတော့ ကျောက်ဖြူမြို့ကို ကောင်းကင်က မြင်ရတဲ့မြင်ကွင်းဖြစ်ပါတယ်။ ပုံရဲ့အပေါ်ပိုင်း အနီကွက်ကတော့ အမှတ်(၁)ဆိပ်ကမ်းနှင့် အမှတ်(၃)ဆိပ်ကမ်းတို့ဖြစ်ပါတယ်။ အမှတ်(၂)ဆိပ်ကမ်းကိုတော့ အောက်ခြေမှာလေပွေးချောင်းထဲမှာ အနီရောင်နဲ့ဖော်ပြထားပါတယ်။ ဒီပုံရဲ့အပေါ်ပိုင်း အဝါရောင်ကတော့ သန်ပန်ချောင်းရပ်ကွက် ကမ်းနားလမ်းနှင့် မြေထိန်းနံရံလမ်းဆုံမှာရှိတဲ့ သမဝါယမဆိုင်ဟောင်းဖြစ်ပါတယ်။ အစိမ်းရောင်မြေကွက်ကတော့ ဂရန်ခွင့်ပြုထားတဲ့မြေ ဖြစ်ပါတယ်။ အခုမြင်ရတဲ့ဇယားကတော့ ဂရန်ခွင့်ပြုမိန့်ရထားတဲ့သူတွေဖြစ်ပါတယ်။ အဲဒီလူတွေထဲက အမှတ်စဉ်(၄)ဖြစ်တဲ့ ဦးတင်မောင်ဆွေကတော့ ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူးဖြစ်ပြီး ကျန်တဲ့လူတွေက ဘယ်ဒေသမှာနေမှန်း၊ ဘယ်ကလူမှန်းမသိကြပါဘူး။ ဒီဂရန်ခွင့်ပြုတာနဲ့ပတ်သက်ပြီးတော့ တရားဥပဒေနဲ့မညီညွတ်ကြောင်းနှင့် ဒေသခံများ တစ်စုံတစ်ရာမသိရှိဘဲ မည်သည့်နေရာမှာ နေထိုင်ကြမှန်းမရှိသူများက ကိုယ်ကျိုးစီးပွားအတွက် ဥပဒေနဲ့ဆန့်ကျင်ကာ တာဝန်ရှိသူများနှင့် ပူးပေါင်းရယူထား

ကြတာဖြစ်ပါတယ်ဆိုတဲ့ အချက်အလက်တွေကို စာနဲ့ရေးတဲ့ မေးခွန်းမှာ အကျယ်တဝင့်ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခွင့်ပြုထားတဲ့မြေတွေဟာ ကမ်းနားမြေ ဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့ မြေအမျိုးအစားဖြစ်ပါတယ်။ အစိုးရမြေ(Government Land)ကို ခရိုင်အုပ်ချုပ်ရေးမှူးတွေက ဂရန်ပေးခွင့်မရှိပါဘူး။ Government Land တွေကို ခရိုင်အုပ်ချုပ်ရေးမှူးတွေက ဂရန်ပေးခွင့်မရှိပေမဲ့လည်း အခုပေးထားကြပါတယ်။ အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ Land of Government Disposable မြေကိုသာ ဂရန်ပေးခွင့်ရှိပါတယ်။ ကျောက်ဖြူမြို့ မြစ်ကမ်းမှာရှိတဲ့ ဆိပ်ကမ်းနှစ်ခုအနက် အမှတ်(၁)ဆိပ်ကမ်းကို Daewoo ကုမ္ပဏီကို အသုံးပြုခွင့်ပေးထားပါတယ်။ ဒါကြောင့် အမှတ်(၃)ဆိပ်ကမ်းကို နိုင်ငံတော်ရဲ့ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မကြာမီ တိုးချဲ့အသုံးပြုရတော့မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဆိပ်ကမ်းတိုးချဲ့အသုံးပြုဖို့ဆိုပြီး ယခင်အစိုးရအဆက်ဆက် အဆောက်အဦများ ဆောက်လုပ်ခြင်းမပြုဘဲ အဲဒီနေရာမှာရှိခဲ့ကြတဲ့ ယာယီအဆောက်အဦများကိုပင် ဖယ်ရှားထားခဲ့ပါတယ်။ လက်ရှိ ပြည်သူ့အစိုးရလက်ထက်မှာ ဒီမြေတွေကို နိုင်ငံတော်နှင့် ပြည်သူတွေအတွက် အကျိုးရှိစွာ အသုံးပြုခွင့်ရအောင်ဆိုပြီးတော့ အထက်မှာဖော်ပြတဲ့ မေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ပေါင်းစပ်ညှိနှိုင်းဖြေကြားချက်နှင့်အတူ ပြန်လည်ရှင်းလင်းဖြေကြားသွားပါမယ်။ ကျောက်ဖြူမြို့၊ သန်ပန်ချောင်းရပ်ကွက်၊ မြစ်နားတန်းရပ်ကွက်တို့နှင့် မြေထိန်းနံရံအပြင်ဘက်မှာရှိတဲ့ မြေမှာရှိတဲ့အဆောက်အဦ၊ မြေကွက်များနှင့်စပ်လျဉ်းပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများကိုယ်တိုင်အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ချက်တွေအရ စစ်ဆေးတွေ့ရှိတဲ့အခါမှာ မြေငှားဂရန်ရရှိပြီးသူ ၁၁ ဦး၊ ဂရန်လျှောက်ထားဆဲတစ်ဦး၊ ပုစွန်၊ ငါးဒိုင် ၁၀၃ ဦး၊ ကျူးကျော်နေထိုင်သူ ၄၃ ဦး စုစုပေါင်း ၁၅၈ ဦး နေထိုင်

လျက်ရှိကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ ကျောက်ဖြူမြို့ သန်ပန်ချောင်းရပ်ကွက်၊ အကွက်အမှတ်(၂-ဂ)အနောက်ပိုင်းအကွက်ဟာ မူလအတိုင်းအဖြစ် ၁၉၀၅-၁၉၀၆ ခုနှစ်တွေမှာ တိုင်းတာပြီးတော့ ပြင်တိုင်းအဖြစ် ၁၉၅၉-၁၉၆၀ ခုနှစ်မှာတော့ တိုင်းတာဆောင်ရွက်ခဲ့ပြီး ဦးပိုင်မှတ်ပုံတင်စာရင်း(၁-က)၊ (၁-ခ)စာရင်းများကို ၁၉၆၀ ခုနှစ်ကပင် ထူထောင်ခဲ့တဲ့အတွက် မြေကွက်အမှတ်(၆၄)၊ မြေဧရိယာ ၈.၆၈၉ ဧကနှင့် မြေကွက်အမှတ်(၈၁)၊ မြေဧရိယာ ၀.၉၃၅ ဧကတို့မှာ အစိုးရသီးသန့်မြေအဖြစ် ဖော်ပြထားရှိကြောင်းလည်း သိရှိရပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၂၀၁၀ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊(၇၂/၂၀၁၀)နဲ့ ကျောက်ဖြူဆိပ်ကမ်းနယ်နိမိတ်ကို သတ်မှတ်ထုတ်ပြန်ခဲ့သော်လည်းပဲ ဆိပ်ကမ်းနယ်နိမိတ်နယ်မြေသတ်မှတ်နိုင်ရေးအတွက် အမိန့်မထုတ်ပြန်မီကပင် သက်ဆိုင်ရာ ခရိုင်/မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့်လည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်လည်းကောင်း ကျောက်ဖြူဆိပ်ကမ်းနယ်မြေအတွင်း ပါရှိနေတဲ့မြေအမျိုးအစား တိုင်းတာစိစစ်ခြင်းနှင့် အမိန့်ထုတ်ပြန်ပြီးချိန်မှာလည်း မြေအမည်ပေါက်မှတ်သားဆောင်ရွက်ပေးရန် ညှိနှိုင်းတင်ပြမှု၊ ဆောင်ရွက်မှုများမရှိတဲ့အတွက် ကျောက်ဖြူမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရဲ့ Land Record အရ ဦးပိုင်မှတ်ပုံတင်စာရင်း(၁-က)ဟာ အစိုးရသီးသန့်မြေအဖြစ်သာ တည်ရှိတဲ့မြေနေရာဖြစ်ကြောင်း တွေ့ရှိရပါတယ်။

မေးခွန်းမှာပါရှိတဲ့ မြေနေရာတွေဟာ ဂရန်ငါးခုထုတ်ပေးမှုနှင့်ပတ်သက်ပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှာတော့ ဒေါ်မြနု၊ ဒေါ်စိုးစိုးသက်၊ ဒေါ်မော်မော်သန်းတို့ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဂရန်ထုတ်ပေးခဲ့ခြင်းသာဖြစ်ပါတယ်။ ဦးတင်မောင်ဆွေနှင့် ဒေါ်သိန်းတန်၊ ဒေါ်မြကေသွယ်တို့ရဲ့မြေဂရန်နှစ်ခုကတော့ ယခင်ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေဂရန်ထုတ်ပေးထားခဲ့ကြောင်း တွေ့ရှိရပေမဲ့လည်း လက်ရှိကာယကံရှင်များရဲ့သဘောဆန္ဒအလျောက်ဂရန်နှစ်ခုကိုတော့ ပယ်ဖျက်ထားပြီး လက်ရှိမြေပြင်မှာတော့ ပကတိအနေအထားအတိုင်း မြေအသုံးချထားခြင်းမရှိခြင်း၊ ဒီရေတက်ချိန်မှာ ရေပြင်အဖြစ်တွေ့ရှိရခြင်း၊ ဒီရေကျသည့်အခါ ရွှံ့မြေများအဖြစ်သာကျန်ရှိခဲ့ကြောင်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။ ကျောက်ဖြူမြို့၊ မြစ်ကမ်းနားလမ်းမှာရှိတဲ့ မြေထိန်းနံရံအပြင်ဘက်ကမ်းခြေမှာ အဆောက်အဦများ ဆောက်လုပ်နေခြင်းနှင့်ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့မှာကျင်းပပြုလုပ်တဲ့ အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၁၇/၂၀၁၇)အစည်းအဝေးဆုံးဖြတ်

ချက်အရ ယာယီတားမြစ်မိန့်ထုတ်ပြန်ရန်နှင့် မလိုက်နာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် ဆုံးဖြတ်ပြီး ကျောက်ဖြူခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ ကျောက်ဖြူမြို့နယ်စီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့်ကို အကြောင်းကြားထားပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ညွှန်ကြားချက်နှင့်အညီ တားမြစ်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှလည်း တားမြစ်မိန့်ထုတ်ပြန်ပြီး ဆောင်ရွက်ခဲ့ရာ လိုက်နာခြင်းမရှိသူများကို ရခိုင်ပြည်နယ်စည်ပင်သာယာရေး ဥပဒေနှင့်အညီ တရားစွဲဆိုနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဂရန်ထပ်မံချထားခြင်းမပြုရန် တားမြစ်ထားကြောင်း၊ ဦးတင်မောင်ဆွေ၊ ဒေါ်သိန်းတန်၊ ဒေါ်မြကေသွယ်တို့ရဲ့ မြေနှစ်ကွက်၊ ဂရန်နှစ်ခုကို ၎င်းတို့ဆန္ဒအရ ပြန်လည်အပ်နှံပြီးဖြစ်ကြောင်းနှင့် ကျန်မြေကွက်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျောက်ဖြူမြို့၊ သန်ပန်ချောင်းရပ်ကွက်၊ မြေထိန်းနံရံအပြင်ဘက်မှာရှိတဲ့ ဂျပန်မဆိပ်ကမ်းမှာရှိသော ငါး၊ ပုစွန်ဒိုင်များ၊ အဆောက်အဦ၊ မြေကွက်များ စနစ်တကျရှိစေရေးနှင့် ဆိပ်ကမ်းသာယာလှပစေရေးတို့အတွက်ကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ မြေနေရာရယူထားသူများ၊ ၎င်းနေရာမှာ မှီခိုလုပ်ကိုင်စားသောက်နေသူများ၊ ပြည်သူများနှင့် ပွင့်လင်းမြင်သာစွာတွေ့ဆုံပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်လမ်းညွှန်မှုဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ပေါင်းစပ်ဖြေကြားချက်အရ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒီပဲယင်းမြို့နယ်၊ ခိုင်ပြင်ကြီးကျေးရွာအား မြို့အဖြစ်အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကျန်းမာပါစေလို့ မေတ္တာပို့ပါတယ်။ ကျွန်တော်ကတော့ ဒီပဲယင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီပဲယင်းမြို့နယ်ရှိ စိုင်ပြင်ကြီးကျေးရွာကို မြို့အဖြစ်အဆင့်တိုးမြှင့်သတ်မှတ်သွားရန် အစီအစဉ်ရှိ/မရှိသိပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်

တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ စိုင်ပြင်ကျေးရွာဟာ စတုရန်း သုံးမိုင်ခန့်ကျယ်ဝန်းပြီး အိမ်ထောင်စု ၁၈၀၀ ခန့်ရှိတဲ့ရွာကြီး တစ်ရွာဖြစ်ပါတယ်။ အခိက ကတော့ လမ်းပမ်းဆက်သွယ်ရေးကောင်းတာဖြစ်ပါတယ်။ မုံရွာ-ရေဦး ပြည်ထောင်စုလမ်းမကြီးပေါ်မှာ တည်ရှိပါတယ်။ ဒါကြောင့် ရန်ကုန်-နေပြည်တော်-မန္တလေးမြို့ကြီးတွေကိုလည်း အလွယ်တကူသွားလို့ ရပါတယ်။ လားရှိုး-မြစ်ကြီးနားတို့အထိ အဆင်ပြေပါတယ်။ စိုင်ပြင်-မိုးကုတ်ကားအသင်းလည်း နှစ်သင်းရှိပါတယ်။ စိုင်ပြင်အခြေစိုက် မုံရွာ-မန္တလေးကားများဟာလည်း နေ့စဉ်သွားလာနေပါတယ်။ ရွာရဲ့အရှေ့မြောက်မှာ အင်္ဂလိပ်ခေတ်ကဖောက်ထားတဲ့ စိုင်ပြင်-ရေဦးလမ်းဟောင်း အရှေ့ဘက် တည့်တည့်မှာ စိုင်ပြင်-မူးကမ်း-ရွှေဘိုလမ်း၊ အရှေ့တောင်ဘက် စိုင်ပြင်-အရာတော် ခရိုင်ချင်းဆက်လမ်း၊ အနောက်တောင်ဘက်မှာ ဘုတလင်နဲ့ မောင်တောင်လမ်း၊ အနောက်တည့်တည့်မှာ စိုင်ပြင်- နွားနက် လမ်းနှင့် အနောက်မြောက်ဘက်မှာ စိုင်ပြင်-မင်းတဲကုန်းလမ်းဆိုပြီးတော့ အရပ်ရှစ်မျက်နှာလုံးမှာရှိတဲ့ လမ်းတွေဟာ အချိတ်အဆက်မိနေပါတယ်။ တစ်မြို့နယ်လုံးမှာတော့ စပါးစိုက်တဲ့တောင်သူလယ်သမား တွေကများပေမဲ့ ဒီရွာမှာတော့ လယ်သမား ၁၀၀ ဝန်းကျင်လောက်ပဲရှိပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ လောက်ကတည်းက ဒီမှာ ဆန်စက်ကြီးတွေရှိပါတယ်။ အခုတော့ ရှေးဟောင်းပြတိုက်ထဲကို ပို့ထားရပါတယ်။ ခေတ်မီဆန်စက်လုပ်ငန်းတွေမရှိလို့ ဆန်စပါးလုပ်ငန်းနောက်ကောက်ကျပါတယ်။ ဆီစက်၊ သီးနှံဝယ်/ရောင်း၊ စက်ကိရိယာနှင့် အရံပစ္စည်းအမျိုးမျိုး၊ အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်အိုးဖုတ်လုပ်ငန်း၊ မုန့်ဖုတ်လုပ်ငန်း၊ ကွန်ကရစ်ပိုက်၊ ဖိုက်ဘာပိုက်ဆိုဒ်အမျိုးမျိုး၊ ကားဝပ်ရှော့ နှင့် ဆိုင်ကယ်ပစ္စည်း၊ တယ်လီဖုန်းဆိုင်များ၊ အဝတ်အထည်၊ ကုန်စိမ်း၊ သား/ငါးစသဖြင့် ရိုးသားစွာ ရောင်းဝယ်ဖောက်ကားကြပါတယ်။ မူးယစ်ဆေးဝါးရောင်းဝယ်မှုဟာ တစ်မြို့နယ်လုံးမရှိတာဖြစ်တဲ့ အတွက် ကျွန်တော်တို့မြို့မှာလည်း မရှိပါဘူး။

စိုင်ပြင်အထက်တန်းကျောင်းသားဟာ ကျောင်းသားဦးရေ ၂၀၀၀ ကျော်ရှိပြီး အစိုးရမူလတန်း ကျောင်းအဖြစ် ဘုန်းတော်ကြီးသင်တန်းကျောင်း(၁)နဲ့ ဘကမူလတန်းကျောင်းအဆင့် နှစ်ကျောင်း၊ ကျူရှင်ငါးခုဆိုတော့ ပညာရေးလည်းအားကောင်းပါတယ်။ စေတနာ့ရှင်လူမှုကူညီရေးအသင်းကြီးက နေ့ရောညပါ လူနာများကို မုံရွာ-မန္တလေးဆေးရုံကြီးတွေကို ကား ၁၀ စီးလောက်နဲ့ အခမဲ့ပို့ဆောင်ပေး ပြီး သဘာဝဘေးအန္တရာယ်ကြုံတဲ့အခါမှာ တတ်စွမ်းသမျှ ကူညီတာလည်း ဖြစ်ပါတယ်။

၂၀၁၆ ခုနှစ်မှာ ၈၈၈၈ အထိမ်းအမှတ်အဖြစ်နဲ့ (၁၆)ခုတင်ဆံ့ဆေးရုံကို ဖွင့်လှစ်ခဲ့တဲ့အခါမှာ လူနာတွေက အရမ်းပေါတဲ့အတွက် ရာခိုင်နှုန်း ၃၀၀ လောက်အလုပ်လုပ်နေရတဲ့ဆေးရုံဖြစ်ပါတယ်။

ရွာမိရွာဖတွေ၊ ပြည်သူတွေက လျှပ်စစ်မီးကအစ ဆေးရုံအတွက် လိုအပ်တာကူညီအားဖြည့်ပေးရပါတယ်။ ရတီမေတ္တာ၊ လင်းလက်ကြယ်နာရေးကူညီမှုအသင်းအမျိုးသမီးများအဖွဲ့ စသည့်အသင်းအဖွဲ့များမှလည်း ကျန်းမာရေး၊ လူမှုရေးအတွက် စောင့်ရှောက်ပေးပါတယ်။ လုံခြုံရေး၊ ဖွံ့ဖြိုးရေးအတွက် ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တွေကိုလည်း ကျေးရွာပြည်သူလူထုနဲ့ပူးပေါင်းဆောင်ရွက်ကြတာကို တွေ့ရပါတယ်။ သန့်ရှင်းတဲ့သောက်သုံးရေကို ၁၉၇၂-၁၉၇၃ ခုနှစ်ကစပြီး တစ်နာရီ ဂါလန် ၁၁၀၀၀ ထွက်တဲ့ ရေလျှံတွင်းတွေရှိခဲ့လို့ တစ်ရွာလုံးမှာ အိမ်ရှေ့အရောက်ရေကိုသွယ်တန်းအသုံးပြုနိုင်ခဲ့ကြပြီး အိမ်ခြေလူဦးရေတိုးတက်များပြားလာလို့ ရေတွင်းတူးလို့ရှိရင်လည်း ရေလျှံတွင်းတွေပဲထွက်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းပေါင်း ၁၂၀ မျှ ရေးသားပြုစုခဲ့တဲ့ လယ်တီဆရာတော်ဘုရားကြီးရဲ့ မွေးဖွားရာဇာတိဖြစ်သဖြင့် ဘုန်းကြီးကျောင်းကိုးကျောင်းမှာ ပတ္တိယတ်ပတ္တိပက်များကို အားထုတ်နေသောသံဃာတော်များဟာ အေးချမ်းငြိမ်သက်စွာ သတင်းသုံးတော်မူကြပါတယ်။ မုံရွာလယ်တီကျောက်စာမှာမပါရှိတဲ့၊ ကြွင်းကျန်ရစ်ခဲ့တဲ့ လယ်တီဆရာတော်ဘုရားကြီးရဲ့စာပေများကို ကျောက်ထပ်အက္ခရာသင်ဖို့လည်း ဆောင်ရွက်နေကြပါတယ်။ လယ်တီဆရာတော်ဘုရားကြီးရဲ့မွေးနေ့ကိုလည်း နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ပူဇော်ကျင်းပကြပါတယ်။ မုံရွာ-ကလေး တောင်ဘက်ကပ်လျက်မြေလွတ် ၄၄ ဧက ရှိနေတာမို့ လိုအပ်တဲ့ရုံးအဆောက်အအုံများဆောက်လုပ်ရန်နှင့် အားကစားကွင်းတည်ဆောက်ရန် အဆင်သင့်ရှိပြီးဖြစ်ပါတယ်။ မြို့အင်္ဂါရပ်များမှာ လိုအပ်တဲ့ ၂၁ ချက်ပြည့်မီတဲ့အတွက် မြို့အဖြစ် သတ်မှတ်ပေးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စုဘုရားကြီးဆိုတဲ့ဘုရင့်သမီးတော်ဟာ မပိုင်ခင်စိုင်ပြင်ထွက်ပါဘိ မဆိုင်လျှင် နိုင်ချင်ကြက်ကဲ့နဲ့ အစရှိတဲ့ကဗျာလွတ်ကို ဝမ်းနည်းပမ်းနည်းစပ်ဆိုခဲ့ဖူးပါတယ်။ စိုင်ပြင်ဈေးသူဈေးသားများကလည်း တစ်ချိန်တုန်းက ဝမ်းနည်းခဲ့ရပါတယ်။ စိုင်ပြင်ဆိုတဲ့အဓိပ္ပာယ်က မြင်သာထင်သာရှိတဲ့လွင်ပြင်နေရာကို ပြောခြင်းဖြစ်ပါတယ်။ တစ်မြို့နယ်လုံးရဲ့အခွန်ဘဏ္ဍာ ၆၅ ရာခိုင်နှုန်းကျော်ကို စိုင်ပြင်ရွာက အခွန်ထမ်းနေရတာပါ။ ဒါပေမဲ့ မဆိုင်သလိုနေရပြီး အနိုင်ကျင့်ခံရလို့ ဖွံ့ဖြိုးတိုးတက်မှုတွေ ဆုတ်စိုင်းနေခဲ့ရဖူးပါတယ်။ ယခုပွင့်လင်းလာတဲ့ခေတ်မှာ စိုင်ပြင်ဈေးသူဈေးသားများနဲ့ ဈေးကြီးကို သပ်သပ်ရပ်ရပ်တည်ဆောက်ခဲ့ပါတယ်။ ဆေးရုံကိုလည်း ပံ့ပိုးထားပြီး ရွာတွင်းလမ်းတွေကိုလည်း ပြုပြင်နေတယ်။ ပညာရေးအတွက်လည်း အားသွန်ခွန်စိုက်ကူညီဆောင်ရွက်နေပါတယ်။ ဒါကြောင့်မို့လို့ စိုင်ပြင်သူစိုင်ပြင်သားများက ယနေ့ခေတ်မှာ ကျုပ်တို့က ကျုပ်တို့ဈေးကိုရွေးချယ်ထားမယ်လို့ ကြွေးကြော်နေကြပါတယ်။ ဒါကြောင့် ကိုယ့်မြို့ကိုယ့်ရွာကို ရွေးချယ်ထားလိုတဲ့။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင် မေးမြန်းတဲ့ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်း ဖြေကြားသွားပါမယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ မှာ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်ရှိ စိုင်ပြင်ကျေးရွာအုပ်စုကို စိုင်ပြင်ကျေးရွာ၊ စိုင်ပြင်(မြောက်)ကျေးရွာ၊ စိုင်ပြင်(တောင်)ကျေးရွာ၊ သရက်ခေါင်းကျေးရွာ၊ ရွှေဒါးကန်ကျေးရွာ၊ ကျောက်ဖျာကျေးရွာ၊ တောလည်ကျေးရွာနှင့် ငွေးပင်ကုန်းကျေးရွာတို့ဖြင့် ဖွဲ့စည်းထားပြီး အိမ်ခြေ ၁၉၆၁ လုံး၊ အိမ်ထောင်စု ၁၉၈၉ စု၊ လူဦးရေ ၉၆၈၅ ဦးတို့ နေထိုင်လျက်ရှိပါတယ်။ အဆိုပါ စိုင်ပြင်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ စိုင်ပြင်ကျေးရွာ၊ စိုင်ပြင်(မြောက်)ကျေးရွာနှင့် စိုင်ပြင်(တောင်)ကျေးရွာတို့ကိုပေါင်းပြီး စိုင်ပြင်မြို့အဖြစ် မြို့အဆင့်တိုးမြှင့်နိုင်ရေးအတွက်ကို ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများက ကွင်းဆင်းစစ်ဆေးခဲ့တဲ့အခါမှာ မြို့အင်္ဂါရပ်များနဲ့ကိုက်ညီကြောင်း စစ်ဆေးတွေ့ရှိရတဲ့အတွက် အမှုတွဲပြုစုပြီး ရွှေဘိုခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြထားရှိပြီးဖြစ်ပါတယ်။

ထိုသို့ တင်ပြလာမှုအရ စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၂၀၁၇ ခုနှစ်၊ မေလ ၁၁ ရက် ရက်စွဲပါစာနဲ့ စိုင်ပြင်မြို့အဖြစ် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခွင့်ရရှိရေးအတွက်ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြထားရှိခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး

အစိုးရအဖွဲ့က ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၇) ဆုံးဖြတ်ချက်အပိုဒ် ၃၇ တွင် စိုင်ပြင်မြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရန် အတည်ပြု ဆုံးဖြတ်ထားရှိပြီး ဖြစ်ပါတယ်။

သို့ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ကျေးရွာအုပ်စု၊ စိုင်ပြင်ကျေးရွာ၊ စိုင်ပြင်(မြောက်)ကျေးရွာနှင့် စိုင်ပြင်(တောင်)ကျေးရွာတို့ကို စိုင်ပြင်မြို့အဖြစ် မြို့အဆင့်တိုးမြှင့်သတ်မှတ်နိုင်ရေးအတွက် မြေပုံများနှင့် အချက်အလက်များအားပြုစုနေပါ၍ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်နှင့်အတူ ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့ တည်ဆောက်ထားသော စားကျက်မြေကို မြို့မြေအဖြစ်ပြောင်းလဲ သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးနေလင်းထွန်း(ဘုတ်ပြင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုအဆင့်ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေလင်းထွန်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ဘုတ်ပြင်း မြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့တည်ရှိသော စားကျက်မြေကို မြို့မြေအဖြစ်ပြောင်းလဲသတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နည်းနှင့် မရှိပါက အဘယ်ကြောင့်မရှိသည်ကို သိရှိလိုကြောင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့ဟာ ရှေးနှစ်ပေါင်းများစွာကတည်းက ကျေးရွာလေးအဖြစ်တည်ရှိခဲ့ပြီး ၁၉၅၃-၁၉၅၄ ခုနှစ်မှစ၍ တရားဝင်အသိအမှတ်ပြုအမည်ပေါက် ရွာလေးဖြစ်ခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်မှာတော့ မြို့နယ်ခွဲအဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ်မှ ယနေ့အထိ မြို့အဖြစ်လည်းကောင်း အဆင့်တိုးမြှင့်သတ်မှတ်ထားခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ကြီးမဏ္ဍိုင်မြို့မှာ ကျေးရွာ အဖြစ် စတင်ထူထောင်စဉ်ကပင် စားကျက်ပြုပုံက တည်ရှိထားတဲ့မြို့လေး ဖြစ်ပါတယ်။ မြို့နယ်ခွဲမြို့

အဖြစ် ၁၄ နှစ်ကြာ သက်တမ်းရှိနေပြီဖြစ်သော်လည်းပဲ ယနေ့အထိ စားကျက်မြေမှ မြို့မြေအဖြစ်သို့ အလုံးစုံပြောင်းလဲ သတ်မှတ်ပေးခြင်းမရှိသေးပါဘူး။ မြို့မြေအဖြစ် သတ်မှတ်ပေးရန် ၁၇၅ ဧကခန့် ကျန်ရှိနေသေးကြောင်း သိရပြီး အစိုးရရုံးအချို့ရဲ့မြေနေရာများပင်လျှင် စားကျက်မြေမှ မပယ်ဖျက်ရသေးကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ကြီးမဏ္ဍိုင်မြို့ဟာ ရန်ကုန်-ကော့သောင်း ပြည်ထောင်စုကားလမ်းမကြီးပေါ်မှာ တည်ရှိပြီးတော့ တစ်စတစ်စ ပိုမိုဖွံ့ဖြိုးတိုးတက်လာနေတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ မြို့သူမြို့သားများကလည်း သူတို့ရဲ့အိမ်ခြံမြေပိုင်ဆိုင်မှုတွေကို ခိုင်ခိုင်မာမာဖြစ်စေချင်နေကြပါတယ်။ စားကျက်မြေပေါ်မှာ ကျူးကျော်ပြီးနေရသလို ဖြစ်နေတဲ့အတွက် စိုးရိမ်ပူပန်မှုများလည်း ရှိနေကြပါတယ်။ တကယ်တော့ မြို့နယ်ခွဲမြို့အဖြစ် တိုးမြှင့်သတ်မှတ်ချိန်ကတည်းက မြို့ရဲ့နယ်နိမိတ်၊ အတိုင်းအတာ၊ အကျယ်အဝန်းကို တိတိကျကျသတ်မှတ်ပြီး မြို့မြေအဖြစ် ပြောင်းလဲထားရှိပြီးမှ ဆောင်ရွက်သင့်တာဖြစ်ပါတယ်။ မြို့လူထုရဲ့တင်ပြပြောဆိုမှုများအရ စားကျက်မြေအဖြစ်မှ ပယ်ဖျက်ပေးရေးကိစ္စဆောင်ရွက်နေတဲ့ တာဝန်ရှိသူများဟာ တစ်မြို့လုံးအတွက် တစ်ပြေးညီဆောင်ရွက်ပေးတာမျိုးမဟုတ်ဘဲ မြေနေရာ ခွဲခြားကန့်သတ်၍ ဆောင်ရွက်လျက်ရှိနေတယ်လို့လည်း သိရပါတယ်။ ဒါကြောင့် မိမိတို့မြေနေရာ စားကျက်မြေအဖြစ်မှ ပယ်ဖျက်ရာမှာ မပါဝင်မှာကိုလည်း စိုးရိမ်ပူပန်နေကြရပါတယ်။ ပြည်ကြီးမဏ္ဍိုင်မြို့ပေါ်မှာရှိတဲ့ ဘုန်းတော်ကြီးကျောင်း သုံးကျောင်းနှင့် သုသာန်မြေတို့ဟာလည်းပဲ ယနေ့အထိစားကျက်မြေမှာ မပယ်ဖျက်ရသေးပါဘူး။ သို့ဖြစ်ပါ၍ ပြည်ကြီးမဏ္ဍိုင်မြို့ရဲ့တည်နေရာ၊ နယ်နိမိတ်အား စနစ်တကျ သတ်မှတ်ပြီးတော့ စားကျက်မြေအဖြစ်မှ မြို့မြေအဖြစ်သို့ အလုံးစုံပြောင်းလဲသတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်ကြီးမဏ္ဍိုင်မြို့သူမြို့သားများမှ သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းထွန်း မေးမြန်းခဲ့တဲ့ မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားသွားပါမယ်။ တနင်္သာရီ

တိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့ကို ရပ်ကွက်သုံးရပ်ကွက်ဖြင့် သတ်မှတ်ဖွဲ့စည်းခဲ့ပါတယ်။ ပြည်ကြီးမဏ္ဍိုင်မှာ စားကျက်မြေဧရိယာ ၆၆၄.၃၂ ဧကရှိပြီးတော့ အမှန်တကယ်လူနေထိုင်လျက်ရှိတဲ့ ပြည်ကြီးမဏ္ဍိုင်ရပ်ကွက်အတွင်း အသုံးပြုထားတဲ့စားကျက်မြေဧရိယာ ၇၅ ဧက၊ လေညာအနောက်ရပ်ကွက်အတွက် အသုံးပြုထားတဲ့စားကျက်မြေဧရိယာ ၂၅ ဧက၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်နဲ့ဆက်စပ်လျက်ရှိတဲ့ ဘန်ဂလားကျေးရွာနှင့် လမ်းဖုံးကမ်းကျေးရွာတို့မှာရှိတဲ့ စားကျက်မြေဧရိယာ ၄၉.၁ ဧက စုစုပေါင်းစားကျက်မြေဧရိယာ ၁၄၉.၁ ဧကကို စားကျက်မြေအဖြစ်မှ နုတ်ပယ်ခြင်း၊ ပယ်ဖျက်ခြင်းတို့ ဆောင်ရွက်နိုင်ဖို့အတွက် ဘုတ်ပြင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်စွဲပါစာဖြင့် အမှုတွဲကို ကော့သောင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြထားပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဆက်လက်တင်ပြနိုင်ရေးစိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ စားကျက်မြေအဖြစ်မှ နုတ်ပယ်ခြင်း၊ ပယ်ဖျက်ခြင်းကိစ္စနှင့်ပတ်သက်ပြီးတော့ စားကျက်မြေအပေါ်မှာ အမှီသဟဲပြုနေသော ပတ်ဝန်းကျင်ကျေးရွာများမှ ကျွဲနွားများအတွက် ကျန်ရှိနေတဲ့စားကျက်မြေများ လုံလောက်ခြင်းရှိ/မရှိ သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရဲ့သဘောထား ထောက်ခံချက်၊ တိရစ္ဆာန်ပိုင်ရှင်များနှင့် ဒေသခံပြည်သူများရဲ့သဘောတူညီချက်၊ အမှန်တကယ်လိုအပ်ခြင်းရှိ/မရှိ စိစစ်ချက်များနှင့်အတူ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့စိစစ်ထောက်ခံတင်ပြချက်အပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ အတည်ပြုသတ်မှတ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူးများမှ စားကျက်မြေနုတ်ပယ်ခြင်း၊ ပယ်ဖျက်ခြင်းများကို အမိန့်ကြော်ငြာစာထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ပါ၍ ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့အတွင်းမှာရှိတဲ့ အမှန်တကယ်အသုံးပြုထားတဲ့ စားကျက်မြေဧရိယာ ဧက ၁၀၀ နှင့် ကျေးရွာမြေအဖြစ် အသုံးပြုရန် ကျေးရွာနှစ်ရွာမှာရှိတဲ့ စားကျက်မြေဧရိယာ ၄၉.၁၀ ဧကတို့ကို စားကျက်မြေအဖြစ်မှ ပယ်ဖျက်ခွင့်ရရှိရေးကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်အရ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာဒေါ်ခင်စည်သူ ဆွေးနွေးတဲ့ ဆွေးနွေးချက်နဲ့ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကန့်ကွက်ထားပါတယ်။ ဒီဆွေးနွေးချက်ကို ပြန်ကြည့်တဲ့အခါမှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၁ မေးခွန်းနဲ့

စပ်လျဉ်းတဲ့ စည်းကမ်းချက်နဲ့ ညီညွတ်မှုမရှိတဲ့ ဝါကျနှစ်ကြောင်း တွေ့ရှိရပါတယ်။ ဒီဝါကျနှစ်ကြောင်းကိုတော့ မသင့်လျော်လို့၊ ထပ်လည်း မပြောချင်လို့ ဖတ်မပြတော့ပါဘူး။ ဒါကြောင့်မို့ ဒီဝါကျနှစ်ကြောင်းကို လွှတ်တော်အနေနဲ့ ပယ်ဖျက်မည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို အသိပေးပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က နိုင်ငံတော်နှင့်နိုင်ငံသားများ ပိုင်ဆိုင်သည့် ပေါကြွယ်ဝလှသော ကျောက်မျက်ရတနာများနှင့် တွင်းထွက်သတ္တုသယံဇာတများအား အနာဂတ်နိုင်ငံတော်နှင့် နောင်လာနောက်သားများ အရှည်သဖြင့် သုံးဆောင်ခံစားနိုင်ရေးအတွက် စနစ်တကျတူးဖော်ထုတ်လုပ် ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်ကအဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးကျော်အောင်လွင်အား အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။ ဦးကျော်အောင်လွင် ခဏနေပါဦး။ အဆိုမတင်သွင်းခင် ကျွန်တော်ခုနက ကျွန်တော်တို့ကိုယ်စားလှယ်တွေ မေးခွန်းမေးတာ၊ အဆိုတင်တာ၊ ဆွေးနွေးတာနဲ့ပတ်သက်လို့ တစ်လက်စတည်း အသိပေးလိုပါတယ်။ ကျွန်တော်တို့ကိုယ်စားလှယ်များအားလုံးကို လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေစာအုပ်အားလုံးဖြန့်ထားပါတယ်။ အဲဒီလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေမှာပါတဲ့ စည်းကမ်းချက်တွေ၊ ဆွေးနွေးရန်ရှောင်ရမယ့်အချက်တွေ၊ ဆောင်ရမယ့်အချက်တွေ အဲဒီဟာတွေကို ကျေညက်အောင်ဖတ်ပြီးတော့ လေးစားလိုက်နာစေလိုပါတယ်။ ဘာဖြစ်လို့ဒီလိုပြောလဲဆိုတော့ ကိုယ်ဆွေးနွေးတဲ့ဟာ၊ ကိုယ်မေးတဲ့ဟာ။ အခု Power Point တွေ ထိုးကြတယ်။ ကျွန်တော်လည်း ကိုယ်စားလှယ်တွေ အခွင့်အရေးမဆုံးရှုံးစေရန် Power Point တော်တော်များများပေးပါတယ်။ ဖြုတ်သင့်တာလည်း ကျွန်တော်ဖြုတ်ပါတယ်။ သို့သော် လွှတ်တော်သည် လွှတ်တော်ရဲ့ဂုဏ်သိက္ခာနဲ့အညီ၊ ကိုယ်စားလှယ်များသည် ကိုယ်စားလှယ်ရဲ့ကျင့်ဝတ်သိက္ခာနဲ့အညီ အားလုံးကတစ်ပြေးညီဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်လည်း ဒီလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေပါအတိုင်းပဲ ကျင့်သုံးရမှာဖြစ်သလို ကိုယ်စားလှယ်များအားလုံးလည်း ဒီလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများပါအတိုင်းပဲ ကျင့်သုံး

ရမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တွေကလည်း ဒီဥပဒေ၊ နည်းဥပဒေကျော်လွန်ပြီး ကျင့်သုံးလို့မရသလို၊ ကျွန်တော်လည်း ဒီဥပဒေ၊ နည်းဥပဒေကိုကျော်လွန်ပြီး ကျင့်သုံးလို့မရပါဘူး။ ဒါကြောင့်မို့လို့ လွှတ်တော်မှာဆွေးနွေးတဲ့ အခါမှာ ဆောင်ပုဒ်တို့၊ ကဗျာတို့၊ လေးလုံးစပ်တို့၊ ဒွေးချိုးတို့၊ လေးချိုးတို့ ဒါတွေတော်တော်များများ သတိထားကြပါ။ ဒါကဒီနေရာက လွှတ်တော်ဖြစ်ပါတယ်။ အဲဒီတော့ လိုအပ်တာထက်ပိုလာရင် အပွင့်လင်းဆုံးပြောပါမယ်။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် မနှစ်သက်ပါဘူး။ ခုနကလည်းတစ်ခု တွေ့လိုက်တယ်။ ဟိုတုန်းကလည်း ကိုယ်စားလှယ်တွေ ဆွေးနွေးတာရှိတယ်။ ကျွန်တော်ပြန်မကောက်တော့ဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်ပြောပြီးပြီ။ ဒီနေရာဟာ ဆောင်ပုဒ်ပြိုင်တဲ့ နေရာမဟုတ်ဘူး။ ကဗျာပြိုင်တဲ့နေရာမဟုတ်ဘူး။ လေးလုံးစပ်ပြိုင်တဲ့နေရာမဟုတ်ဘူး။ ဒွေးချိုးစပ်ပြိုင်တဲ့နေရာ မဟုတ်ဘူး။ ဆွေးနွေးစရာရှိတာကို ပွင့်ပွင့်လင်းလင်းနဲ့ ရှင်းရှင်းလင်းလင်းဆွေးနွေး။ ကိုယ်စားလှယ်များအားလုံးကို တစ်ခုအသိပေးထားမယ်။ လွှတ်တော်မှာဆွေးနွေးချက်များသည် နည်းဥပဒေပြန်ကြည့်ပါ။ မှန်ကန်ကြောင်း၊ အထောက်အထားရှိကြောင်း ကိုယ်စားလှယ်တွေအားလုံး တာဝန်ယူရတယ်။ အဲ့ဒါကိုပြန်ကြည့်၊ အဲဒါကို သတိမပျက်နဲ့။ ကျွန်တော်ဒီမှာစာအုပ်လှန်ပြီးမဖတ်ပြတော့ဘူး။ လွှတ်တော်မှာဆွေးနွေးချက်များအားလုံးက ကိုယ်စားလှယ်တွေအားလုံးက ကိုယ်ဆွေးနွေးတာကို ကိုယ်တာဝန်ခံရတယ်။ ကိုယ့်မှာ ခိုင်ခိုင်လုံလုံရှိရမယ်။ အဲဒါလေးတွေတော့ သတိပြုစေချင်ပါတယ်။ ပြီးလွယ်၊ စီးလွယ်စကားကိုမပြောစေချင်ပါဘူး။ ဒါတစ်လက်စတည်း ကျွန်တော် ခုနက ကျန်ခဲ့လို့ ဆက်ပြောတာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးကျော်အောင်လွင် အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်ရဲ့ပေါကြွယ်ဝလှတဲ့ ကျောက်မျက်ရတနာနဲ့ တွင်းထွက်သတ္တုသယံဇာတများကို နိုင်ငံသားတွေ အရှည်သုံးဆောင်ခံစားနိုင်ရေးအတွက် အဆို တစ်ရပ်တင်သွင်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာမှာရှားမှရှား အဖိုးထိုက်အဖိုးတန် ကျောက်မျက်ရတနာတွေ၊ တွင်းထွက်သတ္တုသယံဇာတတွေပေါကြွယ်ဝလှတဲ့နိုင်ငံပါ။ မိုးကုတ်၊ မိုင်းရှူး၊ ပျဉ်လုံဒေသက ငမောက်လိုပတ္တမြားတွေ၊ နီလာ၊ ဥဿဖရားတွေ၊ ဖားကန့်၊ ခန္တီး၊ လုံးခင်းဒေသက ကမ္ဘာ့ အကောင်းဆုံးကျောက်စိမ်းတောင်တွေ၊ မိုးထိ၊ မိုးမိ၊ ကောလင်း၊ ကသာ၊ ရွှေကျင်စတဲ့ နိုင်ငံအနှံ့အပြား

ကရွှေတွေ၊ လက်ပံတောင်းတောင်၊ စံပါယ်တောင်၊ ကြေးစင်တောင်ကဲ့သို့သော ကြေးနီ၊ ရွှေ၊ ငွေ၊ ယူရေနီယံသတ္တုတွေ၊ နမ္မတူ၊ ဟိန္ဒား၊ ကာမိုင်းသတ္တုသိုက်တွေ၊ ရေနံချောင်း၊ ချောက်၊ မင်းဘူး၊ မန်း၊ မင်းလှရေနံမြေတွေ၊ ကမ်းလွန်သဘာဝဓာတ်ငွေ့၊ ပုလဲရတနာတွေစသည်ဖြင့် ပြောမဆုံးပေါင်တောသုံးတောင်ပါ။ ကျောက်မျက်ရတနာဆိုတာ နှစ်သန်းချီကြာမှဖြစ်တည်လာတဲ့ သဘာဝရဲ့အမွေပါ။ ကုန်ဆုံးသွားရင်သစ်ပင်လိုပြန်စိုက်လို့မရ၊ အစားပြန်မရနိုင်တဲ့အရာပါ။

Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဌကြီးခင်ဗျား။ အဲဒီလို ကြွယ်ဝချမ်းသာတဲ့နိုင်ငံက ပြည်သူတွေဟာ ကမ္ဘာမှာအဆင်းရဲဆုံး၊ အမွဲဆုံးဖြစ်နေတာကို အဖြေရှာကြရမှာပါ။ ဒီသယံဇာတတွေကို ဘယ်သူတွေခံစားသုံးဆောင်နေကြပါသလဲ။ သယံဇာတမည်မျှပင် ပေါများသော်လည်း စီမံခန့်ခွဲမှုလွဲမှားရင် သယံဇာတရဲ့အကျိုးစီးပွားကို ပြည်သူတွေမခံစားရတဲ့အပြင် သယံဇာတကျိန်စာပင် ခံစားကြရပါတယ်။ revenue wish ရဲ့စစ်တမ်းအရ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ တွင်းထွက် သယံဇာတတူးဖော်မှုအပိုင်းမှာ ပွင့်လင်းမြင်သာမှုအနည်းဆုံးနဲ့ စီမံခန့်ခွဲမှုအညံ့ဖျင်းဆုံးနိုင်ငံလို့ သတ်မှတ်ခံခဲ့ရပါတယ်။ သယံဇာတစီမံအုပ်ချုပ်မှုအညွှန်းအစီရင်ခံစာအရ သယံဇာတပေါကြွယ်တဲ့ ၅၈ နိုင်ငံမှာ အဆင့် ၅၈ နဲ့ ဇင်ဘာဘွေး၊ ကွင်းဂို၊ မိုဇံဗစ်ကဲ့သို့သော အာဖရိကတိုက်မှ ဖရိုဖရဲပြိုလဲ နိုင်ငံများရဲ့အောက်မှာ ရောက်ရှိနေပါတယ်။ ဥပဒေနဲ့ထိန်းကျောင်းမှု၊ လုပ်ထုံးလုပ်နည်း အားနည်းခြင်း၊ သယံဇာတတူးဖော်မှုနဲ့ပတ်သက်ပြီး စီမံကွပ်ကဲမှုဆိုင်ရာသတင်းအချက်အလက် မရရှိနိုင်မှုတို့ကြောင့်လို့ဆိုပါတယ်။ သယံဇာတတူးဖော်မှုမှာ ခြစားမှုများဖြစ်ပေါ်နေပြီး အကျင့်ပျက်တာဝန်ရှိသူအချို့ရဲ့ နိုင်ငံခြားဘဏ်စာရင်းများသို့ ရောက်ရှိသွားတယ်လို့လည်း အစီရင်ခံစာမှာ ဖော်ပြခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ကြွယ်ဝချမ်းသာမှုအားလုံးထဲမှာ ကျောက်စိမ်းထက်တန်ဖိုးမြင့်မားတဲ့အရာမရှိလို့ ဆိုထားပါတယ်။ ၂၀၁၄ ခုနှစ် တစ်နှစ်တည်းမှာ တရားဝင်ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှု တန်ဖိုးဟာ US ဒေါ်လာ သန်းထောင်ပေါင်း ၃၁ ရှိတယ်လို့လည်း နိုင်ငံတကာစောင့်ကြည့်ရေးအဖွဲ့ တစ်ခုက ခန့်မှန်းထားတာကို တွေ့ရှိရပါတယ်။ ဒါဟာ အစိုးရကျန်းမာရေးအသုံးစရိတ်ရဲ့ ၄၆ ဆ။ နိုင်ငံ့အသားတင်ထုတ်ကုန်တန်ဖိုး GDP ရဲ့ ၄၈ ရာခိုင်နှုန်းရှိနိုင်တယ်လို့လည်း ခန့်မှန်းထားပါတယ်။ ဟောင်ကောင်မှာ ၂၀၁၄ ခုနှစ်က လေလံဆွဲဝယ်ယူခဲ့တဲ့ ကျောက်စိမ်း ၂၇ လုံးနဲ့သီကုံးထားတဲ့ လည်ဆွဲဟာ US ဒေါ်လာ ၂၇.၄၄ သန်း။ မြန်မာငွေသိန်းပေါင်း ၃၇၀၀၀၀ ကျော်နဲ့ စံချိန်တင်ရောင်းချခဲ့တာကိုကြည့်ရင် အဖိုးတန်မြန်မာ့ထိပ်တန်းကျောက်စိမ်းတွေ ၇၀ ရာခိုင်နှုန်းခန့် တစ်ဖက်နိုင်ငံကို မှောင်ခိုခိုးထွက်နေတဲ့ ဆုံးရှုံးမှုကိုခန့်မှန်းနိုင်ပါတယ်။ ပြီးခဲ့တဲ့ကာလတစ်လျှောက် ဖားကန့် ကျောက်စိမ်း

မြေရဲ့အကောင်းဆုံးလုပ်ကွက်တွေကို အာဏာရှင်ဟောင်းမိသားစုတွေ၊ ၎င်းတို့နဲ့ဆက်စပ်နေတဲ့ ခရိုနီကြီးတွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ နောက်ခံမူးယစ်ရာဇာတွေအစရှိသည်ဖြင့် အဖွဲ့အစည်းတွေက အဓိကရရှိကြပြီးတော့ တစ်ဖက်နိုင်ငံသားလုပ်ငန်းရှင်အများစုက ပိုင်ဆိုင်လုပ်ကိုင်တယ်လို့လည်း ဒေသခံတွေက ပြောဆိုကြပါတယ်။ ယာဉ်ယန္တရားကြီးတွေနဲ့ မိုင်းများခွဲကာ အဆင်ခြင်မဲ့တူးဖော်မှုကြောင့် တောင်ကြီးတွေပျောက်၊ ချောက်ကြီးတွေဖြစ်။ ချောက်ကြီးတွေက မြေစာတောင်တွေဖြစ်၊ ရေကြောင်းတွေပျောက် ကြီးမားတဲ့ရေကန်ကြီးတွေဖြစ်ပေါ်ပြီး မိုးသည်းထန်တဲ့အခါမှာ ရေလျှောင်ကန်တွေပြို၊ မြေစာပုံတွေပြိုပြီးတော့ အသက်အိုးအိမ်စည်းစိမ်တွေ ထိခိုက်ဆုံးရှုံးကြရပါတယ်။ ဒေသခံပြည်သူတွေဟာ သယံဇာတတွေရဲ့အကျိုးကိုမစံစားရဘဲနဲ့ လူတစ်စု၊ လူတစ်ဖွဲ့ရဲ့ လက်ဝါးကြီးအုပ်တူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးတဲ့ဒဏ်တွေ၊ ရွာတွေ၊ လယ်ယာမြေတွေပျောက်ကွယ်သွားတဲ့ဒဏ်၊ မြေစာပုံတွေပြိုကျတဲ့ဒဏ်၊ ရေကြီးရေလျှံမှုဒဏ်၊ မြေထု၊ လေထု၊ ရေထုညစ်ညမ်းတဲ့ဒဏ်တွေကို ခံနေကြရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ မြေစာပုံပြိုကျမှု ၁၇ ကြိမ်ရှိခဲ့ပြီးတော့ ၂၀၁၅ ခုနှစ်မြေစာပုံပြိုကျမှုမှာ လူ ၂၀၀ ကျော်သေဆုံးခဲ့ပါတယ်။ ယခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့က မိုးညှင်းမြို့မှာ ကုမ္ပဏီနှစ်ခုပိုင် ယာဉ်ကိုးစီးမှ တရားဝင်အခွန်ဆောင်ကျောက်စိမ်းများအပြင် အံ့ဝင်းအဖြစ်သယ်ဆောင်လာတဲ့ တရားမဝင်ကျောက်စိမ်းတုံး တန် ၂၀ ဖမ်းဆီးရမိမှုကိုကြည့်ရင် နှစ်ပေါင်းများစွာ ဥဒဟိုခိုးထုတ်ခံနေရတဲ့ နိုင်ငံဘဏ္ဍာတွေကို ခန့်မှန်းနိုင်ပါတယ်။ ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးလှအောင်ရဲ့ပြောကြားချက်အရ ဖားကန့်ဒေသမှစက်ယန္တရား ၁၀၀၀၀ ကျော်မှာ ၆၀၀၀ ကျော်သာတရားဝင်ဖြစ်ပြီး ၄၀၀၀ ကျော်ဟာ တရားမဝင်သုံးစွဲနေကြောင်းကိုလည်း သိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆယ်စုနှစ်များစွာ လွဲမှားတဲ့စီမံခန့်ခွဲမှုနှင့် ခြစားမှုများကို ပြုပြင်နိုင်ဖို့ ကျောက်မျက်ကဏ္ဍကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီမြှင့်တင်ဖို့ လိုအပ်ကြောင်းကိုလည်း ပညာရှင်များက အကြံပြုထားပါတယ်။ သယံဇာတတူးဖော်ခြင်းလုပ်ငန်းတွေမှာ နိုင်ငံအနှံ့အပြားက လက်လုပ်လက်စားဆင်းရဲသားပြည်သူများ ဥပဒေနဲ့အညီဝမ်းစာရှာနိုင်ရေးကိုလည်း ထည့်သွင်း၍စဉ်းစားရမှာပါ။ ဒါမှသာ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဆင်းရဲမွဲတေမှုလျှော့ချဖို့ အထောက်အပံ့ဖြစ်စေမှာပါခင်ဗျား။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမေရိကန်နိုင်ငံကျောက်မျက်ကုန်သွယ်ရေးအသင်း (AGDA)က မြန်မာနိုင်ငံရဲ့ကျောက်မျက်ကဏ္ဍဖွံ့ဖြိုးရေးအတွက် သီရိလင်္ကာနိုင်ငံက အကောင်းဆုံး ပုံစံအဖြစ်အကြံပြုခဲ့ပါတယ်။ သီရိလင်္ကာနိုင်ငံဟာ ကျောက်မျက်ရတနာထုတ်လုပ်မှုမှာ ကမ္ဘာ့ ရှေ့ဆောင်ဖြစ်ပြီးတော့ နီလာနဲ့ပတ္တမြားရိုင်းများပမာဏကြီးမားစွာထွက်ရှိပါတယ်။ အားကောင်းသော စီမံခန့်ခွဲမှု၊ မျှတတဲ့အရင်းအမြစ်ဝင်ငွေခွဲဝေမှုကို အားကောင်းစွာအာမခံနိုင်တဲ့ အကောင်အထည်ဖော် လုပ်ဆောင်မှုများ ရှိကြောင်းသိရပါတယ်။ သီရိလင်္ကာကျောက်မျက်လုပ်ငန်းမှာ အဓိကအားဖြင့် သေးငယ်တဲ့ရိုးရာကျောက်တွင်းအများစုပါဝင်ပြီး နိုင်ငံခြားပိုင်ကြီးမားသော စက်ယန္တရားကြီးများနဲ့ ကျောက်မျက်တူးဖော်မှုကို တားမြစ်ထားပါတယ်။ သေးငယ်သောကျောက်တွင်းများဟာ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုကို ပိုမိုနည်းပါးစေပြီးတော့ အလုပ်အကိုင်ရရှိမှုကို အာမခံချက်ပိုမိုရှိစေပါတယ်။ အမျိုးသားကျောက်မျက်လက်ဝတ်ရတနာအာဏာပိုင်အဖွဲ့(NGJA)က ကျောက်တွင်းလိုင်စင်များကို ကြီးကြပ်ထုတ်ပေးပါတယ်။ လိုင်စင်ချပေးတဲ့အခါ စပေါ်ငွေကောက်ခံပြီးတော့ ကျောက်တွင်းတူးပြီး နောက်ပိုင်း မြေနေရာကိုကျောက်တွင်းပိုင်ရှင်က ပြန်လည်ပြုစုပျိုးထောင်ရန်ပျက်ကွက်ပါက စပေါ်ငွေ ကိုသုံးပြီးတော့ ပြန်လည်ပျိုးထောင်ပေးပါတယ်။ NGJA က အသေးစားကျောက်တွင်းများကို အစိုးရပိုင်မြေများအပေါ် သို့မဟုတ် မြေပြင်အတွင်းရှိ အစိုးရဘူမိပညာရှင်များက ကျောက်များ ရှိတယ်လို့ သတ်မှတ်တဲ့နေရာတွေကို လေလံတင်ခြင်းများပြုလုပ်ပေးပါတယ်။

သီရိလင်္ကာကျောက်တွင်းများရဲ့ ၈၀ ရာခိုင်နှုန်းကို တရားဝင်စျေးကွက်အတွင်းရှိစေရန် ဆောင်ရွက်ပေးထားတယ်လို့လည်း သိရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ ဒီလောက်အဖိုးထိုက် အဖိုးတန်ရတနာတွေပေါများတဲ့၊ ကြွယ်ဝချမ်းသာလှတဲ့ အရှေ့တောင်အာရှရဲ့ ထိပ်တန်းတစ်နိုင်ငံက ပြည်သူတွေဟာ ဖွတ်ကျောပြာစု၊ ခရုစံကျွတ် အဆင်းရဲဆုံး၊ အမွဲဆုံး၊ အနိမ့်ကျဆုံးဘဝတွေနဲ့ တိုင်းတစ်ပါးထွက်ပြီးတော့ ကျွန်ခံနေရတဲ့အချိန်မှာ လူတစ်စု၊ လူတစ်ဖွဲ့က ရွှေပုံရွှေနန်း၊ စိန်ပုံစိန်နန်း ထက် စံနန်းနေတာကတော့ ကျွန်တော်တို့ကြေကွဲစရာကောင်းလှပါတယ်။ အမေရိကန်သမ္မတကြီး **ဖရန်ကလန်တီယူ့စ်ဘရက်**က မိန့်ကြားခဲ့တာရှိပါတယ်ခင်ဗျား။ မိမိတို့နေထိုင်ကြီးပြင်းရာ မြေကမ္ဘာကို ပျက်စီးစေသောလုပ်ရပ်များကို ခွင့်ပြုနေခြင်းသည် မိမိတိုင်းပြည်ကို ဖျက်ဆီးခြင်းဖြစ်သည်တဲ့။

ဒါ့ကြောင့် ကျွန်တော်တို့တိုင်းပြည်နဲ့လူမျိုး ပျက်စီးရာပျက်စီးကြောင်းတွေကို ကျွန်တော်တို့ ပြည်သူ့အစိုးရနဲ့ ပြည်သူ့ကိုယ်စားလှယ်တွေ တားဆီးရပါလိမ့်မယ်ခင်ဗျား။ ကျွန်တော်တို့ရဲ့ လွတ်လပ် ရေးကြေညာစာတမ်းမှာ ငါတို့နိုင်ငံတော်ကြီးသည် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်သင်း၏ အမွေ

အနှစ်မဟုတ်၊ ပုဂ္ဂလိကပိုင်ပစ္စည်းမဟုတ်၊ မည်သူတစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်သင်း၏ ချုပ်ကိုင်အနိုင်သိမ်းယူခံစားအပ်သောအရာမဟုတ်၊ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားအားလုံး၏ အမွေအနှစ်အပိုင်ပစ္စည်းအကျိုးခံစားရာဖြစ်သည်လို့ ဆိုထားပါတယ်။ ဒါကြောင့် ကျွန်တော်တင်သွင်းလိုတဲ့အဆိုကတော့ နိုင်ငံတော်နှင့်နိုင်ငံသားများပိုင်ဆိုင်တဲ့၊ ပေါကြွယ်ဝလှတဲ့ ကျောက်မျက်ရတနာနဲ့ တွင်းထွက်သတ္တုသယံဇာတများအား နိုင်ငံတော်နှင့်နိုင်ငံသားများ အရှည်သဖြင့်သုံးဆောင်ခံစားနိုင်ရေးအတွက် စနစ်တကျတူးဖော်ထုတ်လုပ်ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်သွင်းအပ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်အောင်လွင် တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးတင့်စိုး(ဖားကန့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ အဆိုရှင် စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့ နိုင်ငံတော်နှင့် နိုင်ငံသားများပိုင်ဆိုင်သည့် ပေါကြွယ်ဝလှသော ကျောက်မျက်ရတနာနှင့် တွင်းထွက်သတ္တုသယံဇာတများအား အနာဂတ်နိုင်ငံတော်နှင့် နောင်လာနောင်သားများအရှည်သဖြင့် သုံးဆောင်ခံစားနိုင်ရေးအတွက် စနစ်တကျတူးဖော်ထုတ်လုပ်ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးမယ့် ဖားကန့်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင့်စိုးပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုမှာ ကျောက်မျက်ရတနာနှင့် တွင်းထွက်သတ္တုသယံဇာတများလို့ ဆိုထားတဲ့အတွက် တစ်နိုင်ငံလုံးလွှမ်းခြုံအကျုံးဝင်သလို တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းမှာလိုလို ကျောက်မျက်ရတနာများနှင့် သတ္တုသယံဇာတများ ထွက်ရှိနေတာဖြစ်ပါတယ်။ ဤအဆိုကို ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ဖားကန့်ရဲ့ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းနဲ့ဆက်စပ်ပြီး ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မျက်ရတနာလို့ ပြောလိုက်ရင်ပဲ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းတို့ကို ပြေးမြင်မိကြမှာပါ။ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ့အကောင်းဆုံးပတ္တမြားနဲ့ ကျောက်စိမ်းထွက်ရှိရာနိုင်ငံ ဖြစ်ပါတယ်။ ကျွန်တော်တို့ဖားကန့်ကို ကျောက်စိမ်းထွက်ရှိရာဒေသအဖြစ်သာ

လူသိများပေမဲ့ ဖားကန့်မြို့နယ်ထဲက ကားမိုင်းနဲ့ လုံးခင်းကြားက နန့်ယားကျေးရွာမှာ အရည်အသွေးကောင်း ပတ္တမြားနဲ့နီလာပါထွက်ရှိတာကိုတော့ သိရှိသူနည်းပါတယ်။ ရွှေကတော့ ကျွန်တော်တို့ဖားကန့်မြို့နယ် နေရာအနှံ့မှာထွက်ပါတယ်။ မြန်မာနိုင်ငံမှာ ကျောက်စိမ်းထွက်ရှိရာ ဒေသများကတော့ ကချင်ပြည်နယ်မှာ လုံးခင်း၊ ဖားကန့်၊ မိုးညှင်းမြို့နယ်က မော်ဟန်၊ စစ်ကိုင်းဒေသကြီးက မော်လူးနဲ့ ခန္တီးတို့ပဲ ဖြစ်ကြပါတယ်။ လုံးခင်းဘက်က ကျောက်စိမ်းရတနာ နယ်မြေအဖြစ် သတ်မှတ်ထားတဲ့ ဧရိယာဟာ ၁၇၄၄၇၅၇ ဧကရှိပါတယ်။ ပုဂ္ဂလိကကုမ္ပဏီ ၅၂၂ ခုအတွက် ချထားပေးတဲ့လုပ်ကွက်ပေါင်း ၅၀၇၀ ကွက် အကျယ်အဝန်းအားဖြင့် ၅၀၇၀ ဧကရှိပါတယ်။ ကျောက်နီလုပ်ကွက်က ကုမ္ပဏီခြောက်ခုအတွက် ၁၇ ဧက ချထားပေးပါတယ်။ စုစုပေါင်း ပုဂ္ဂလိကလုပ်ကွက်ပေါင်း ၅၀၈၇ ဧကရှိပါတယ်။ အကျိုးတူကုမ္ပဏီ ၁၆၂ ခုနဲ့ အကျိုးတူလုပ်ကွက် ၂၂၄ ကွက်သာချထားပေးတဲ့ ဧရိယာကတော့ ၈၆၇၃ ဧကဖြစ်ပါတယ်။ စုစုပေါင်း ၁၃၇၆၀ ဧကကို ချထားပေးခဲ့ပြီးဖြစ်ပါတယ်။ ယခုအချိန်မှာတော့ လုပ်ကွက်သက်တမ်းတွေဟာ လစဉ်နှင့်အလိုက်ကုန်ဆုံးနေတာဖြစ်တဲ့အတွက် အခုတင်ပြသလောက်တော့ မရှိနိုင်တော့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်စိမ်းရတနာနယ်မြေအကျယ်အဝန်းဟာ ၁၇၄၄၇၅၇ ဧကရှိပေမဲ့လည်း တူးဖော်ထုတ်လုပ်ပြီး လုပ်ကွက်များစွာရှိသလို နေရာတိုင်းမှာလည်း ကျောက်စိမ်းထွက်ရှိနေတာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ရေရှည်တည်တံ့အောင် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ဖို့လိုပါတယ်။ ကျောက်စိမ်းသယံဇာတဟာ သစ်ပင်၊ သစ်တောများလိုပြန်လည်စိုက်ပျိုးလို့လည်း ရနိုင်တဲ့အရာ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ ကျောက်စိမ်းတူးဖော်ချိန်ကာလက ကျွန်တော်တို့ဖားကန့်ဒေသမှာရှိတဲ့ ယန္တရားပေါင်း တစ်သောင်းကျော်ရှိတဲ့အနက် ၄၀၀၀ ကျော်ကို ရပ်နားခိုင်းထားတယ်လို့ ဝန်ကြီးဌာနက ကြေညာပါတယ်။ တကယ်တော့ လုံးခင်း၊ ဖားကန့် တစ်နယ်လုံးမှာရှိတဲ့ ရပ်နားခိုင်းထားပါတယ်ဆိုတဲ့ ယန္တရားကြီးများအပါအဝင် သောင်းနဲ့ချီတဲ့ယန္တရားကြီးများဟာ လူချောတိတ်ချိန် ညအခါမှာလူနေ ရပ်ကွက်တွေကို ဖြတ်ကျော်ပြီး လုံးခင်းအုပ်စုမှာရှိတဲ့ မိုးပင်၊ ကထန်း၊ ဝါကျဲ၊ ဖဝါမွန်များမှာရှိတဲ့ လုပ်ကွက်တွေကို ပြောင်းရွှေ့လာကြပြီး အကြီးအကျယ်တူးဖော်လိုက်ကြတဲ့အခါမှာ ရှစ်လခန့်အချိန်အတွင်းမှာပဲ ဧကရာထောင်ချီရှိတဲ့လုပ်ကွက်တွေဟာ အနက်ပေလေးငါးရာရှိတဲ့ ကျင်းကြီးများအဖြစ်ကို ရောက်ရှိသွားကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်စီးကို ဒေါ်လာရှစ်သိန်းလောက်တန်တဲ့ အိမ်လောက်ရှိတဲ့ရောမတန်းထရက်ကားကြီးတွေ၊ PC 2000 လို့ခေါ်တဲ့ ဒေါ်လာသုံးသန်းခန့်တန်တဲ့ ရောမဘတ်ဟိုးကြီးတွေနဲ့

အခုလက်ရှိလုပ်နေတဲ့နှုန်းအတိုင်းသာ ဆက်ပြီးတော့မှ လုပ်သွားဖို့ခွင့်ပြုလိုက်မယ်ဆိုရင် သေချာပါတယ်။ ဖားကန့်ကျောက်စိမ်းရတနာနယ်မြေဆိုတာ နှစ်အနည်းငယ်အတွင်းမှာ ကွယ်ပျောက်ပြီး ကန္တရအဖြစ်သာ ကျွန်တော်တို့ တွေ့မြင်ကြရတော့မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အသုံးပြုတဲ့ စက်ယန္တရားများကို ဥပဒေနဲ့တိတိကျကျပြဋ္ဌာန်းပြီး အမြဲတမ်းစစ်ဆေးအသုံးပြုစေသင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုချင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်နဲ့ နိုင်ငံသားများပိုင်ဆိုင်တဲ့ ကျောက်စိမ်းသယံဇာတများ တစ်ဖက်တရုတ်နိုင်ငံကို တရားမဝင်ရောက်ရှိသွားတဲ့အကြောင်းကို ဆွေးနွေးတင်ပြလိုပါတယ်။ လုပ်ကွက်တစ်ကွက်ရဲ့အကျယ်အဝန်းဟာ တစ်ဧကဖြစ်ပါတယ်။ လုပ်ကွက်များစွာ လက်တစ်စွပ်စာလူတစ်စုနဲ့ ကုမ္ပဏီကြီးများကသာ ရယူပိုင်ဆိုင်ထားကြပါတယ်။ လုပ်ကွက်ရှိသူအများစုထံက လုပ်ကွက်တစ်ကွက်ကို သိန်းပေါင်းနှစ်ထောင်၊ သုံးထောင်ကနေ သိန်းပေါင်းသောင်းချီထိပေးဝယ်ပြီး လုပ်နေကြသူရှိသလို လုပ်ကွက်ရှင်ကို အစုသုံးစုတစ်စုပေးပြီး လုပ်ကိုင်ကြရသူတွေရှိပါတယ်။ ဒီလုပ်ရပ်တွေဟာ ကျောက်မျက်ရတနာဥပဒေနဲ့ လုံးဝကိုက်ညီမှုမရှိပေမဲ့လည်း မြေပြင်မှာတော့ ဒီအတိုင်းပဲဖြစ်နေပါတယ်။ လုပ်ကွက်ရှင်ကိုလည်း အစုပေးရ။ နိုင်ငံတော်ကိုလည်း အကျိုးတူအတွက်ရှင်းရဦးမယ်။ စက်ယန္တရားတွေလည်း စိုက်၊ ထုတ်လုပ်မှုကုန်ကျ စရိတ်တွေပါစိုက်ရတော့ ကိုယ့်အတွက်အကျိုးအမြတ်ရှိအောင် ထွက်လာတဲ့ကျောက်ကောင်းတွေကို နိုင်ငံတော်ကိုမအပ်တော့ဘဲ နည်းမျိုးစုံနဲ့ခိုးထုတ်ကြပါတော့တယ်။ အတွင်းသိလုပ်ငန်းရှင်တချို့ရဲ့ ပြောစကားအရ မခိုးချင်ပေမဲ့လည်း ကိုက်အောင်တော့ ခိုးကြရတယ်လို့ သိရပါတယ်။ ထွက်ရှိလာတဲ့ ကျောက်ကောင်းတွေရာခိုင်နှုန်း ၇၀ လောက်ဟာ တရုတ်ပြည်ကို နည်းမျိုးစုံနဲ့ ရောက်ရှိသွားပါတော့တယ်။ ဒီနိုင်ငံမှာတူးဖော်ရေးလုပ်ငန်းကို လုပ်ကိုင်နေကြတဲ့ကုမ္ပဏီများဟာ တရုတ်ပြည်မှာ ကျောက်စိမ်းရောင်းဝယ်ရေးကုမ္ပဏီကြီးများကိုလည်း တည်ထောင်ထားကြပြီး တရုတ်ပြည်မှာပဲ ရင်းနှီးမြှုပ်နှံမှုလုပ်ထားကြပါတယ်။ တချို့ကုမ္ပဏီများဟာဆိုရင် မေဆာသစ်ကားကုမ္ပဏီများကို တရုတ်ပြည်မှာ တည်ထောင်ထုတ်လုပ်ကြပြီး မြန်မာပြည်ကို ၎င်းတို့က ကိုယ်စားလှယ်ဖြစ်လေဟန် တင်သွင်းဖြန့်ချိနေတာလည်း ရှိပါတယ်။ ကျွန်တော်နိုင်ငံမှာ ကျောက်မျက်ရတနာပြပွဲဟာ တစ်နှစ်မှတစ်ကြိမ် လောက်သာ ပြုလုပ်ကျင်းပနိုင်ပေမဲ့ တရုတ်နိုင်ငံမှာ ကုမ္ပဏီများကဦးစီးကျင်းပတဲ့ ကျောက်မျက်ရတနာပြပွဲဟာ လစဉ်လိုလိုပြုလုပ်ပြီးပြပွဲတစ်ပွဲကို တရုတ်ငွေဘီလီယံနဲ့ချီပြီး ရရှိနေတာဟာ ကျောက်စိမ်းလုပ်ငန်းနဲ့ ပတ်သက်တဲ့လူတိုင်းသိကြပါတယ်။ အဲဒီမှာ ပြပွဲတင်ထားတဲ့ ကျောက်များဟာ မြန်မာပြည်ကထွက်ရှိတဲ့

ကျောက်စိမ်းများသာဖြစ်ပြီး မြန်မာပြည်မှာလုံးဝမတွေ့မမြင်ဘူးသေးတဲ့ အင်မတန်မှအရည်အသွေးကောင်းတဲ့ ကျောက်စိမ်းတွေကများပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို နိုင်ငံတော်နဲ့ နိုင်ငံသားတွေပိုင်ဆိုင်တဲ့ ကျောက်စိမ်းသယံဇာတတွေကို တရားမဝင်လမ်းကြောင်းကခိုးထုတ်မှုကို တားဆီးနိုင်ဖို့အတွက် တူးဖော်ထုတ်လုပ်မှုတွေကို ကြီးကြပ်ကွပ်ကဲတဲ့ မြန်မာ့ကျောက်မျက်ရတနာ ကော်ပိုရေးရှင်းကျောက်စိမ်းတူးဖော်ရေးဌာနကို တိုးချဲ့ဖွဲ့စည်းပြီး ကြပ်ကြပ်မတ်မတ်စီမံချက်ချ ဆောင်ရွက်သင့်တယ်လို့ ကျွန်တော့်အနေနဲ့မြင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မျက်ရတနာနှင့် တွင်းထွက်သတ္တုသယံဇာများကို နိုင်ငံတော်နှင့်နိုင်ငံသားများအရှည်သဖြင့် သုံးဆောင်ခံစားနိုင်စေရေးအတွက် စနစ်တကျဖော်ထုတ် ထိန်းသိမ်းပေးရန်ဆိုတဲ့ အချက်ထောက်ခံဆွေးနွေးရမယ်ဆိုလို့ရှိရင် ရှေးယခင်တည်းက ကျောက်စိမ်းကိုမိရိုးဖလာနဲ့ပဲ နှစ်ပေါင်းများစွာတူးဖော်လာခဲ့ကြပါတယ်။ ထွက်ရှိလာတဲ့ ကျောက်အရေအတွက်နည်းသလို ထိုက်တန်တဲ့တန်ဖိုးကိုလည်း ရရှိခံစားကြရပါတယ်။ ရတနာဆိုတာ ရှားမှရတနာလို့ခေါ်တာပါ။ အခုလို စက်ယန္တရားကြီးပေါင်းမြောက်များစွာနဲ့ အကြီးအကျယ်တူးဖော်ထုတ်လုပ်လိုက်တဲ့အခါမှာ မဟားတယားထွက်ရှိလာတဲ့အပေါ် ကျောက်စိမ်းဈေးကွက်ဟာလည်း ပျက်ပြားသွားပါတော့တယ်။ ၁၉၉၂ ခုနှစ်မှာ ဖက်စပ်လုပ်ကွက်တွေပေါ်လာပါတယ်။ ၁၉၉၅ ခုနှစ်မှာ ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီတွေတည်ထောင်ပြီး တူးဖော်လာကြပါတယ်။ အဲဒီအချိန်ထိ တူးဖော်တဲ့စက်ယန္တရားများဟာ သမရိုးကျဖြစ်တဲ့အတွက် လုပ်ကွက်မြေကုန်ဆုံးမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်ဆီးမှုဟာ မသိသာလာ သေးပါဘူး။ ၂၀၀၂ ခုနှစ်ဝန်းကျင်တစ်ဝိုက်ကစပြီး အကျိုးတူလုပ်ကွက်တွေပေါ်လာပါတယ်။ ကုမ္ပဏီအငယ်စားလေးတွေ တဖြည်းဖြည်းပျောက်ကွယ်သွားသလို တစ်နှစ်ထက်တစ်နှစ် ပိုမိုအင်အားကြီးတဲ့စက်ယန္တရားတွေကို အသုံးပြုလာခဲ့ကြပါတယ်။ အရေအတွက်လည်းပိုမိုများပြားလာပါတယ်။ တောင်တွေဟာ နေ့မြင်ညပျောက်ဆိုသလိုဖြစ်ပြီး သဘာဝတောတောင်နေရာမှာ မြင့်မားလှတဲ့မြေစာပုံတွေ နေရာယူလာပါတော့တယ်။ ကျွန်တော်တို့ ဘိုးဘွားဘီဘင်ချန်ထားရစ်ခဲ့လို့ ကျောက်စိမ်းသယံဇာတကို ကျွန်တော်တို့သုံးဆောင်ခံစားခွင့်ရခဲ့တာပါ။ ဒါကို ကျွန်တော်တို့လက်ထက်မှာဘဲ သားစဉ်မြေးဆက်သုံးဆောင်ခံစားနိုင်အောင် ချန်မထားရစ်ပဲ အကုန်ထုတ်ယူသုံးစွဲလိုက်ကြမယ်ဆိုရင် ကျွန်တော်ကို နောင်လာနောက်သားတွေက လက်ညှိုးထိုးစွပ်စွဲကြမှာမလွဲပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်တော်များများမှာ တန်ဖိုးကြီးရတနာတွေကို ထုတ်လုပ်တဲ့အခါရေရှည်တည်တံ့ခိုင်မြဲအောင် ဈေးကွက်ကိုထိန်းသိမ်းဖို့အတွက် စက်ယန္တရားတွေနဲ့ အကြီးအကျယ်

ထုတ်လုပ်ခွင့်မပြုဘူးလို့ လေ့လာမှတ်သားရဘူးပါတယ်။ ဒီဖြစ်ရပ်ကိုနမူနာယူပြီး မြန်မာ့သယံဇာတ ရတနာများကို ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းဖို့ရာ အချိန်မနှောင်းသေးဘူးလို့ ထင်ပါတယ်။ နောက်ထပ်အရေးကြီးတဲ့အချက်က ကျောက်စိမ်းတူးဖော်မှုနဲ့ တနိုင်းဒေသဘက်က ရွှေတူးဖော်မှုများက စွန့်ပစ်တဲ့မြေစာများကို စည်းကမ်းမဲ့စွန့်ပစ်မှုကြောင့် ဥရုချောင်းနဲ့ချင်းတွင်း မြစ်ကြားမြေမြင့်တက်လာခြင်း၊ သဘာဝသစ်တောများပြုန်းတီးလာခြင်းတို့ကြောင့် ဖားကန့်မှာ ရေနစ်မြုပ်ခြင်း ဒဏ်ကိုဆိုးရွားစွာခံစား ရပါတယ်။ ချင်းတွင်းမြစ်တစ်လျှောက်မှုရှိတဲ့ ခန္တီး၊ ဟုမ္မလင်း၊ မုံရွာ၊ ပခုက္ကူစတဲ့မြို့များမှာ ရေကြီးရေလျှံမှုဖြစ်ရတာဟာလည်း နောက်ဆက်တွဲဆိုးကျိုးများပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုန်းချုပ်အနေနဲ့ ဆွေးနွေးရရင် အဆိုရှင်တင်ပြထားသလို နိုင်ငံတော်နှင့် နိုင်ငံသားများပိုင်ဆိုင်တဲ့ ပေါကြွယ်ဝလှတဲ့ ကျောက်မျက်ရတနာနှင့် တွင်းထွက်သတ္တုသယံဇာတများကို အနာဂတ်နိုင်ငံတော်နှင့် နောင်လာနောက်သားများ အရှည်သဖြင့်သုံးဆောင်ခံစားနိုင်ရေးအတွက်ဆိုရင် ဥပဒေကို သေသေချာချာဟာကွက်မရှိအောင် အချိန်ယူရေးဆွဲသင့်ပါတယ်။ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ရွှေနဲ့ သတ္တုများဟာ တစ်ခုနဲ့တစ်ခု တန်ဖိုးချင်းမတူညီကြသလို တူးဖော်ထုတ်လုပ်ကြတဲ့ လုပ်ငန်းစဉ်များဟာလည်း ကွဲပြားခြားနားတဲ့ သဘောသဘာဝတွေရှိကြပါတယ်။ အခုလို မတူကွဲပြားခြားနားတဲ့ သဘောသဘာဝရှိတဲ့ ကျောက်မျက်ရတနာနဲ့ သတ္တုသယံဇာထုတ်လုပ်မှုတွေကို ခြုံငုံပြီးဥပဒေရေးဆွဲပြဋ္ဌာန်းတဲ့အခါမှာ ဥပဒေမှာဟာကွက်ပျော့ကွက်တွေ ဖြစ်ပေါ်လာစေပါတယ်။ အခုဆိုရင် အမျိုးသားလွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်တဲ့ ၂၀၁၇ ခုနှစ်၊ ကျောက်မျက်ဥပဒေဟာ ပြည်သူ့လွှတ်တော်ကို ရောက်ရှိလာခဲ့ပါပြီ။ နိုင်ငံတော်နှင့် နိုင်ငံသားများတို့ရဲ့ အကျိုးအတွက် ပြည်သူတွေရဲ့အသံကိုနားထောင်ပြီး လိုအပ်သလိုပြင်ဆင်ကြရအုံးမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့အကျိုးစီးပွားအတွက် တိုင်းပြည်ရဲ့စီးပွားရေးကို ထိထိရောက်ရောက် အကျိုးဖြစ်ထွန်းစေနိုင်တဲ့ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းဥပဒေကို သီးခြားအထူးပြုရေးဆွဲပြဋ္ဌာန်း သင့်ပါကြောင်း အကြံပြုတင်ပြရင်း စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်ရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးလိုက်ရပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၃ အရ

လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဦးကျော်အောင်လွင် တင်သွင်းတဲ့အဆို ကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က တင်သွင်းတဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားများပိုင်ဆိုင်သည့် ပေါကြွယ်ဝလှသော ကျောက်မျက်ရတနာများနှင့် တွင်းထွက်သတ္တုသယံဇာတများအား အနာဂတ် နိုင်ငံတော်နှင့် နောင်လာနောက်သားများ အရှည်သဖြင့် သုံးဆောင်ခံစားနိုင်ရေးအတွက် စနစ်တကျ တူးဖော်ထုတ်လုပ် ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၁-၈-၂၀၁၇ ရက် (တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က ရခိုင်ပြည်နယ်၊ မြောက်ပိုင်းဒေသ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင် မြို့နယ်များတွင် ဖြစ်ပေါ်လျက်ရှိသော ဘင်္ဂါလီလူမျိုးအစွန်းရောက်အဖွဲ့အစည်းများ၏ ရာဇဝတ်မှုများ ကျူးလွန်နေကြခြင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အသက်အိုးအိမ်လုံခြုံရေးတို့ကို များစွာထိပါးနှောင့်ယှက်လာသည်ဖြစ်၍ ဒေသတွင်းပိုမိုကောင်းမွန်သည့် အုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံများ ချမှတ်ကာ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်ခင်စောဝေအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးသာလေစွပါလို့ နှုတ်ခွန်းဆက်ရင်း ဂါရဝပြုအပ်ပါတယ်ရှင့်။ ကျွန်မအနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် အဆိုတစ်ခု တင်သွင်းသွားမှာဖြစ်ပါတယ်။ ဒီအဆိုကတော့ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် ဖြစ်ပေါ်လျက်ရှိတဲ့ ဘင်္ဂါလီလူမျိုး အစိုးရအဖွဲ့အစည်းများ၏ရာဇဝတ်မှုများ ကျူးလွန်နေကြခြင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနဲ့အသက်အိုးအိမ်လုံခြုံရေးတို့ကို များစွာထိပါးနှောင့်ယှက်လာသည်ဖြစ်၍ ဒေသတွင် ပိုမိုကောင်းမွန်တဲ့အုပ်ချုပ်ရေး၊ လုံခြုံရေး အစီအမံများချမှတ်ကာ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုပဲဖြစ်ပါတယ်ရှင့်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ တစ်ဖက်နိုင်ငံနှင့် ရေနယ်နိမိတ်၊ မြေနယ်နိမိတ်အားဖြင့် ထိစပ်လျက်ရှိတဲ့ ရခိုင်ပြည်နယ်၊ မြောက်ပိုင်း မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များမှာ နိုင်ငံသားမဟုတ်တဲ့ ဘင်္ဂါလီများ ၉၀ ရာခိုင်နှုန်းကျော် နေထိုင်လျက်ရှိနေကြပါတယ်။ ဒီဘင်္ဂါလီများဟာ လူဦးရေပေါက်ကွဲလျှံထွက်လျက်ရှိတဲ့ တစ်ဖက်နိုင်ငံရှိလူမျိုးများနဲ့ ဘာသာတူမျိုးနွယ်တူ များဖြစ်ကြပြီးတော့ ခေတ်အဆက်ဆက်က တရားမဝင်နည်းလမ်းများဖြင့် နယ်စပ်ဖြတ်ကျော်ဝင်ရောက် ကာ အခြေချနေထိုင်လာခဲ့ကြသူများလည်း ဖြစ်ပါတယ်။ ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်စတင်ချိန် အင်္ဂလိပ်စစ်တပ်မှ ကုလားစစ်သားများနှင့် ဒေသခံဘင်္ဂါလီများပူးပေါင်းကာ

ရခိုင်တိုင်းရင်းသားကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ရခိုင်လူမျိုး ၂၀၀၀၀ ခန့်ကို သတ်ဖြတ်ခြင်းတို့ကြောင့် ဒေသခံတိုင်းရင်းသားများ လူဦးရေမှာ များစွာလျော့နည်းခဲ့ရပါတယ်။ ထို့အပြင် တစ်ဖက်နိုင်ငံမှ ဘင်္ဂါလီများ နေ့စဉ်နှင့်အမျှစီးဝင်နေခြင်း၊ ဘင်္ဂါလီတို့၏ လူဦးရေပေါက်ဖွားနှုန်း မြင့်မားခြင်း စသည်တို့ကြောင့် မောင်တော၊ ဘူးသီးတောင်ဒေသသည် နိုင်ငံခြားသား ဘင်္ဂါလီများ သီးသန့်နေထိုင်ရာဒေသတစ်ခု အသွင်သို့ တဖြည်းဖြည်းရောက်ရှိလာနေပြီဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဆက်လက်ပြီးတော့ မောင်တော၊ ဘူးသီးတောင်ဒေသအတွင်း ဘင်္ဂါလီနိုင်ငံရေးအဖွဲ့အစည်း၏ဆောင်ရွက်မှုများကို အနည်းငယ်တင်ပြလိုပါတယ်။ ၁၉၄၆ ခုနှစ်တွင် ဖွဲ့စည်းပေါ်ပေါက်ခဲ့တဲ့ ဂျာမေတူအူလမာအဖွဲ့ဟာ ၁၉၄၇ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံကို သွားရောက်ခဲ့ပြီးတော့ ပါကစ္စတန်လွတ်လပ်ရေးလှုပ်ရှားနေတဲ့ မူဆလင်ခေါင်းဆောင်ဂျင်နနဲ့တွေ့ဆုံခဲ့ပါတယ်။ ထိုစဉ် မောင်တော၊ ဘူးသီးတောင်နဲ့ ရသေ့တောင်တို့ကို ပါကစ္စတန်ပိုင်နက်သို့ထည့်သွင်းကာ လွတ်လပ်ရေးတစ်ပေါင်းတည်းရယူရန် တောင်းဆိုခဲ့ပါတယ်။ မစ္စတာဂျင်နအနေဖြင့် ဘူးသီးတောင်၊ မောင်တောဒေသကို ပါကစ္စတန်နှင့်ပူးပေါင်းရန် မဖြစ်နိုင်၍ လက်မခံခဲ့ကြောင်း ဗိုလ်ချုပ်အောင်ဆန်းနဲ့တွေ့ဆုံပြီး အသိပေးရှင်းပြခဲ့ကြောင်းကို သမိုင်းမှတ်တမ်းများတွင် ဖတ်ရှုမှတ်သားခဲ့ရပါတယ်ရှင်။ ၁၉၄၈ ခုနှစ်တွင် ဘင်္ဂါလီများသည် မူဆလင်လွတ်မြောက်ရေးအဖွဲ့ညီလာခံကို မောင်တောမြို့နယ် ဘုရင်ပြင်ကျေးရွာတွင်ကျင်းပခဲ့ပြီး မူဂျာဟစ်ပါတီကို ဖွဲ့စည်းတည်ထောင်ခဲ့ကြပါတယ်ရှင်။ ၎င်းညီလာခံမှာ ကုလားတန်မြစ်အနောက်ဘက်နဲ့ နတ်မြစ်ကြားဒေသကို မူဆလင်တို့ရဲ့ National Home အဖြစ်လည်းကောင်း၊ ရခိုင်ရှိမူဆလင်များကို တိုင်းရင်းသားများအဖြစ်လည်းကောင်း သတ်မှတ်ပေးရန် တောင်းဆိုလာခဲ့ကြပါတယ်။ ၁၉၅၁ ခုနှစ် ဇွန်လမှာ မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာတွင် ပါလီမန်အမတ်များအပါအဝင် အရပ်ရပ်မှ မူဆလင်များပါဝင်တဲ့ညီလာခံတစ်ရပ်ကို ကျင်းပပြီးတော့ တောင်းဆိုချက် ၁၄ ချက်ကို ထုတ်ပြန် တောင်းဆိုခဲ့ကြပါတယ်။ ဒီတောင်းဆိုချက်တွေမှာ စစ်တွေမြို့တော်ကို နှစ်ပိုင်းခွဲခြမ်းပြီးတော့ ရခိုင်နှင့် မူဆလင်တို့က ၅၀ ရာခိုင်နှုန်းစီ စီမံအုပ်ချုပ်ခွင့်ပေးရန် လက်နက်ကိုင်တပ်ဖွဲ့များတွင် မူဆလင် ၅၀ ရာခိုင်နှုန်းပါဝင်ရန်၊ ဗဟိုအစိုးရအဖွဲ့တွင် မူဆလင်ဝန်ကြီးခန့်ထားပေးရန်၊ မူဆလင်ကောင်စီထားရှိခွင့် ပြုရန်နှင့် အစ္စလာမ်အထက်တန်းကျောင်းများ၊ ကောလိပ်ကျောင်းများ တည်ထောင်ခွင့်ပြုရန်ဆိုတဲ့ အချက်များ ပါဝင်ခဲ့ပါတယ်။ မူဆလင်အဖွဲ့အစည်းများဟာ အလယ်သံကျော်ညီလာခံ၏တောင်းဆိုချက်များကို လမ်းညွှန်ချက်အဖြစ်ခံယူပြီးတော့ မူဆလင်များ၏ နိုင်ငံရေးပင်မရည်မှန်းချက်အဖြစ် ယနေ့တိုင် အရေးဆိုလျက်ရှိကြပါတယ်။ ၁၉၈၈

ခုနှစ် ဒီမိုကရေစီလူထုအုံကြွမှုကို အခွင့်ကောင်းယူပြီးတော့ ၁၉၈၈ ခုနှစ်၊ မေလ ၁၃ ရက်နေ့ည ၉ နာရီအချိန်မှာ ဘင်္ဂါလီဦးရေ ၅၀၀၀၀ ခန့်ဟာ မောင်တောမြို့ကို ဘက်ပေါင်းစုံမှ ဝိုင်းရံပြီးတော့ ရခိုင်တိုင်းရင်းသားများအား သတ်ပစ်ရန်ကြိုးပမ်းခဲ့တဲ့ဖြစ်စဉ်တစ်ခု ပေါ်ပေါက်ခဲ့ပါတယ်။ ပြည်သူ့ရဲတပ်ဖွဲ့နဲ့အမှတ်(၂)လုံးချင်းတပ်ရင်းတို့က အချိန်မီတားဆီးကာကွယ်နိုင်ခဲ့၍သာ ဒေသခံတိုင်းရင်းသားများ သေဘေးမှလွတ်မြောက်ခဲ့ရခြင်းဖြစ်ပါတယ်။ ၁၉၉၄ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် RSO အဖွဲ့က မောင်တောမြို့ပေါ်တွင် ဗုံးကိုးလုံးကို တစ်ပြိုင်တည်းဖောက်ခွဲကြသည်မှာလည်း မမေ့နိုင်တဲ့ သမိုင်းမှတ်တမ်းတစ်ခု ဖြစ်ရပါတယ်။

လေးစားရပါတဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှာ လုံခြုံရေးတပ်ခွဲများကို တိုက်ခိုက်ခဲ့တဲ့လုပ်ရပ်များကြောင့် ယနေ့အချိန်ထိမငြိမ်းချမ်းနိုင်သေးတဲ့ ဖြစ်စဉ်များကို တင်ပြလိုပါတယ်ရှင့်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ နံနက် ၁ နာရီခန့်က အစွန်းရောက်များ၊ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များမှာရှိတဲ့ နယ်ခြားစောင့်တပ်၊ ဌာနချုပ်အပါအဝင် ကင်းစခန်းသုံးခုကို တစ်ပြိုင်နက်တည်းတိုက်ခိုက်ခဲ့တဲ့အတွက်ကြောင့် ရဲအရာရှိတစ်ဦး၊ ရဲတပ်ဖွဲ့ဝင်ရှစ်ဦးကျဆုံးကာ လက်နက်အမြောက်အမြား ဆုံးရှုံးခဲ့ရပါတယ်။ ဒီဖြစ်စဉ်တွေဖြစ်ပြီးနောက် မောင်တောဒေသမှာ တပ်မတော်မှ နယ်မြေရှင်းလင်းရေးဆောင်ရွက်စီမံတဲ့ ခမရ(၃၄၅)တပ်မှ တပ်ရင်းမှူးကျဆုံးခဲ့ပါတယ်ရှင့်။ ၂၀၁၇ ခုနှစ်၊ မေလ ၄ ရက်နေ့ ဘူးသီးတောင်မြို့နယ် သန္တိကျေးရွာအနီးတောစပ်မှာ ပေါက်ကွဲမှုတစ်ခုဖြစ်ပေါ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရှင်းလင်းဖော်ထုတ်ချက်အရ တောင်ခြေရင်းတွင် မြှုပ်နှံထားတဲ့ နိုင်ငံခြားသားနှစ်ဦး၏ ရုပ်အလောင်းများနဲ့အတူ ဘင်္ဂါလီသုံးဦး၏ ရုပ်အလောင်းများကိုလည်း တူးဖော်ရရှိခဲ့ပါတယ်။ မေလ ၃၁ ရက်နေ့တွင် ချောင်းကုလားမြောက်ရွာနှင့် မော်လဘီ၊ ဘော်နီရို၊ အာမေအိနေအိမ်ကို သတင်းအရဝင်ရောက်ရှာဖွေရာ စကားပြောစက်အလုံး ၄၀ နဲ့ ၎င်းဆက်စပ်ပစ္စည်းတို့ကိုလည်း သိမ်းဆည်းရရှိခဲ့ပါတယ်ရှင်။ ဇွန်လ ၂၀ ရက်နေ့တွင် ဘူးသီးတောင်၊ မောင်တောဒေသရှိ မေယုတောင်ကြောအတွင်းမှာ အကျယ် ၅ ပေ၊ အမြင့် ၄ ပေ၊ အရှည်ပေ ၈၀ ရှိတဲ့ လူလုပ်လိုဏ်ခေါင်းအပြင် လုပ်သေနတ်များ၊ လူနေတဲများ၊ စားနပ်ရိက္ခာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အကြမ်းဖက်များအတွက် သင်တန်းပေးရန်နဲ့ အကြမ်းဖက်သင်တန်းလို့ ယူဆရတဲ့စခန်းများကို တိကျခိုင်မာတဲ့အထောက်အထားများနဲ့အတူ လုံခြုံရေးတပ်ဖွဲ့ဝင်များက တွေ့ရှိခဲ့ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့ ဘင်္ဂါလီသုံးဦးကိုလည်း ဖမ်းဆီးရခဲ့မိပါတယ်။ ဇွန်လ ၃၀ ရက်နေ့တွင်လည်း မောင်တောမြို့ ပေါင်းစားကျေးရွာအုပ်စုမှာရှိတဲ့ ပုဇွန်ကန်

ကိုယ်စားလှယ်နဲ့တပည့်နှစ်ဦးကိုလည်း ဖမ်းဆီးခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ ဒီဖြစ်စဉ်မှာ ရခိုင်တိုင်းရင်းသားများသည်လည်း သေဆုံးဒဏ်ရာရရှိမှုများ ရှိနေကြပါတယ်။ ဧပြီ ၂၃ ရက်နေ့က ရသေ့တောင်မြို့နယ် ကျောက်စာတိုင်းကျေးရွာမှ ရိုးရှာရန်သွားတဲ့ရွာသားနှစ်ဦးမှာ ယနေ့တိုင်ရှာမရဘဲပျောက်ဆုံးလျက် ရှိနေကြပါတယ်။ ဧပြီ ၂၄ ရက်နေ့က မောင်တောမြို့နယ် ထရင်းရော်မှရွာသားလေးဦး ငါးရှာ၊ ဖားရှာခဲ့ရာမှာ ဘင်္ဂါလီအစွန်းရောက်သမားများက ဓားဖြင့်ဝိုင်းခုတ်ကြတဲ့အတွက် နှစ်ဦးသေဆုံးပြီး နှစ်ဦးမှာ ဒဏ်ရာများဖြင့် ရွာကိုပြန်လည်ရောက်ရှိလာကြပါတယ်။ ဇူလိုင်လ ၂၇ ရက်နေ့က ရသေ့တောင်မြို့နယ်၊ ရပ်ပြင်ကျေးရွာမှ မောင်သန်းထိုက်ဆိုသူအား မေယုတောင်ကြောအတွင်း ခရီးသွားကောက်ရာမှ ရွာပြန်မရောက်ရှိလာတဲ့ အတွက် ၂၉ ရက်နေ့မှာ ဒေသခံများနဲ့ လုံခြုံရေးတပ်ခွဲများပူးပေါင်းပြီး လိုက်ရှာကြရာ အကြံဖက်သမားတွေရဲ့ ယာယီတဲစခန်း ငါးခုလောက်ကို တွေ့ရှိခဲ့ကြပါတယ်။ အဲဒီနေရာတွေမှာ WFP အမှတ်တံဆိပ် တွေပါတဲ့ ဆေးဝါးတွေ၊ စားနပ်ရိက္ခာတွေနဲ့ အသုံးအဆောင်ပစ္စည်းတွေကို တွေ့ရှိခဲ့ကြပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် အကြမ်းဖက်သမားတွေ မေယုတောင်ကြောပေါ်မှာ စခန်းချနေထိုင်ခဲ့ကြတယ် ဆိုတာ အခိုင်အမာပြောလို့ရပါတယ်ရှင်။ ဩဂုတ်လ ၃ ရက်နေ့က မောင်တောမြို့နယ်တောင်ပိုင်း ကိုင်းကြီးကျေးရွာမှာ တောင်ယာလုပ်ကိုင်နေကြတဲ့ မြိုတိုင်းရင်းသားရှစ်ဦးကို အစွန်းရောက်အကြမ်းဖက်သမားများက လူမဆန်စွာသတ်ဖြတ်ခြင်းများလည်း ပြုလုပ်ခဲ့ကြပါတယ်။ ဩဂုတ်လ ၄ ရက်နေ့က ရသေ့တောင်မြို့နယ် အောက်နန့်ရွာ ဘင်္ဂါလီကျေးရွာရှိ RSO အကြမ်းဖက်သမားများအား ဖမ်းဆီးပေးခဲ့ကြတဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ကို ဘင်္ဂါလီများက ဝိုင်းဝန်းပြီးရန်ပြုတိုက်ခိုက်ခဲ့တာကိုလည်း သိရှိရပါတယ်။ ဒီဖြစ်စဉ်တွေကြောင့် ဒေသခံတိုင်းရင်းသားများဟာ စိုးရိမ်မှုမြင့်တက်လာပြီးတော့ နေရပ်စွန့်ခွာပြောင်းရွှေ့မှုများ ပြုလုပ်လာကြပါတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ယနေ့ထိသေဆုံးသူများလည်း တော်တော်များလာပါတယ်။

လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးရှင့်။ မောင်တော၊ ဘူးသီးတောင်ဒေသရှိ ဘာသာရေး၊ လူမျိုးရေးကို အခြေခံတဲ့အစွန်းရောက်သူများဟာ ပြင်ပနိုင်ငံအဖွဲ့အစည်းများရဲ့ငွေကြေးလက်နက် အကူအညီများကို ရရှိပြီးတော့ မောင်တောဒေသရဲ့တောတောင်များနဲ့ ကျေးရွာများတွင် သင်တန်းများပို့ချခြင်းလုပ်ငန်းကို စနစ်တကျလုပ်ဆောင်နေကြောင်း မြင်တွေ့ရပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်ရှိ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်အခြေအနေကို တည်ငြိမ်အောင်ထိန်းသိမ်းနိုင်ရေးဟာ တရားဥပဒေစိုးမိုးရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိစ္စရပ်ဖြစ်ပြီး အချိန်နှင့်တစ်ပြေးညီ မြန်မြန်ဆန်ဆန်လုပ်ဆောင်ရမယ့်အခြေအနေရှိနေပါတယ်။ အစွန်းရောက်မှုဆလင်အဖွဲ့အစည်းများဟာ

နိုင်ငံတကာရှိအကြမ်းဖက်ကွန်ရက်များနဲ့ချိတ်ဆက်လုပ်ဆောင်နိုင်တဲ့ အနေအထားကို တွေ့ထိနေရတဲ့ အတွက်၊ တိုင်းပြည်အတွက် အန္တရာယ်ဆိုးများကို အချိန်မရွေးကျရောက်နေတဲ့။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စောဝေတင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးသာလေစွပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါ်ခင်စောဝေရဲ့အဆိုပေါ်မှာ တရားဥပဒေစိုးမိုးရေး၊ အချုပ်အခြာအာဏာတည်တံ့ရေးဆိုတဲ့ ရှုထောင့်ကတင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အားလုံးသိကြတဲ့အတိုင်းပဲ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှာ ဖြစ်ပျက်ခဲ့တဲ့ ဖြစ်စဉ်တွေမှာ ဒီဘင်္ဂါလီအကြမ်းဖက်သမားများဟာ နယ်ခြားစောင့်တပ်ဖွဲ့စခန်းသုံးခုကို တစ်ပြိုင်နက်ဝင်စီးပြီးတော့ အကြမ်းဖက်တိုက်ခိုက်ခဲ့ကြပါတယ်။ အဲဒီထဲမှာ လုံခြုံရေးတပ်ဖွဲ့ဝင်ကိုးဦးနဲ့ လက်နက်ပေါင်းများစွာ ဆုံးရှုံးခဲ့ပါတယ်။ ဒီလိုတိုက်ခိုက်မှုဖြစ်စဉ်မှာ ထူးခြားတဲ့အချက်တွေရှိနေပါ တယ်။ ပထမတစ်ချက်က အဲဒီဘင်္ဂါလီအကြမ်းဖက်သမားတွေဟာ တောထဲတောင်ထဲက လက်နက်ကိုင်အဖွဲ့နဲ့ လာပြီးတော့ ဝင်ရောက်တိုက်ခိုက်တာမဟုတ်ပါဘူး။ ရွာတွေထဲကနေပြီးတော့ အလျှိုလျှိုအကြမ်းဖက်အမာခံတွေထွက်လာပြီးတော့ အလစ်အငိုက်ဝင်ပြီးတော့ တိုက်ခိုက်ခြင်းဖြစ်ပါတယ်။

ဒုတိယထူးခြားချက်ကတော့ အဲဒီတိုက်ခိုက်မှုကို အနီးအနားရှိတဲ့ ဘင်္ဂါလီကျေးရွာတွေကနေပြီးတော့ အုံနဲ့ကျင်းနဲ့ သံပြိုင်ဟစ်ပြီးတော့ ခြိမ်းခြောက်မှုတွေနဲ့ ဝင်ရောက်ပါဝင်ကူညီခဲ့ကြပါတယ်။ အဲဒီတိုက်ခိုက်မှုပြီးတဲ့အခါမှာ အဲဒီအကြမ်းဖက်သမားတွေနဲ့ရွာသားတွေဟာ အလျှိုလျှိုပဲ ကျေးရွာတွေကို ဝင်ရောက်ပြီးတော့ ပျောက်ကွယ်သွားကြပါတယ်။ ဒီလိုပါပဲ ကျွန်တော်တို့ အကြမ်းဖက်မှုဖြစ်စဉ်နောက်ပိုင်းမှာ တပ်မတော်က နယ်မြေရှင်းလင်းခြင်းလုပ်တဲ့အခါမှာလည်းပဲ ရွာသားတွေဟာ တပ်မတော်စစ်ကြောင်းတွေကို ဝိုင်းဝန်းတိုက်ခိုက်တာတွေရှိခဲ့ပါတယ်။ ဝန်ပိုက်ကျေးရွာမှာဖြစ်ပျက်ခဲ့တဲ့ ဖြစ်စဉ်မှာဆိုရင် တပ်မတော်က တပ်ရင်းမှူးအဆင့်ရှိတဲ့အရာရှိတစ်ဦးကျဆုံးခဲ့ပြီးတော့ စစ်ကြောင်းကို တပ်မတော်စစ်ရေယာဉ်တွေနဲ့ လမ်းကြောင်းဖွင့်ပြီးတော့ ရှင်းထုတ်ခဲ့ရပါတယ်။ တပ်မတော်သားတွေ အနေနဲ့ကလည်းပဲ ရန်သူလား၊ ရွာသားလားဆိုတာခွဲခြားမရနိုင်ဘဲနဲ့ ပစ်မှတ်ကို ပြောင်းပေးပြီးတော့၊

သေနတ်ကိုမိုးပေါ်ထောင်ပြီးတော့၊ ပြန်ဖောက်ပြီးတော့ ပြန်ဆုတ်ခွာလိုက်ရတဲ့ဖြစ်စဉ်ရှိပါတယ်။ ဒီလို ဖြစ်စဉ်တွေအနေနဲ့ အခုထက်ထိလည်း၊ မကြာသေးမီကပဲ အောက်နားရာကျေးရွာမှာ ဒီလိုဖြစ်စဉ် တစ်ခု ဖြစ်ပွားခဲ့ပါတယ်။ ဘင်္ဂါလီအကြမ်းဖက်သမားတွေကို သွားပြီးတော့ ဖမ်းဆီးသွားတဲ့ လုံခြုံ ရေးတပ်ဖွဲ့ဝင်တွေကို ရွာသားပေါင်းမြောက်မြားစွာက ဝင်ရောက်တိုက်ခိုက်တာတွေ ကြုံခဲ့ရပါတယ်။ ဒီလိုဖြစ်စဉ်ရဲ့နောက်ပိုင်းမှာ တပ်မတော်က နယ်မြေရှင်းလင်းရေးဆောင်ရွက်တဲ့အခါမှာလည်း ဒီအကြမ်းဖက်အဖွဲ့အစည်းတွေဟာ မေယုတောင်ကြောမှာစခန်းချပြီးတော့၊ ရိက္ခာတွေသိုလှောင်ပြီး တော့ စုဆောင်းထားတာတွေ တွေ့ရှိတယ်။ သင်တန်းတွေဖွင့်တာတွေ့ရှိတယ်။ ကျေးရွာတွေမှာ စစ် သင်တန်းတွေ၊ အကြမ်းဖက်သင်တန်းတွေပေးတာရှိတယ်။ ဆက်သွယ်ရေးပစ္စည်းတွေ၊ မိုင်းတွေ၊ လက်နက်တွေ အဲဒါတွေကို တွေ့ရှိရတယ်။ အဲဒီအကြမ်းဖက်ဖြစ်စဉ်တွေမှာ နိုင်ငံခြားသားတွေ အပါအဝင် ဘာသာရေးဆရာတွေက ထဲထဲဝင်ဝင်ပါဝင်ပတ်သက်နေတာလည်း တွေ့ရှိရပါတယ်။ အဲဒီ နောက်ပိုင်းမှာ ဆက်တိုက်ဆက်တိုက် ဒေသခံတွေ မတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်လာတာတွေ တွေ့တယ်။ ကျေးရွာလူကြီးတွေကိုသတ်တယ်။ ဒေသခံတိုင်းရင်းသားတွေကိုသတ်တယ်။ ဒေသမှာ အုပ်ချုပ်ရေးယန္တရားဟာ လုံးဝပျက်စီးသွားတဲ့အခြေအနေမျိုးရောက်ရှိနေပါတယ်။ အဲဒီတော့ ဒီကိစ္စ တွေကို ကျွန်တော်တို့က ဘယ်လိုပါဝင်ပြီးတော့ အကျပ်အတည်းကရုန်းထွက်ကြမလဲဆိုတဲ့အဖြေကို ရှာဖို့လိုတယ်လို့ ထင်ပါတယ်။ ဒါက တကယ့်ထူးခြားတဲ့အကြမ်းဖက်သမားတွေရဲ့ ဘာသာရေးစစ်ပွဲ အသွင်ဆောင်တဲ့တိုက်ပွဲတွေကို ဆက်လက်ဖော်ဆောင်ဖို့အတွက် ပထမခြေလှမ်းတွေဖြစ်တယ်လို့ ကျွန်တော်တို့ ရှုမြင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားအချင်းချင်းကြားမှာ ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို အဖြေရှာကြိုးစားဆောင်ရွက်နေတဲ့ကာလမှာ ဒီဘင်္ဂါလီအကြမ်းဖက်မှု ဟာ သခွပ်ပင်က မီးတကျည်လိုဖြစ်လာနေပါတယ်။ ဒါပေမဲ့ ပဋိပက္ခနှစ်ခုဟာ အသွင်ချင်းမတူပါဘူး။ အနှစ်အရသာချင်းလည်း မတူပါဘူး။ ဘင်္ဂါလီတွေဟာ တိုင်းရင်းသားတွေမဟုတ်သလို နိုင်ငံသားတွေ လည်းမဟုတ်ကြပါဘူး။ သူတို့ရဲ့ အန္တိမရည်မှန်းချက်က နယ်မြေကို ကျူးကျော်ဖဲ့ယူပြီးတော့ သီးခြား အစ္စမစ်နိုင်ငံထူထောင်ရေး အခြေအနေပေးရင် ဘာသာတူလူမျိုးတူဆွေမျိုးရင်းခြာတွေရှိတဲ့ တစ်ဖက် နိုင်ငံနဲ့ပေါင်းစည်းရေး ဖြစ်ပါတယ်။ ဒါကြောင့် ဘင်္ဂါလီဟာ နိုင်ငံတော်က ခွင့်ပေးတဲ့ နိုင်ငံသားစိစစ် ရေးတံခါးပေါက်ကဝင်မလာဘဲ နိုင်ငံတော်က လက်မခံတဲ့ ရိုဟင်ဂျာဆိုတဲ့နာမည်အတုအလိမ်ကို ဖန်တီးပြီးတော့၊ ခွေးတိုးပေါက်ကဝင်ပြီးတော့ ဝင်ဖို့ကြိုးစားနေကြခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တောဒေသဟာ ဘင်္ဂါလီ အကြမ်းဖက်သမားတွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် ကျေးရွာအများအပြားမှာ အုပ်ချုပ်ရေး ယန္တရားတွေ ပျက်စီးသွားပြီးဖြစ်ပါတယ်။ ဥပဒေစိုးမိုးမှုမရှိတော့ပါဘူး။ ဒီကျေးရွာတွေဟာ အကြမ်းဖက် သမားတွေရဲ့ ဌာနချုပ်စခန်းလိုဖြစ်နေပါတယ်။ တရားမဝင် ဗလီပေါင်းများစွာနဲ့ အာရဗီစာသင် ကျောင်းများစွာတို့က အကြမ်းဖက်သမားများကို မွေးထုတ်ဖို့ရာသင်တန်းကျောင်းတွေအဖြစ် မြင်လာ နေရပါတယ်။ တစ်ဖက်မှာ လူနည်းစုဖြစ်တဲ့ဒေသခံရခိုင်၊ ဗမာ၊ မြို၊ သက်၊ ဒိုင်းနက်စတဲ့တိုင်းရင်းသား တွေဟာ ဘင်္ဂါလီတွေရဲ့သတ်ဖြတ်မှု၊ ခြိမ်းခြောက်မှုအန္တရာယ်တွေကြောင့် ရွာလုံးကျွတ်ပြောင်းရွှေ့မှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒါဟာ ကျူးကျော်ဘင်္ဂါလီတွေရဲ့ ချိုးမြိန်တဲ့အိပ်မက်တစ်ခုကို အကောင်အထည် ပေါ်လာနေခြင်းဖြစ်တယ်လို့ မြင်မိပါတယ်။ ဒီဒေသမှာတိုင်းရင်းသားတွေမရှိဘဲ နိုင်ငံသားမဟုတ်တဲ့ ဘင်္ဂါလီသက်သက်နယ်မြေဖြစ်သွားမယ်ဆိုရင် ဒါဟာ အချုပ်အခြာအာဏာကျဆုံးခြင်းတစ်မျိုးပဲ ဖြစ် ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ အမြန်ဆုံးကိုင်တွယ်ဖြေရှင်းရမှာက နယ်စပ်ဒေသလုံခြုံရေးနဲ့ တရားမဝင် ဝင်ရောက်မှုကို တားဆီးနိုင်ရေးဖြစ်ပါတယ်။ နိုင်ငံထဲကို ကျူးကျော်ဝင်ရောက်နေတဲ့ နိုင်ငံသားမဟုတ်သူတွေကို မစစ်ဆေးနိုင်ရုံမက သန်းခေါင်းစာရင်းတောင်မှ အကောက်မခံတဲ့အတွက် လူဦးရေစာရင်းကို ခန့်မှန်းပြီးဖော်ပြထားတယ်ဆိုတာ နိုင်ငံတော်အတွက် အလွန်ရှက်ဖွယ်အလေ့ အကျင့်ဖြစ်ပါတယ်။

ဘာသာရေးကိုအခြေခံတဲ့လူနေမှုပုံစံကြောင့် ဒေသအတွင်းမှာ ဘင်္ဂါလီတွေဟာ လူဦးရေ ပေါက်ဖွားနှုန်းအလွန်မြင့်မားပါတယ်။ မိသားစုတစ်စုမှာ လူဦးရေ ၂၀ က ၄၀ ထိရှိပါတယ်။ သန်းခေါင် စာရင်းအရ ရခိုင်ပြည်နယ်ထဲမှာ ခန့်မှန်းဘင်္ဂါလီဦးရေ ၁၁ သိန်းနီးပါးရှိတယ်လို့ ဖော်ပြထားပါတယ်။ လက်တွေ့မှာ ဒီထက်များနိုင်ပါတယ်။ ပြည်မကိုပြောင်းရွှေ့သွားတဲ့သူတွေလည်း အများကြီးရှိနိုင်ပါ တယ်။ ဘင်္ဂလားဒေ့ရှ်မှာလည်း ဒုက္ခသည်အဖြစ် သိန်းချီပြီးတော့ ရှိနေတယ်လို့ပြောပါတယ်။ မလေးရှား နဲ့ဆို ဒီနိုင်ငံတကာမှာလည်း ရှိနေတယ်လို့ ပြောပါတယ်။ အိန္ဒိယနိုင်ငံကလည်း ခိုးဝင်ဘင်္ဂါလီ ၄၀၀၀၀ ကျော်ကို မြန်မာနိုင်ငံကို ပို့မယ်ဆိုပြီးတော့ ပြောနေပါတယ်။ ဒါတွေဟာ နိုင်ငံသားစိစစ်ရေး လုပ်ငန်းကို တိတိကျကျ ပြတ်ပြတ်သားသား လျှင်လျှင်မြန်မြန် လုပ်ရတော့မယ်ဆိုတာကို အချက်ပေး နေခြင်းဖြစ်ပါတယ်။ လူဦးရေထိန်းညှိမှုအတွက်ဆိုရင် တစ်လင်တစ်မယားဥပဒေနှင့်အတူ လူဦးရေ ထိန်းညှိခြင်းဆိုင်ရာဥပဒေတွေကို ဒီဒေသမှာအသက်ဝင်အောင်လုပ်ပေးဖို့ လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယတင်ပြချင်တာကတော့ ပျက်စီးနေတဲ့ဘင်္ဂါလီကျေးရွာတွေရဲ့ အုပ်ချုပ်ရေးယန္တရားကို အခိုင်အမာပြန်လည်တည်ဆောက်ဖို့ဖြစ်ပါတယ်။ ဒါကိုမလုပ်နိုင်ဘူးဆိုရင် ဥပဒေ စိုးမိုးမှုကိုမလုပ်နိုင်ဘူး။ အကြမ်းဖက်သမားတွေကို ကြောက်ရွံ့တဲ့အတွက် ကျေးရွာမှာ ကျေးရွာလူကြီးလုပ်မယ့်သူမရှိတော့ပါဘူး။ ရှိရင်လည်း အကြမ်းဖက်သမားများရဲ့ ဩဇာခံမဟုတ်ရင် အသက်ရှင်ခွင့်မရှိပါဘူး။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေနဲ့ ဘင်္ဂါလီကျေးရွာများကို မဖြစ်မနေဝင်ရတဲ့အချိန်မျိုးရောက်မှ အင်အားနဲ့ အလုံးအရင်းနဲ့ ဝင်ရောက်ရတာဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးကို ရေရှည်လက်ခံမထားသင့်ပါဘူး။ ကျေးရွာများရဲ့အုပ်ချုပ်ရေးကို အမြစ်လှန်အသစ်ပြန်ပြီး တည်ဆောက်ပေးဖို့ အပူတပြင်း လိုအပ်နေပြီလို့ ယူဆပါတယ်။

တတိယအချက်တင်ပြချင်တာကတော့ တိုင်းရင်းသားကျေးရွာများကို အခိုင်အမာတည်ဆောက်ပေးဖို့ဖြစ်ပါတယ်။ ဒေသခံတိုင်းရင်းသားများကို စိတ်လုံခြုံမှု၊ ကိုယ်လုံခြုံမှုပေးနိုင်မယ့် လုံခြုံရေးအစီအမံများကို ဆောင်ရွက်ပေးဖို့လိုပါတယ်။ ၎င်းတို့ရဲ့ဘဝရပ်တည်ရေး အဆင်ပြေဖို့အတွက် စီးပွားရေးအခွင့်အလမ်းတွေကို ဖော်ဆောင်ပေးရပါမယ်။ ဒေသတွင်းမှာ တိုင်းရင်းသားဦးရေနှင့် ဘင်္ဂါလီဦးရေကို သင့်တော်မျှတတဲ့အချိုးရအောင် နိုင်ငံတော်က စီမံကိန်းချပြီး အကောင်အထည်ဖော်ပေးဖို့လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်ကြာမြင့်စွာကပဲ ဒီအမြစ်တွယ်နေတဲ့ဘင်္ဂါလီကင်ဆာရောဂါကို အချိန်နှင့်တစ်ပြေးညီ အနာနှင့်ဆေးတည့်အောင်ကျွေးပြီးတော့ မကုသနိုင်ခဲ့တဲ့အတွက် တစ်နိုင်ငံလုံးမှာ တစ်ဆတစ်ဆပျံ့နှံ့လာတာကို တွေ့ရှိရပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသဟာ ထိုင်း၊ ဖိလစ်ပိုင်၊ တောင်ပိုင်းဒေသတွေလို အကြမ်းဖက်မှုများ တစ်နှစ်ထက်တစ်နှစ် များပြားလာပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းများအနေနဲ့ လူ့အခွင့်အရေးကို အကြောင်းပြပြီး ဖိအားတွေအဆက်မပြတ်ပေးလာရာက နိုင်ငံရဲ့ပြည်တွင်းရေးကိုပါ ပြောင်ပြောင်တင်းတင်းဝင်ရောက်စွက်ဖက်လာတာကို တွေ့ရပါတယ်။ နိုင်ငံတကာသတင်းမီဒီယာများကလည်း နိုင်ငံတော်ကအသိအမှတ်မပြုတဲ့ ရိုဟင်ဂျာနာမည်ကို တွင်တွင်အော်ပြီး မီးလောင်ရာလေပင့် အချိန်ကိုက်လုပ်ဆောင်လျက်ရှိကြပါတယ်။ ဒါပေမဲ့ မြန်မာ့သတင်းမီဒီယာများကတော့ ဒီအရေးမှာ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)ပယ်ဖျက်ရေးလောက် စိတ်ဝင်စားမှုမရှိတာကို ဝမ်းနည်းစွာတွေ့ရှိရပါတယ်။ လူ့အခွင့်အရေးကို တဆာဆာအော်နေတဲ့ ဒီမိုကရေစီဘိုးအေနိုင်ငံကြီးတွေဖြစ်တဲ့ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်စတဲ့နိုင်ငံတွေမှာတောင်မှ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှု၊ အကြမ်းဖက်မှုတွေကို နိုင်ငံတော်ရဲ့အကျိုးစီးပွားတွေကိုဦးစားပေးပြီး ပြတ်ပြတ်သားသား

ဖြေရှင်းနေတာ အားလုံးအသိဖြစ်ပါတယ်။ အကြမ်းဖက်သမားတွေကို လူ့အခွင့်အရေးနဲ့ကာကွယ်ပေး နေခြင်းဟာ ကိုက်မယ့်ကျားကိုထိုင်ပြီးမေတ္တာပို့နေတာနဲ့အတူတူဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်မှာ အဆိုးထဲက အကောင်းဆိုသလို နိုင်ငံတော်ခေါင်းဆောင်များနဲ့ ပြည်သူတစ်ရပ်လုံးဟာ ဘင်္ဂါလီအကြမ်းဖက်သမားတွေရဲ့ အကြမ်းဖက်လုပ်ရပ်များဟာ တိုင်းပြည် အတွက် အန္တရာယ်ရှိတယ်ဆိုတာကို သိသာပြီးတော့ တဖြည်းဖြည်းအမြင်တူညီမှုတွေ ရှိလာနေပါတယ်။ ရိုဟင်ဂျာဆိုတဲ့အသုံးအနှုန်းတွေဟာ အန္တရာယ်ရှိပြီး လက်မခံနိုင်ကြောင်း နိုင်ငံတော်အကြီးအကဲတွေ ဖြစ်တဲ့ သမ္မတဟောင်း ဦးသိန်းစိန်နဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ကလည်း ပြောထားခဲ့သလို NLD ပါတီအတွင်းရေးမှူး အဖွဲ့ဝင် ဦးဉာဏ်ဝင်းက ရိုဟင်ဂျာဆိုတာမရှိဘူး။ အထောက်အထားမရှိဘူး။ ရခိုင်ပြည်နယ်အနေအထားက စိုးရိမ်စရာကောင်းတယ်။ လုံခြုံရေးအင်အားကိုလုံးဝလျှော့လို့မရဘူး။ ဒီကိစ္စကိုမဖြေရှင်းနိုင်ရင် အကုန်လုံးဝါးမြိုသွားလိမ့်မယ်။ ကျွန်တော်တို့လူမျိုးပျောက်သွားလိမ့်မယ်လို့ Voice သတင်းဌာနမှ ပြောခဲ့ပါတယ်။ ထို့အတူပဲ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသဟာ ထိုင်းနိုင်ငံတောင်ပိုင်းလိုဖြစ်နေတာကြာပြီ။ ရခိုင်တွေရဲ့မျိုးချစ် စိတ်ဓာတ်နဲ့ ဇွဲသတ္တိကြောင့် ဒီလောက်တော့အခြေအနေမဆိုးသေးဘူး။ ကျန်တဲ့သဘောမျှတတဲ့ တိုင်းရင်းသားများသာဆိုရင် အမျိုးတောင်ပျောက်နေလောက်ပြီ။ ရခိုင်တိုင်းရင်းသားတွေဟာ ခေါင်းမာ လို့၊ သတ္တိရှိလို့ ကြံ့ကြံ့ခံနိုင်တာ တံခါးနဲ့ခြံစည်းရိုးကို ယနေ့ထိလုံအောင် ကာကွယ်ထားနိုင်တာဖြစ် တယ်လို့ ပြောကြားခဲ့တဲ့အတွက် ဒါတွေကိုလည်း အများကြီးကျွန်တော်တို့ အားရဝမ်းသာဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ နိုင်ငံတော်သစ်ကို လျှောက်လှမ်းတဲ့နေရာမှာ အနှောင့်အယှက် ဆူးငြောင့်ခလုတ်သဖွယ် အဟန့်အတားဖြစ်နေတဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသအကြမ်းဖက်မှုများ ချုပ်တည်းရေးအတွက် ကောင်းမွန်သောအုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံများကို အကောင်အထည် ဖော်ပေးဖို့လိုပါတယ်။ နိုင်ငံတော်အနေနဲ့ ဒီပြဿနာကို ကိုင်တွယ်ဖြေရှင်းရာမှာ ဟိုလူကြောက်၊ ဒီလူ ထောက် တွေဝေရမယ့်အချိန်အခါမျိုးလည်းမဟုတ်ပါဘူး။ နိုင်ငံတော်မျက်နှာတစ်ခုတည်းကိုကြည့်ပြီး တော့ ပြတ်ပြတ်သားသားဖြေရှင်းဆောင်ရွက်ကြဖို့ ပြောလိုပါတယ်။ အရေးကြီးပြီဖြစ်လို့ သွေးနီးကြဖို့ လိုတဲ့အကြောင်း ဒေါ်ခင်စောဝေ၏အဆိုကို ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။

**မူကြမ်း**

ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဒေါ်ခင်စောဝေ တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က တင်သွင်းတဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် ဖြစ်ပေါ်လျက်ရှိသော ဘင်္ဂါလီလူမျိုးအစွန်းရောက် အဖွဲ့အစည်းများ၏ရာဇဝတ်မှုများ ကျူးလွန်နေကြခြင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အသက်အိုးအိမ်လုံခြုံရေးတို့ကို များစွာထိပါးနှောင့်ယှက်လာပြီဖြစ်၍ ဒေသတွင်းပိုမိုကောင်းမွန်သည့် အုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံများ ချမှတ်ကာ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၁-၈-၂၀၁၇ ရက်(တနင်္လာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ဆက်သွယ်ရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၃၈)ရက်မြောက်နေ့ (၃-၈-၂၀၁၇ ရက်နေ့) တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် အစည်းအဝေး(၄၂)ရက်မြောက် နေ့ (၁၀-၈-၂၀၁၇ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၄-၈-၂၀၁၇ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးက အမည်စာရင်း တင်သွင်းလာပါတယ်။ ယင်းဥပဒေ ကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း ရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသား လွှတ်တော်ရဲ့ ပြင်ဆင်ချက်များနှင့်သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက် သွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၃)ချက်ကို ဥပဒေကြမ်း ကော်မတီက တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်း ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ဖြစ်တဲ့ (၁၀-၈-၂၀၁၇ ရက်နေ့)တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့တင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၁၄-၈-၂၀၁၇ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်းကြေညာခဲ့သဖြင့် အောက်ပါပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးက ပြင်ဆင်ချက်အဆိုတင်သွင်းလာခဲ့ပါတယ်။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၊ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ပြုံး၊ ပန်တောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးထက်၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၊ မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း၊ မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်နှင့် စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ကြည်မို့မို့လွင်တို့က ပြင်ဆင်ချက်အဆိုများကို တင်သွင်းလာခဲ့ကြပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ ပြင်ဆင်ချက်အဆို တင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၅-၈-၂၀၁၇ ရက်(အင်္ဂါနေ့)တွင် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ကြပါတယ်။ ထိုညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့် အချက်များအနက် အချက်(၃)ချက်ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူလက်ခံခဲ့ပါတယ်။

အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက် အချက်(၃)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

**မူကြမ်း**

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၂ မှ ၃ | အပိုဒ် ၁၊ အပိုဒ် ၂ |
| (ခ) | ၄ | ၆ | အပိုဒ် ၅ ပုဒ်မ ၈၀ ပုဒ်မခွဲ(က) |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူညီသည့် အမျိုးသား လွှတ်တော်၏ အတည်ပြုချက် (၃)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အနက်(၃)ချက်ကို ဥပဒေကြမ်း ကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့(၃)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန်လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဆက်သွယ်ရေး ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ (၃)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်(၃)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောမတူဘဲ ပြင်ဆင်သင့်သော အချက်(၃)ချက်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါ

တယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်(၃)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြ အပ်ပါတယ်ခင်ဗျား။

ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၃)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | ဥပဒေခေါင်းစီး |
| (ခ) | ၅ | ၈ | အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ်၄ ပုဒ်မ ၈၀ ပုဒ်မခွဲ (ဂ)ကို ပယ်ဖျက်ခြင်း |
| (ဂ) | ၅ | ၉ | အပိုဒ် ၄ ပုဒ်မ ၈၀ ပုဒ်မခွဲ(ဃ)ကို ပြင်ဆင်ခြင်း |

**ဥက္ကဋ္ဌ**။ ။ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန )**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးမှ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်အဆိုပြုတဲ့အချက်(၃)ချက်အပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ သဘောတူလက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်(၃)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၃)ချက်သည် ဥပဒေကြမ်းကော်မတီရဲ့

ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားသော ဥပဒေကြမ်းကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်တို့က ပြင်ဆင်ချက်(၃)ချက်အား ဆွေးနွေးမှာဖြစ်ပါတယ်။ ယခု စတင်ဆောင်ရွက်ပါ့မယ်။ အသစ်ဖြည့်စွက်ချက်အပိုဒ် ၃ ပုဒ်မ ၆၈ ခြေဆင်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဟိန် (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းဟိန် ဖြစ်ပါတယ်။ ကျနော်က ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ ခြေဆင်းနှင့်ပတ်သက်ပြီးတော့ ပြင်ဆင်ချက်အဆိုကို တင်သွင်းမှာဖြစ်ပါတယ်။ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို တင်သွင်းလာခြင်းနဲ့ အကြောင်းအရင်းကို လေ့လာသုံးသပ်လို့ရှိရင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)ပါ ပြစ်ဒဏ်များကို အာမခံပေးနိုင်တဲ့ ပြစ်မှုများအဖြစ်သို့ ပြောင်းလဲစေလေသောအချက်က အဓိကဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဆက်သွယ်ရေးဥပဒေမှာပါဝင်တဲ့ ပြစ်မှုများနှင့်ပတ်သက်ပြီး အာမခံပေးခွင့်ရသည်။ အာမခံပေးခွင့်မရသည်ကို ဥပဒေတွင်ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ထိုသို့ပြဋ္ဌာန်းထားခြင်းမရှိပါက စစ်ဆေးလိုသော ပြစ်မှု၏ပြစ်ဒဏ်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေဇယား ၂ နှင့် တိုက်ဆိုင်စစ်ဆေးပြီးအာမခံပေးခွင့်ရ/မရကို စိစစ်ရမှာဖြစ်ပါတယ်။ ယခုပြသထားသော ဓာတ်ပုံ Slide မှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေဇယား(၂)ဖြစ်ပါတယ်။ ပုဒ်မ ၆၆ ရဲ့ ပြစ်ဒဏ်မှာ သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသဖြင့် ဇယား(၂) ဒုတိယအပိုဒ်ရှိ ၃ နှစ်နှင့်အထက် သို့သော်လည်း ခုနှစ်နှစ်အောက် ပြစ်ဒဏ်နှင့်ကိုက်ညီနေသဖြင့် ကော်လံ ၅ အရ အာမခံမပေးနိုင်သော ပြစ်မှုဖြစ်ပါတယ်။ အထက်တွင် တင်ပြထားသကဲ့သို့ ပြစ်ဒဏ်ကို ဇယား ၂ နှင့် တိုက်ဆိုင်စိစစ်၍ အာမခံပေးနိုင်သော ပြစ်မှုအဖြစ်သို့ ပြောင်းလဲစေရန်ဆောင်ရွက်ပါက ပိုမိုလွယ်ကူပြီး ဆက်စပ်ဥပဒေများနှင့် တစ်နည်းအားဖြင့် တည်ဆဲဥပဒေများနှင့် ညီညွတ်စေနိုင်ပါတယ်။ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ ၏

ပြစ်ဒဏ်ကို သုံးနှစ်အထိထောင်ဒဏ်ဟု သတ်မှတ်မည့်အစား သုံးနှစ်အောက်ထောင်ဒဏ်ဟု ပြင်ဆင်လိုက်ပါက ပုဒ်မ ၆၆ ပါပြစ်မှုများသည် ဇယား ၂ ၏ အပိုဒ် ၃ ထောင်ဒဏ်တစ်နှစ်နှင့်အထက်သို့သော်လည်း သုံးနှစ်အောက် ပြစ်ဒဏ်ထိုက်သည့် ပြစ်မှုတွင် အကျုံးဝင်သွားပြီ။ ယင်း၏ ကော်လံ ၅ အရ အာမခံပေးရမည့် ပြစ်မှုအဖြစ်သို့ ပြောင်းလဲသွားမည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြစ်ဒဏ်မပြောင်းလဲဘဲ အကြောင်းအရာကို ပြောင်းလဲ၍ ပုဒ်မ ၆၆ ပုဒ်မခွဲ(က)၊ (ခ) နှင့် (ဃ) တို့ပါ ပြစ်မှုများကို အာမခံပေးနိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်ပြီဟု ပြင်ဆင်လိုက်ပါက ထိုသို့ပြင်ဆင်ခြင်းသည် ဆက်စပ်ဥပဒေ သို့မဟုတ် တည်ဆဲအခြားဥပဒေများနှင့် ဆန့်ကျင်ကွဲလွဲသွားမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပုဒ်မ ၆၆ ခြေဆင်းတွင်ပါရှိသော သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေဆိုသည့်စကားရပ်ကို သုံးနှစ်အောက် ထောင်ဒဏ်ဖြစ်စေဆိုသည့် စကားရပ်နှင့် လွှတ်တော်မှ အစားထိုးပြင်ဆင်ပေးပါရန် ဥပဒေကြမ်းကော်မတီမှ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အသစ်ဖြည့်စွက်ချက် အပိုဒ်(၃) ပုဒ်မ ၆၆ ခြေဆင်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေအား ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ နှင့်ပတ်သက်ပြီးတော့ ပြင်ဆင်ချက်အဆိုကိုတင်သွင်းတာ ကျွန်တော်ရယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျန်တဲ့ကိုးဦးရယ် စုစုပေါင်း ၁၀ ဦးရဲ့ကိုယ်စား ကျွန်တော်တင်သွင်းမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃၁ နှင့်ပြဋ္ဌာန်းထားတဲ့ ဆက်သွယ်ရေးဥပဒေမှာ အဓိက ကျွန်တော်တို့ အခုတင်သွင်းမယ့်ကိစ္စကတော့ ပုဒ်မ ၆၆ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)နှင့်ပတ်သက်လို့ပဲ ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်တို့ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) တို့နှင့်ပတ်သက်လို့ကတော့ ဒီသုံးချက်ကို ကျွန်တော်တို့ မူလပြဋ္ဌာန်းချက်အတိုင်းပဲထားပါဆိုပြီးတော့ ကျွန်တော်တို့ညှိနှိုင်းပြီးတော့ ဆွေးနွေးခဲ့တာ ရှိပါတယ်။ ကျွန်တော်တို့နဲ့ ဥပဒေကြမ်းနဲ့အဓိကကွဲတာကတော့ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)နှင့်ပတ်သက်လို့ပဲ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့

ကျွန်တော်တို့ရဲ့ အဆိုပြုချက်များအရ ၁၅-၈-၂၀၁၇ ရက်နေ့မှာ ဥပဒေကြမ်းကော်မတီမှာ ကျွန်တော်တို့ တွေ့ကြပါတယ်။ တွေ့ကြတဲ့အခါကျတော့ ကျွန်တော်တို့ဘက်က အဆိုပြုတာက နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမယ်ဆိုပြီးတော့ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)ကို ကျွန်တော်တို့က အဆိုပြုတာ ဖြစ်ပါတယ်။ ဒီအဆိုပြုရတဲ့ အချက်နှင့်ပတ်သက်လို့က ခုနက ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌကြီးတင်ပြသွားတဲ့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ဇယားနောက်ဆက်တွဲ ကျွန်တော်တို့ ၂ နှင့်ပတ်သက်ပြီးတော့ သုံးနှစ်နှင့်အထက်ပြစ်ဒဏ်များကို အားမခံမပေးရဘူးဆိုတဲ့အချက်အပေါ်မှာ အခြေပြုပြီးတော့ ပထမအကြိမ် ဆွေးနွေးသွားတာဖြစ်ပါတယ်။ အဲဒီတော့ သုံးနှစ်နှင့်အထက်ဆိုတော့ ကျွန်တော်တို့ ဥပဒေကြမ်းကနေပြီးတော့ သုံးနှစ်အောက်ဆိုတာ ဥပဒေရဲ့ အခြေပြုပြီးရေးရတဲ့ ရေးထုံးရေးနည်းတွေ၊ မူသဘောတရားတွေမှာ ပြန်ပြီးတော့ ကြည့်တဲ့အခါကျတော့ ဒီနေ့ကျင့်သုံးနေတဲ့ ရာဇသတ်ကြီး။ နောက်အထူးဥပဒေထဲမှာ သုံးနှစ်အောက်ဆိုတဲ့ ပြစ်ဒဏ်ကမတွေ့ရပါဘူး။ မတွေ့လို့လည်းပဲ ကျွန်တော်တို့ ၁၅-၈-၂၀၁၇ ရက်နေ့မှာ ဥပဒေကြမ်းမှာတွေ့တဲ့အခါကျတော့ ဥပဒေကြမ်းကော်မရှင်လည်းလာပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနလည်း လာပါတယ်။ နောက်ကျွန်တော်တို့ ဥပဒေရှေ့နေချုပ်ရုံးကလည်း လာပါတယ်။ လာတဲ့အခါကျတော့ ဒီအောက်ဆိုတဲ့စကားကို ဆွေးနွေးကြတဲ့အခါကျတော့ ဒီအောက်ဆိုတဲ့စကားက ရေးထုံးမှာမရှိပါဘူးလို့ အားလုံးကသဘောတူပြီးသားပါ။ ဒါကိုလည်းပဲ ကျွန်တော်တို့ လက်ရှိကျင့်သုံးနေတဲ့ ကမ္ဘာ့နိုင်ငံများရော၊ ကျွန်တော်တို့မြန်မာနိုင်ငံရှေ့နေချုပ်ဥပဒေကရော ပြန်ကြည့်တဲ့အခါကျတော့ အဲဒီဟာကို ကန့်သတ်ထားတာက အဓိကကျတဲ့အချက်(၃)ချက်လုံး တွေ့ရပါတယ်။ ဥပဒေကြမ်းတစ်ခုကို ပြင်မယ်၊ ရေးဆွဲမယ်ဆိုလို့ရှိရင် လိုက်နာရမယ့်အချက်ဆိုလို့ရှိရင်တော့ မြန်မာနိုင်ငံမှာ ကျင့်သုံးနေတဲ့ ဥပဒေက ၁၆ ချက်ပြဋ္ဌာန်းထားတာရှိပါတယ်။ အဲဒီ ၁၆ ချက်မှာ အဓိကကျတဲ့အချက်က ဥပဒေတစ်ရပ်ကို ရှင်းရှင်းလင်းလင်းရေးသားရမယ်။ အများပြည်သူတွေက ဖတ်ကြည့်လို့ရှိရင် သဘောပေါက်ပြီးတော့ နားလည်မှုလွယ်ရမယ်ဆိုတဲ့ အချက်က အဓိကတွေ့ရတာဖြစ်ပါတယ်။ အဲဒီတော့ အခု ကျွန်တော်တို့ သုံးနှစ်အောက်ဆိုတဲ့စကားသည် ဥပဒေသမားတွေကိုယ်တိုင်ပင်လျှင် အဲဒီဟာကို ပြန်ကြည့်တဲ့အခါကျတော့ သုံးနှစ်အောက်ဆိုတာ ဟိုတစ်ကစသော်လည်းပဲ ဘယ်အထိလဲဆိုတာကို ကျွန်တော်တို့ သွားတွေ့တာမရှိပါဘူး။ ဒီပြဋ္ဌာန်းထားတဲ့ဥပဒေကို အာမခံပေးရုံထက်ပေးချင်လို့ ကျွန်တော်တို့ သုံးနှစ်အောက်လို့ရေးလိုက်ခြင်းသည် ကျွန်တော်တို့ရဲ့ ဥပဒေပြဋ္ဌာန်းမှုဥပဒိရုပ်ကြီးကို သွားပြီးတော့ ထိခိုက်မှာဖြစ်ပါတယ်။ အဓိကကလည်း ကျွန်တော်တို့ ဥပဒေပြဋ္ဌာန်းနေတဲ့

ဥပဒေကိုရေးဆွဲနေတဲ့ လွှတ်တော်ကြီးရဲ့ ဥပဓိရုပ်ကိုပါ။ တချို့နောက်ပိုင်းမှာလာပြီးတော့ ဒါကိုလက်မခံဘူးဆိုရင် ကျွန်တော်တို့ ပြောစရာကြီးလည်းဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဘက်ကတော့ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀၀၊ ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရန်ဆိုတဲ့ ကျွန်တော်တို့က အဆိုတင်သွင်းခြင်းဖြစ်ပါတယ်။

နောက်တစ်ခါ ဥပဒေကြမ်းကော်မတီက ခုနတုန်းက ပုဒ်မ ၆၆ ခြေဆင်းမှာပါတာက သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်ဆိုပြီးတော့ ရေးထားတာရှိပါတယ်။ သို့သော်လည်းပဲ ခြေဆင်းမှာပြင်တဲ့အခါကျတော့ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေဆိုတဲ့ အဲဒီပြဋ္ဌာန်းချက်ကိုလည်း လုံးဝမပါဘဲနဲ့ သုံးနှစ်အောင်ထောင်ဒဏ်လို့ ရေးထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေတစ်ရပ်ကို ပြင်ဆင်မယ်၊ ပြဋ္ဌာန်းမယ်ဆိုလို့ရှိရင်တော့ ပြဋ္ဌာန်းဖို့၊ ရေးဆွဲဖို့လို့ ချမှတ်ထားတဲ့မူသဘောတရားတို့နှင့် လုပ်ထုံးလုပ်နည်းတွေနဲ့ ကိုက်ညီဖို့ကတော့ များစွာလိုပါတယ်။ ဒါမှ ကျွန်တော်တို့က ဒါ အခု ခဏကျင့်သုံးတဲ့ဥပဒေတွေ မဟုတ်ပါဘူး။ ရေရှည်ကျင့်သုံးရမယ့်ဥပဒေတွေလည်း ဖြစ်ပါတယ်။ ဒါကို ရေရှည်ကျင့်သုံးတဲ့ ဥပဒေတွေကိုမှ မကြာခဏပြင်ရတဲ့အဆင့်တွေရောက်လာမယ်ဆိုရင်တော့ ဥပဒေပြုတဲ့သူတွေအပေါ်မှာ များစွာတာဝန်သာရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အားလုံးသောဧည့်သည်တော်များကို ကျွန်တော်တို့ဘက်ကတော့ တိကျမှန်ကန်မှု၊ ရှင်လင်းမှုရှိတဲ့ပြဋ္ဌာန်းချက်မျိုးဖြစ်အောင် ကျွန်တော်တို့တင်ပြတဲ့နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျွန်တော်တို့အဆိုပြု ပြင်ဆင်ချက်ကို လက်ခံပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန )**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၃ ဖြင့် အသစ်ဖြည့်စွက်တဲ့ ပုဒ်မ ၆၆ ခြေဆင်းကို ပြင်ဆင်ခြင်းနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကော်မတီရဲ့ ပြင်ဆင်ချက်အဆိုအတိုင်း သဘောတူလက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃ ပုဒ်မ ၆၆ ခြေဆင်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနဲ့ ဦးတင်ထွေးတို့က ပြင်ဆင်ချက် အဆိုများတင်သွင်းထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကိုမူတည်၍ မဲခွဲ ဆုံးဖြတ်ပါ့မယ်။ ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးတင်ထွေးတို့ရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခု ဆွေးနွေးတဲ့အချက် နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်း ကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၁၇၀ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၂၃ မဲ၊ ကြားနေ ဆန္ဒမဲပေါင်း ၁ မဲ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်ဆန္ဒမဲက များတဲ့အတွက် အသစ် ဖြည့်စွက်ချက် အပိုဒ် ၃ ပုဒ်မ ၆၆ ခြေဆင်းသည် ဦးတင်ထွေးရဲ့ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၄ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ) နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင် သည့်ဥပဒေ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ) ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ပေးဖို့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)ကို ပယ်ဖျက်သင့်တဲ့အကြောင်း သုံးချက်ရှိပါတယ်။ ပထမတစ်ချက်က အခြေခံဥပဒေ နှင့် ဆန့်ကျင်နေလို့ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၀) ပုဒ်မ ၃၅၄ မှာ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေးနှင့် ပြည်သူ တို့၏ ကိုယ်ကျင့်တရားအကျိုးငှာပြဋ္ဌာန်းပေးထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင် အောက်ပါ အခွင့်အရေးများကို လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည် (က) မိမိယုံကြည်ချက်၊ ထင်မြင်ယူဆချက်နှင့်

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ချိခွင့်ဆိုပြီးတော့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်ကြောင့် ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)က အခြေခံဥပဒေနှင့်ဆန့်ကျင်နေပါတယ်။ အခြေခံဥပဒေ အခန်း(၄) ပုဒ်မ ၁၉၈ မှာလည်း ဥပဒေရဲ့အကျိုးသက်ရောက်မှုနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စု လွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးဦးစီးအဖွဲ့ကပြဋ္ဌာန်းတဲ့ဥပဒေများ သည်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်သည်လည်းကောင်း အခြေခံဥပဒေနှင့်ဆန့်ကျင်လျှင် အခြေခံဥပဒေကိုသာ လိုက်နာရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါက ပထမတစ်ချက်ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)မှာပြဋ္ဌာန်းထားတဲ့ ဥပဒေတွေအားလုံးကို မြန်မာ နိုင်ငံရာဇသတ်ကြီး (Myanmar Panel Code) မှာ ပြည့်ပြည့်စုံစုံပြဋ္ဌာန်းထားပြီးတဲ့အတွက် ဖြစ်ပါတယ်။ အသရေဖျက်မှုကို မြန်မာရာဇသတ်ကြီး (Myanmar Panel Code) မှာ အသရေ ဖျက်မှုကို ပုဒ်မ ၄၉၉ ကနေပြီးတော့ ပုဒ်မ ၅၀၂ အထိ ပြဋ္ဌာန်းပေးထားပါတယ်။ ခြောက်လှန့်တောင်းယူ မှုကို ပုဒ်မ ၃၈၃ ကနေပြီးတော့ ပုဒ်မ ၃၈၉ အထိ ပြဋ္ဌာန်းပြီးသားဖြစ်ပါတယ်။ ငြိမ်ဝပ်ရေးပိပြားရန် အကြံဖြင့် တမင်စော်ကားခြင်းကို ရာဇသတ်ကြီး ပုဒ်မ ၅၀၄ မှာ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ မမှန်သတင်းထုတ်ဝေဖြန့်ချိမှုကို ရာဇသတ်ကြီးပုဒ်မ ၅၀၅ မှာ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ခြိမ်းခြောက် မှုကို ရာဇသတ်ကြီးပုဒ်မ ၁၈၉၊ ၃၈၈ နှင့် ပုဒ်မ ၅၀၃ တွေမှာ ပြည့်ပြည့်စုံစုံပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် ပြစ်မှုတစ်ခုကို ကျွန်တော်တို့က ဥပဒေနှစ်မျိုးနဲ့ အရေးယူသလိုဖြစ်နေပါတယ်။ ရာဇသတ်ကြီးမှာလည်း ပြည့်ပြည့်စုံစုံပြဋ္ဌာန်းထားပြီးဖြစ်တဲ့အပြင်ကို ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)မှာလည်း ဒီဥပဒေတွေကိုပဲ ထပ်ပြီးတော့ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ရာဇသတ်ကြီးမှာ ကိုယ်၊ နှုတ်၊ အမူအယာ စာနှင့်ကျူးလွန်မှသာ အရေးယူနိုင်တယ်။ ဆက်သွယ်ရေးကွန်ရက်မပါဘူးလို့ မေးခွန်းထုတ်စရာ ကျွန်တော်တို့ ရှိပါတယ်။ အဲဒီအတွက်ကို သက်သေခံဥပဒေကို ပြင်ဆင်တဲ့ဥပဒေ (၂၀၁၅) ပြည်သူ့လွှတ်တော်ဥပဒေအမှတ် (၇၃) ပုဒ်မ ၃ မှာ Document ဆိုသည့်စကားရပ်အဓိပ္ပာယ်နောက် တွင် Electronic Record and Information are include ဆိုတဲ့ စကားရပ်ကို ဖြည့်စွက်ထားပြီး ဖြစ်တဲ့အတွက် Online ပေါ်က ပြစ်မှုတွေအားလုံးကို ရာဇသတ်ကြီးက လုံလုံလောက်လောက် အရေးယူလို့ရပါတယ်။ ဒါကြောင့် ဥပဒေနှစ်ခုဖြစ်နေတဲ့အတွက် ဒီ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)ကို ပယ်ဖျက် သင့်တယ်လို့ ဆိုလိုတာဖြစ်ပါတယ်။

တတိယအချက်ကတော့ ဥပဒေတစ်ခုပြဋ္ဌာန်းရင် ဥပဒေ မူလပြဋ္ဌာန်းစဉ်က ရည်ရွယ်ချက် တကယ်ရောက်/မရောက်နှင့် ကျင့်သုံးပုံမှန်/မမှန်ကို ကျွန်တော်တို့ ဆန်းစစ်ဖို့ လိုပါတယ်။ ၂၀၁၇ ခုနှစ်၊

ဇူလိုင်လ ၁၄ ရက်အထိ ကောက်ခံရရှိတဲ့ ဒီအမှု ၇၄ မှုကို လေ့လာကြည့်ရာမှာ အမုန်းစကားနှင့် ပတ်သက်တဲ့အမှု တစ်ခုမှမပါဝင်တာ တွေ့ရပါတယ်။ ဒီ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)ကို လိုရင်လိုသလို၊ မလိုရင် မလိုသလို တလွဲအသုံးပြုနေတာကြောင့် ပြည်သူကို ဒုက္ခပေးခဲ့လို့၊ နာမည်ပျက်ခဲ့လို့ လွှတ်တော်က ဖျက်သိမ်းလိုက်ရတဲ့ ၁၉၅၀ ခုနှစ်၊ အရေးပေါ်စီမံမှုဥပဒေ၊ ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ ဧည့်စာရင်း ဥပဒေများကဲ့သို့ပဲ ကျင့်သုံးပုံလွဲမှားမှုကြောင့် နံမည်ဆိုးနှင့် ကျော်ကြားနေတာဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာရဲ့ သတင်းရယူဖော်ပြခွင့်ကိုလည်း ထိခိုက်စေပါတယ်။ နောက် Facebook မှာ Account အတု လုပ်ရတာ အင်မတန်လွယ်ပါတယ်။ ဖုန်းနံပါတ်မလိုပါဘူး။ Mail တစ်ခုရှိရုံနဲ့ အလွယ်တကူလုပ်နိုင်ပါတယ်။ ပြီးတော့ ပြည်တွင်းမှာလည်း လုပ်နိုင်တယ်။ ပြည်ပမှာ လည်းလုပ်နိုင်တယ်။ နေရာဒေသမရွေးလုပ်နိုင်ပါတယ်။ အဲဒီတော့ ဥပဒေရဲ့အကျိုးသက်ရောက်မှုက လုံလောက်ပါ့မလားဆိုတာ စဉ်းစားစရာရှိပါတယ်။ နောက်လူတစ်ဦးတစ်ယောက်ယောက်ကို တခြား တစ်ယောက်ယောက်က ချောက်တွန်းချင်လို့ရှိရင် Account အတုလုပ်ပြီးတော့ အသရေဖျက်မှုတစ်ခု လုပ်လိုက်ရုံပဲ။ အဲဒီလိုချောက်တွန်းခံရတဲ့သူဟာ အာမခံရရ/မရရ တရားရုံးမှာ သူရဲ့ Account က သူရဲ့ကိုယ်ပိုင် Account မဟုတ်တဲ့အတွက်ကြောင့် သက်သေပြဖို့အတွက် အမှုပြီးပြတ်သည်အထိ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဒီမှာတင် လူတစ်ယောက်ရဲ့ဂုဏ်သိက္ခာ၊ တန်ဖိုးရှိတဲ့အချိန်တွေ၊ တရားရုံး အတွက် သုံးစွဲရတဲ့ငွေကြေးတွေ၊ နစ်နာဆုံးရှုံးမှုတွေရှိလာပါပြီ။

နောက်ပြီးတော့ ဒီ ကိုယ့်ရဲ့ Profile အမှန်၊ ကိုယ့်ရဲ့ Account အမှန်နဲ့ သုံးတဲ့သူတွေအပေါ်မှာ သက်ရောက်မှုရှိပြီးတော့ Fake Account တွေ၊ Account အတုတွေ၊ Profile အတုတွေနဲ့ Online ပေါ်မှာ စနစ်တကျ ဒီအမုန်းစကားတွေ၊ မမှန်သတင်းတွေ၊ ပုတ်ခတ်စော်ကားမှုတွေဖြန့်ချိနေတဲ့ အဖွဲ့အစည်းတွေကျတော့ အရေးမယူနိုင်ဘူးဖြစ်နေပါတယ်။ ဒါက မညီမျှမှုဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူတွေကို လွတ်လပ်မှုအပ်နှင်းဖို့၊ လွတ်လပ်မှုရဲ့အရသာကို ခံစားနိုင်ဖို့အတွက် ဒီဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)ကို ပယ်ဖျက်ပေးဖို့ ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၄ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေးကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ဒလမဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို ပြင်ဆင်ရန် တင်ပြသွားမှာဖြစ်ပါတယ်။ အပိုဒ် ၃ ပါ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)မှာ ကျွန်တော် တင်ပြလိုတဲ့အချက်ကတော့ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းလို့ ပြင်ဆင်လိုပါတယ်။ အဲဒီမှာ ကျွန်တော့်အနေနဲ့ အသရေဖျက်မှုဆိုတဲ့ စကားလုံးကို ပယ်ဖျက်ထားပါတယ်။ ဒီပယ်ဖျက်ထားရတဲ့အကြောင်းအရင်းတွေ များစွာရှိပါတယ်။ အဲဒီအထဲက အချို့ကိုဖော်ပြရမယ်ဆိုလို့ရှိရင်။

လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)မှာပါတဲ့ အင်္ဂါရပ်တစ်ခုဖြစ်တဲ့ အသရေဖျက်ခြင်းဟာ ဥပဒေမှာဆိုလို့ရှိရင် အဓိပ္ပာယ်ဖွင့်ဆိုချက် လုံးဝမရှိကြောင်း ဆက်သွယ်ရေးဥပဒေမှာ တွေ့ရပါတယ်။ အသရေဖျက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေခြင်းဆိုတဲ့အချက်အတွက် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၀ ရှိပြီးဖြစ်ပါလျက် တိုင်ကြားသူအချို့က ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)အရ အမှုဖွင့်ခြင်းဟာ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ) အမှုဖွင့်ခံရလျှင် အာခမံမရဘူးဆိုတာကို ၂၀၁၅ ခုနှစ်က မအူပင်မြို့နယ်မှာ ဖြစ်ခဲ့တဲ့အမှုကိုသိရှိကြပြီး သတင်းစာ၊ ဂျာနယ်တွေမှာ ပါပြီးကတည်းက သိရှိကြပြီးတော့ အမြင်မကြည်သူကို အနည်းဆုံးတော့ ၁၄ ရက်လောက်အချုပ်အနှောင်ခံရ၊ ထောင်ပို့ခံရအောင် လုပ်နိုင်တယ်ဆိုပြီး ပြည်သူကို အကာအကွယ်ပေးရေးဆိုတဲ့ ဆက်သွယ်ရေးဥပဒေရဲ့မွန်မြတ်မှုကို ထိခိုက်စေရာရောက်ပြီးတော့ လက်စားချေနိုင်တဲ့ဥပဒေအဖြစ် နံမည်ဆိုးနဲ့ ကျော်ကြားလာတာကလည်း အချက်တစ်ချက်ဖြစ်ပါတယ်။ ဒီလိုအသရေဖျက်မှုဆိုတာဟာ ရပ်ထဲ၊ ရွာထဲ ပြည်သူလူထုကြားမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ပြစ်မှုဖြစ်ပါတယ်။ ဒါပေမဲ့လည်းပဲ တချို့တရားစွဲတယ်။ တချို့တရားမစွဲဘူး။ ခွင့်လွှတ်ကြတာတွေလည်း ရှိပါတယ်။ ဒါပေမဲ့ ဒီလိုလက်စားချေနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်တာဖြစ်တဲ့အတွက် ပြည်သူလူထုက ဒီဥပဒေရဲ့မွန်မြတ်မှုကို အလွဲသုံးစားပြုကျင့်နေပါတယ်။ ဒါကလည်း ကျွန်တော်ပြောသလို တစ်ချက်ဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ဆိုလို့ရှိရင် မြန်မာနိုင်ငံရဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာသမားတွေကလည်းပဲ ဒီအချက်ကြောင့် မဆီမဆိုင်ပေါ့။ အစိမ်းအကျက်မရွေးပတ်သက်လာပြီးတော့ မီဒီယာသမားတွေပါ ထိခိုက်လာတဲ့အတွက် တိုင်းပြည်မှာ

ယခုဆိုလို့ရှိရင် ဒီဥပဒေ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)နှင့် တရားစွဲဆိုတဲ့အမှုပေါင်း ၇၀ ကျော်မှာ သူတို့လည်း ပါဝင်ပတ်သက်လာတဲ့အတွက် ဖြေရှင်းရခက်တဲ့အခြားပြဿနာတွေလည်း ပေါ်ပေါက်လာပါတယ်။ တစ်နည်းအားဖြင့် ပြောရဦးမယ်ဆိုလို့ရှိရင် ရာဇသတ်ကြီးဥပဒေအရ အသရေဖျက်မှုပါ အာမခံရနိုင်သော်လည်း ဆက်သွယ်ရေးဥပဒေအရ အသရေဖျက်ခြင်းက အာမခံမရနိုင်ကြောင်း ပြည်သူတွေသိရှိတဲ့အတွက် အဆိုပါအသရေဖျက်မှုဆိုတဲ့စကားလုံးကို ကျွန်တော် ပြင်ဆင်ချက်တင်သွင်းတဲ့အတိုင်း ဖြုတ်ပေးလိုက်မယ်ဆိုလို့ရှိရင် ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ပြည်သူလူထုဟာ တရားစွဲဆိုတဲ့အခါမှာ တိုက်ရိုက် ရွေးယခင်ကလိုပဲ။ တရားရုံးတွေမှာ အသရေဖျက်မှု ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၀ နဲ့ပဲ စွဲဆိုမယ်ဆိုလို့ရှိရင် အခုနက ဖြစ်ပေါ်လာတဲ့ဆိုးကျိုးတွေကို ရှောင်လွှဲနိုင်မှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အစပိုင်းက ဖော်ပြထားတဲ့အတိုင်း ပြင်ဆင်ချက်အဆိုတင်သွင်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီ အထက်မှာတင်ပြသွားတဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးနှင့် ဒေါက်တာစိန်မြအေးတို့ရဲ့ တင်ပြချက်ဟာဆိုလို့ရှိရင် ကျွန်တော်တို့ အသရေဖျက်မှုကို ဆက်သွယ်ရေးဥပဒေကနေပြီးတော့ ပယ်ဖျက်ဖို့တင်ပြထားတာ တင်ပြပုံတင်ပြနည်းကွာသော်လည်း အဓိပ္ပာယ်အားဖြင့်တော့ အတူတူပဲရှိပါတယ်။ ဒီနှစ်ခုအတွက် ကျွန်တော် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားမှတ်ချက်ကို တင်ပြမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်ကျော်ကျော်ဦးက အချက်သုံးချက်နဲ့ တင်ပြသွားတာရှိပါတယ်။ အဲဒီအချက်သုံးချက်မှာ (၁)ချက်ကတော့ လွတ်လပ်စွာပြောဆိုခွင့်ပါ။ လွတ်လပ်စွာပြောဆိုခွင့်လို့ ပြောတဲ့အခါမှာ Totally Freedom ပေါ့။ ဒီမိုကရေစီနိုင်ငံတွေမှာတောင် Totally Freedom ဆိုတာ မရပါဘူး။ လုံးဝလွတ်လွတ်လပ်လပ်ပြောလို့ပေါ့လေ။ ပြောဆိုခွင့်ဆိုတာ မရနိုင်ပါဘူး။ သူတို့ကို တည်ဆဲဥပဒေများနှင့်အညီသာ လွတ်လပ်ခွင့်ပေးရတာဖြစ်ပါတယ်။ အခု ပြဋ္ဌာန်းထားတဲ့ ၂၀၁၃ ခုနှစ်၊ ဆက်သွယ်ရေးဥပဒေဟာ တည်ဆဲဥပဒေဖြစ်ပါတယ်။ ဒီတည်ဆဲဥပဒေနှင့်အညီသာ လွတ်လွတ်လပ်လပ်ပြောဆိုခွင့်ရမှာဖြစ်ပါတယ်။ ဒါက တစ်ချက်ပါ။

နောက်တစ်ချက်ကတော့ ရာဇသတ်ကြီးဥပဒေမှာ အသရေဖျက်မှုပါထားပြီးဖြစ်တဲ့အတွက် ကြောင့် မလိုတော့ပါဘူးလို့ ဒီလိုဆိုတဲ့အချက်ပါ။ ဒီအချက်ကို ဒေါက်တာစိန်မြအေးကလည်း ဒီအချက်

ကိုပဲ အဓိကထားပြီး တင်ပြတာ တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ဥပမာတင်ပြချင်တာကတော့ ပြဋ္ဌာန်းခဲ့တဲ့ဥပဒေတွေ၊ တည်ဆဲဥပဒေတွေမှာ ရှင်းလင်းလွယ်အောင် တင်ပြရမယ်လို့ ပြောလို့ရှိရင် ဥပမာ - ခိုးမှုကိုကြည့်ပါ။ ခိုးမှုမှာ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၈ မှာ ခိုးမှုရဲ့အဓိပ္ပာယ်ကို ဖော်ဆိုထားတာရှိပါတယ်။ ပုဒ်မ ၃၇၉ မှာ ခိုးမှုရဲ့ပြစ်ဒဏ်ကို ဖော်ပြထားတာရှိပါတယ်။ ဒီ ပုဒ်မ ၃၇၈ ခိုးမှုကိုကြည့်လိုက်တဲ့အခါမှာ တစ်ဦးတစ်ယောက်သောသူရဲ့ လက်ဝယ်မှာရှိတဲ့ ပစ္စည်းကိုခိုးယူတာပါ။ ဒီပစ္စည်းကိုခိုးယူတယ်လို့ပြောလို့ရှိရင် ခိုးမှုမြောက်ပါတယ်။ ဒါပေမဲ့ ဒီပစ္စည်းဟာ ပစ္စည်းတစ်ခုဟာ တစ်ဦးတစ်ယောက်ရဲ့ပစ္စည်းမဟုတ်တော့ဘူး။ အစိုးရပိုင်ပစ္စည်းဖြစ်လာတယ်လို့ပြောလို့ရှိရင် ပုဒ်မ ၃၇၉ နဲ့ ပြစ်ဒဏ်ပေးခြင်းက မလုံလောက်တော့ပါဘူး။ မလုံလောက်တဲ့အတွက်ကြောင့် ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေ ပုဒ်မ ၆ (၁)ကို ပြဋ္ဌာန်းထားတာရှိပါတယ်။ အဲဒီ ပုဒ်မ ၆ (၁)မှာ ကြည့်လိုက်မယ်ဆိုလို့ရှိရင် မည်သူမဆို ပြည်သူပိုင်ပစ္စည်းတစ်ခုကို ခိုးယူရင် သို့မဟုတ် အကျိုးဖျက်ဆီးရင်ဆိုပြီးတော့ ပြဋ္ဌာန်းလိုက်တဲ့အခါမှာ ပြစ်ဒဏ်ကလည်း ထောင်ဒဏ်ခုနစ်နှစ်အထိ ဖြစ်သွားပါတယ်။ ဒါကတစ်ချက်ပါ။ ထို့အတူပဲ ပြည်သူပိုင်ပစ္စည်းတင်လားလို့မဟုတ်ဘူး။ နောက်ပိုင်းမှာ အများပိုင်တဲ့ပစ္စည်းများကိုလည်း ခိုးယူတယ်လို့ပြောလို့ရှိရင် ၁၉၆၃ ခုနှစ်မှာ အများပိုင်ပစ္စည်းများကာကွယ်ရေးအက်ဥပဒေ ပုဒ်မ ၃ အရ အများပိုင်တဲ့ပစ္စည်းကို ခိုးယူရင် ထောင်ဒဏ် ၁၀ နှစ်အထိ ထောင်ဒဏ် တစ်သက်တစ်ကျွန်းအထိ ထောင်ဒဏ်ချရတာရှိပါတယ်။ အဲဒီတော့ ကျွန်တော်ဆိုလိုချင်တာကတော့ ခိုးမှုလို့ပြောနေတိုင်း ခိုးမှုတိုင်းဟာ အတူတူမဟုတ်ပါဘူး။ သူ့အပေါ်မှာ ချင့်ချိန်တွက်ချက်ရမယ့်ကိစ္စတွေပါပါတယ်။ ဘယ်သူပိုင်တာလဲ။ လူတစ်ဦးတစ်ယောက်တည်းပိုင်တာလား။ ဒါမှမဟုတ် အစိုးရပိုင်တာလား။ ဒါမှမဟုတ်ရင် အများပြည်သူပိုင်တာလား။ ဒီအပေါ်မှာမူတည်ပြီးတော့မှ ပြစ်ဒဏ်ကို ချင့်ချိန်စိစစ်သွားရမှာဖြစ်ပါတယ်။

ထို့အတူပါပဲ အသရေဖျက်မှုကို ပြောမယ်ဆိုရင် အသရေဖျက်မှုဟာ ပုဒ်မ ၄၉၉ ပါ။ ပုဒ်မ ၄၉၉ မှာ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ဆိုတာ မပါပါဘူး။ ပုဒ်မ ၄၉၉ မှာ ဘာပဲပါတယ်လို့ ပြောလို့ရှိရင် စာဖြင့်ဖြစ်စေ၊ စကားဖြင့်ဖြစ်စေ၊ ပုံသဏ္ဌာန်ဖြင့်ဖြစ်စေဆိုပြီး ဒါ ကျွန်တော်တို့ သဘောထားတာရှိပါတယ်။ ဒီအထဲမှာ ဆက်သွယ်ရေးကွန်ရက်လို့ ဖော်ပြထားတာမရှိပါဘူး။ နောက်ပြီးတော့ ရာဇသတ်ကြီးဥပဒေဟာ ၁၈၁၆ ခုနှစ်၊ မေလ ၁ ရက်နေ့မှာ အင်္ဂလိပ်အစိုးရက ပြဋ္ဌာန်းတဲ့ဥပဒေပါ။ အဲဒီဥပဒေပြဋ္ဌာန်းစဉ်တုန်းက ဆက်သွယ်ရေးကွန်ရက်ပေါ့လေ။ Telecommunication လို့ပြောတဲ့ ဥစ္စာက စကားလုံးတောင် မပေါ်သေးပါဘူး။ ဒီလိုမပေါ်သေးတဲ့ခေတ်ကာလကရှိခဲ့တဲ့ဥပဒေကို ဒီ

Telecommunication ပေါ့လေ။ စက္ကန့်ပိုင်းအတွင်း လျင်မြန်စွာ ထောင်ပေါင်း၊ သောင်းပေါင်း၊ သိန်းပေါင်း၊ သန်းပေါင်းချီပြီးတော့ ဝါဒဖြန့်နိုင်တဲ့၊ အပုပ်ချနိုင်တဲ့ကိစ္စများမှာ ကျွန်တော် အသုံးပြုမယ် ဆိုရင် ဒီ ၁၈၁၆ ခုနှစ်၊ Telecommunication လို နံမည်မပေါ်တန်သေးတဲ့၊ အဓိပ္ပာယ်မပေါ်နိုင်သေး တဲ့ကာလက ပြဋ္ဌာန်းထားတဲ့ဥပဒေနဲ့ လုံလောက်ပါ့မလားဆိုတာကို ဒါ ကျွန်တော်တို့ စဉ်းစားဖို့ လိုပါ တယ်။ အကျုံးဝင်ပါ့မလားဆိုတာလည်း ဒါကိုလည်း စဉ်းစားဖို့ လိုပါတယ်။

နောက်တစ်ချက်အနေနဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်ကျော်ကျော်ဦး တင်ပြထားသလို ကျင့်ထုံးကျင့်ပုံမှားယွင်းနေတယ်။ ကျင့်သုံးပုံမှားယွင်းတယ်လို့ ကျွန်တော် ယူဆပါ တယ်။ ကျင့်သုံးပုံမှားယွင်းတာကို ဘာနဲ့ပြသသွားလဲလို့ပြောလို့ရှိရင် အရေးပေါ်စီမံကိန်းအက်ဥပဒေ နဲ့ပြသထားတာ တွေ့ရပါတယ်။ အရေးပေါ်စီမံမှုအက်ဥပဒေကို ကျွန်တော်တို့ပြင်ဆင်တုန်းကတော့ ဒီအရေးပေါ်စီမံမှုဥပဒေဟာ မျှတမှုမရှိဘူး။ တရားဥပဒေလုပ်ထုံးလုပ်နည်းနဲ့လည်း ဆန့်ကျင်နေတယ် ဆိုပြီး ကျွန်တော်တို့က ဒါကို ဖျက်သိမ်းရတာပါ။ ဒီဥပဒေနဲ့လုံးဝဆိုင်တဲ့ဥစ္စာမဟုတ်ပါဘူး။ သို့သော် လည်းပဲ ကျွန်တော်ပြောလိုတာက ဥပဒေတစ်ခုကို ကျွန်တော်ပြဋ္ဌာန်းတဲ့အခါမှာ အောင်မြင်အောင် ဆောင်ရွက်ဖို့ဆိုရင် အပိုင်းနှစ်ပိုင်းရှိပါတယ်။ တစ်ခုကဘာအပိုင်းလဲလို့ပြောရင် ဥပဒေရဲ့အပိုင်းပါ။ နောက်တစ်ပိုင်းက ဘာအပိုင်းလဲလို့ပြောရင် ဥပဒေကို ကိုင်တွယ်ဆောင်ရွက်သူများရဲ့အပိုင်းပါ။ ဥပဒေကိုကိုင်တွယ် ဆောင်ရွက်သူများရဲ့ချို့ယွင်းချက်ကြောင့် ချို့ယွင်းချက်မရှိတဲ့ဥပဒေတစ်ခုကို ကျွန်တော်တို့ ပယ်ဖျက်လိုက်ရမယ်လို့ဆိုရင် ဒီဥစ္စာက မျှတမှုမရှိနိုင်ပါဘူး။ နောက်တစ်ချက် ကျွန်တော် တင်ပြလိုတာက ဥပမာ - ကျွန်တော်တို့က လိမ်လည်မှုကိုကျူးမယ်၊ ဒါမှမဟုတ် ခိုးမှုကို ကျွန်တော် ကျူးလွန်နိုင်တယ်။ ကျူးလွန်လိုက်တဲ့အခါမှာ ကျင့်ထုံးမှားယွင်းတဲ့အတွက်ကြောင့် လိမ်လည်မှုပုဒ်မကို ဖျက်မယ်။ ခိုးမှုပုဒ်မကို ဖျက်လိုက်မယ်လို့ပြောရင် ကျွန်တော်တို့က လိမ်လည်မှုများ၊ ခိုးမှုများ ကျူးလွန်လာတဲ့အခါမှာ ဘာပုဒ်မနဲ့အရေးယူမှာလဲလို့ ဒါကလည်းမေးစရာတစ်ခုပါ။ ဒီအချက်ကို ကျွန်တော်တို့သေသေချာချာစဉ်းစားဖို့လည်း လိုပါတယ်။ ဒီဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြုပြီး တော့ အသရေဖျက်မှုကို ကျူးလွန်လာတဲ့အခါမှာ ဒီပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ) သို့တည်းမဟုတ် ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)မှာပါဝင်တဲ့ အသရေဖျက်မှုကို ကျွန်တော်တို့က ထုတ်ပယ်လိုက်မယ်လို့ပြောလို့ရှိရင် ကျွန်တော်တို့က ဘာနဲ့သွားပြီးသဏ္ဌာန်တူလဲလို့ပြောရင် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြုပြီးတော့ ကြိုက်သလောက်အသရေဖျက်ပါ။ ပြစ်မှုမဖြစ်ပါဘူးလို့ ကျွန်တော်တို့ အားပေးရာရောက်သွားပါတယ်။ ဒီလိုအားပေးရာရောက်သွားမယ်လို့ပြောရင် ဥပဒေများမရှိဘဲ အားပေးရာများရောက်သွားမယ်လို့

ပြောရင် လောကကြီးရဲ့ကောင်းကျိုးကို အများကြီးထိခိုက်သွားစေနိုင်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများတင်ပြတဲ့တင်ပြချက်ကိုပယ်ဖျက်ပြီး ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာနရဲ့သဘောထားကို ရှင်းလင်းချက်အနည်းငယ်နဲ့အတူ တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ရဲ့ဆက်သွယ်ရေးဥပဒေရဲ့ရည်ရွယ်ချက်တစ်ခုဟာဆိုရင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူတွေနဲ့ အသုံးပြုသူများကို ဥပဒေနှင့်အညီအကာအကွယ်ပေးရန် ကျွန်တော်တို့က ရည်ရွယ်ချက်ထားရှိပြီး ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့က သုံးစွဲသူတွေကို ဥပဒေနှင့်အညီ ကာကွယ်ပေးတယ်ဆိုတဲ့နေရာမှာ နှစ်ဖက်ရှိပါတယ်။ ကျွန်တော်တို့က ရိုးဖြောင့်တဲ့သဘော၊ မှန်မှန်ကန်ကန်သုံးစွဲတဲ့လူတွေကို ကာကွယ်ပေးသလို၊ ခုနကပြောသလို မတရားသောနည်းလမ်းအားဖြင့် စွပ်စွဲခံရတဲ့လူတွေကိုလည်း အကာအကွယ်ပေးရမှာ၊ ကျွန်တော်တို့က နှစ်ဖက်အကာအကွယ်ပေးရမှာ ဖြစ်ပါတယ်ခင်ဗျား။

ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်မယ့်ဥပဒေကို လွှတ်တော်စတင်သွင်းမယ့်အချိန်မှာ ဇွန်လအထိ စာရင်းဇယားအရဆိုရင် ကျွန်တော်တို့အစိုးရလက်ထက် ဧပြီလ ၂၀၁၆ ခုနှစ်ကနေပြီးတော့ ကျွန်တော်တို့ ဇွန်လ ၂၀၁၇ ခုနှစ်အထိဆိုရင် အမှုပေါင်း ၁၆၉ မှုရှိပါတယ်။ ကျွန်တော်တို့ ယခုအချိန်မှာ၊ ဇူလိုင်လမှာ တစ်ချက်ပေါင်းလိုက်တဲ့အခါကျ အားလုံးပေါင်းစုစုပေါင်း ၁၈၇ မှုရှိပါတယ်။ ဒီတော့ ဒီမှာကြည့်မယ်ဆိုရင် ကျွန်တော်တို့က ဒီဇူလိုင်လတစ်လတည်းမှာ ၁၈ မှု၊ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)နဲ့ပတ်သက်တဲ့ ၁၈ မှုဖြစ်လာတာရှိပါတယ်။ ဒီဟာကိုကြည့်ချင်းအားဖြင့် ကျွန်တော်တို့က ဒီ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)ကို မပြင်ဆင်သေးဘဲနဲ့ကိုက ကျွန်တော်တို့ဆီမှာက ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုပြီးတော့ အသရေဖျက်တဲ့အမှုတွေဟာ အဟန့်အတားမရှိသေးဘူးဆိုတာကို ကျွန်တော်တို့ မြင်နိုင်ပါတယ်။ ဒီ ၁၈၇ မှုအနက်မှာလည်း ကျွန်တော်တို့က ပုဂ္ဂိုလ်ရေးရာ၊ ဌာနအဖွဲ့အစည်းများ၊ အကြီးအကဲတွေ၊ သတင်းမီဒီယာအပါအဝင် အဲဒီအမှုတွေမပါဘဲနဲ့ ကျွန်တော်တို့ ပုဂ္ဂိုလ်ရေးသက်သက်အမှုဟာ အားလုံးပေါင်း ၁၆၀ မှုရှိပါတယ်။ ဒီဟာကိုကြည့်ချင်းအားဖြင့် အခုက ကျွန်တော်တို့ အများပြောနေကြတဲ့ လွတ်လပ်စွာရေးသားပြောဆိုခွင့် ဆိုတာကတော့ ကျွန်တော်လက်ခံပါတယ်။ ဒီဟာအင်မတန်ရှိသင့်တာ

ဖြစ်ပါတယ်။ ဒါပေမဲ့ အခု ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)ကို အသုံးပြုပြီးတော့ ကျွန်တော်တို့ တရားစွဲဆိုတဲ့ အမှုတွေမှာတော့၊ ရှင်းရှင်းပြောရင်တော့ ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ယဉ်ကျေးမှု၊ ဗုဒ္ဓဘာသာဝင်တွေရဲ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်ပြီး လူမှုကျင့်ဝတ်ကို မသိသေးခြင်း၊ နားမလည်သေးခြင်း၊ ရင့်ကျက်မှု မရှိသေးခြင်းကြောင့် ဒီလိုစွပ်စွဲမှု၊ တရားစွဲမှုတွေ ပိုပြီးတော့ဖြစ်နေတယ်ဆိုတာ ကျွန်တော်တို့က လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားနှင့်အညီ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့အတိုင်း ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ) ပြင်ဆင်ချက်ကို ကျွန်တော်တို့ သဘောတူလက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ အပိုဒ် ၄ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ထားရှိရန်တင်ပြပြီး လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးက ပယ်ဖျက်ရန်ဆွေးနွေးခဲ့ပါတယ်။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေးက ပြင်ဆင်ချက်အဆိုတင်သွင်းထားပါတယ်။ ဒါကြောင့် ပထမဦးစွာ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်နဲ့ ဦးအောင်ကျော်ကျော်ဦးရဲ့အဆိုပြုချက်ကို မဲခွဲပါမယ်။ ယင်းမဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိသူအနက် ဒေါက်တာစိန်မြအေးရဲ့ပြင်ဆင်ချက်ကို ဆက်လက်ပြီးမဲခွဲပါမယ်။ ယခု ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်နဲ့ ဦးအောင်ကျော်ကျော်ဦးရဲ့အဆိုပြုချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကိုမူတည်ပြီး မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်က အနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် ဦးအောင်ကျော်ကျော်ဦးရဲ့အဆိုပြုချက်က အနိုင်ရရှိပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၇၂ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၉ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၂ မဲ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၄ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်အနက် ဒေါက်တာစိန်မြအေးရဲ့ပြင်ဆင်ချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို မူတည်၍ မဲခွဲမှာဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဒေါက်တာစိန်မြအေးရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၇၂ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၇ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၅ မဲ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲက များတဲ့အတွက် အပိုဒ် ၄ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)သည် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၅ ပုဒ်မ ၈၀ ပုဒ်မခွဲ(ခ)နှင့် စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းအား ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၀ ပုဒ်မခွဲ(ခ)ကို ပယ်ဖျက်ရန်ဆိုပြီးတော့ အဆိုတင်သွင်းထားပါတယ်။ ပုဒ်မ ၈၀ ပုဒ်မခွဲ(ခ) မှာ ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်လို့ပြဋ္ဌာန်းထားပါတယ်။ ဒါဟာ ကျွန်တော့်အနေနဲ့ ပယ်ဖျက်ရခြင်းအကြောင်းကို အနည်းငယ်ရှင်းပြပါမယ်။ ဒါ တရားစွဲဆိုခံရသူကို ကာကွယ်ပေးတယ်လို့ အပေါ်ယံကြည့်ရင် မြင်နိုင်ပေမဲ့ တကယ်တမ်းကျတော့ ဒါဟာ အကျိုးသက်ရောက်မှုပြောင်းပြန်ဖြစ်သွားပါတယ်။ အထက်အာဏာပိုင်တွေက အောက်ခြေသာမန်ပြည်သူတစ်ယောက်ကို တရားစွဲမယ်ဆိုရင် ရေစုန်ဆင်းရသလို ချောချောချူချူ ဖြစ်ပြီးတော့ အထက်အာဏာပိုင်တွေကို အောက်ခြေပြည်သူတစ်ယောက်ထဲက ပြန်ပြီးတော့ တရားစွဲ

မယ်ဆိုရင် ရေဆန်တက်ရသလို ခက်ခက်ခဲခဲအခွင့်အရေးကို ဖြစ်ပါတယ်။ ဒါကြောင့် ဥပမာပြောရမယ်ဆိုရင် လူတွေက အဂတိတရားလေးပါးဆိုတာ အနည်းနှင့်အများ ရှိကြပါတယ်။ ကျွန်တော့်အနေနဲ့ သာမန်ပြည်သူတစ်ယောက်အနေနဲ့ အထက်ကအရာရှိတစ်ယောက်၊ တာဝန်ရှိတစ်ယောက် ဥပမာ ဆက်သွယ်ရေးဝန်ကြီးကို တရားစွဲမယ်ဆိုရင် ခွင့်ပြုမလား။ အဲဒီလို ဝန်ကြီးတွေကို သူ့အထက်က ဝန်ကြီးတွေ စွဲရင် ခွင့်ပြုမလား။ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေကို စွဲရင်ခွင့်ပြုမလား။ ဘယ်လိုမှ မဖြစ်နိုင်လောက်အောင် အခြေအနေဖြစ်ပါတယ်။ ဒါပေမဲ့ အောက်ခြေပြည်သူတွေကို စွဲမယ်ဆိုရင်တော့ ဒါဟာ တော်တော်ကို လွယ်သွားတယ်လို့ ပထမတစ်ချက် ကျွန်တော်ပြောချင်ပါတယ်။ ဒုတိယတစ်ချက်က ဒါဟာ ဝန်ကြီးဌာနကို ကျွန်တော်တို့က ခွင့်ပြုချက်ယူရမယ်ဆိုရင် အချိန်တွေအများကြီး ကြာသွားနိုင်ပါတယ်။ ဝန်ကြီးဌာနမှာ အောက်ကတင်ပြလာတဲ့ သက်သေအထောက်အထားတွေကို စစ်ဆေးရမယ်။ နောက်ပြီးတော့ လိုအပ်ရင် ရှေ့နေချုပ်ရုံး အဲဒီလိုအကြံပြုချက်တွေ တောင်းခံရမယ်။ အလွန်အလုပ်များတဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနဟာ ဒါတွေကိုလုပ်နိုင်ဖို့ တော်တော်ကို အချိန်ယူရပါမယ်။ နောက်ပြီးတော့ အဲဒီလို တင်သွင်းတဲ့အခါမှာလည်းပဲ ဒီရဲကတင်ပြချက်တစ်ခုကိုပဲ အထောက်အထားယူပြီးတော့ စစ်ဆေးမလား။ အောက်ခြေမှာ လူပုဂ္ဂိုလ်သက်သေတွေလည်း ရှိပါဦးမယ်။ ဝန်ကြီးဌာနက အဲဒီအထိခေါ်ပြီးတော့ စစ်ဆေးနိုင်သလား။ အဲဒီလို ရှိသမျှသက်သေတွေကို အချိန်စောင့်ပြီးတော့ သူရဲ့နည်းပညာနဲ့ စစ်ဆေးနိုင်တဲ့အရည်အချင်းကော ရှိသလား။ ဥပမာ အမှုတစ်မှုဖြစ်တယ်ဆိုရင် ရဲက ဆေးစစ်ချက်တွေဆိုရင် သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာနရဲ့ဦးစီးဌာနတွေက တောင်းရပါတယ်။ အဲဒီလိုတောင်းလို့ အမှုကို တည်ဆောက်ကြရပါတယ်။ အခုအဲဒီလိုမဟုတ်ဘဲနဲ့ ဒီလို ရဲရဲ့ထွက်ဆိုချက်အပေါ်မှာ၊ တင်ပြချက်အပေါ်မှာ ဆက်သွယ်ရေးဝန်ကြီးဌာနက အချိန်တွေအများကြီးယူပြီးတော့ စစ်ဆေးမယ်ဆိုရင် ဒါသည် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ) ဥပဒေအရ ကျွန်တော်တို့မှာ အာမခံချက် ပေးလို့မရပါဘူး။ သုံးနှစ်အထက်။ ဒီပုဂ္ဂိုလ်တွေက ထောင်ထဲမှာ အလိုလို အချိန်တွေအများကြီးကြန့်ကြာသွားနိုင်ပါတယ်။ အမှုမပေါ်ခင်ကတည်းက အပြစ်ပေးခံရသလို ဖြစ်နေပါတယ်။

နောက်တစ်ချက်က စစ်ဆေးနိုင်တဲ့နည်းပညာတွေ တကယ်ကောရှိရဲ့လား။ အမှုစွဲတင်တဲ့ ရဲအဖွဲ့မှာရော ဒါတွေမရှိဘူးလား။ မရှိရင် ကျွန်တော်တို့ ရှိအောင်လုပ်ပေးရမယ်။ ဝန်ကြီးဌာနအနေနဲ့ ဒီလို အလုပ်များတဲ့အထဲမှာ ဒါတွေကို ရှာဖွေနေမယ်၊ အထောက်အထားတွေကို စိစစ်နေမယ်ဆိုရင် တကယ်တမ်း လုပ်တဲ့အခါမှာ အခက်အခဲတွေအများကြီး ကြုံတွေ့လာနိုင်ပါတယ်။ ဥပမာ -

ကျွန်တော်တို့က ဒီဝန်ကြီးဌာနအနေနဲ့ ရဲကတင်ပြတဲ့ အထောက်အထားတွေအပေါ်မှာပဲ စစ်မယ်ဆိုရင် လူသက်သေ တွေအပေါ်ရောခေါ်ပြီးတော့ စစ်ဆေးဦးမလား။ တကယ်လို့အဲဒီလို စစ်ဆေး၊ သူက ခွင့်ပြု ချက်ပေးတယ်ဆိုရင် ဒီအဆက်အသွယ်အထောက်အထားတွေကိုမရလို့ ခွင့်ပြုချက်မပေးနိုင်ဘူးဆိုရင် ရော၊ အောက်ခြေမှာ ရဲက လူသက်သေတွေကို ခေါ်ပြီးတော့ ဒီအပေါ်မှာတရားစွဲခွင့်မရှိဘူးလားဆိုတဲ့ အငြင်းပွားမှုတွေ ဖြစ်လာပါတယ်။ ဒီတော့ ကျွန်တော်တို့အနေနဲ့ကတော့ ဝန်ကြီးဌာနအနေနဲ့ ဒီလို လုပ်ခြင်းဟာ ကိုယ့်မနိုင်ရာဝန်ကိုထမ်းတယ်။ အလုပ်တအားကြီးများသွားမယ်။ ပြီးတော့ တကယ် ဆုံးဖြတ်တဲ့အခါမှာလည်း အောက်ခြေနဲ့ကွဲလွဲမှုတွေ ဖြစ်လာနိုင်တယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။ နောက်တစ်ခုက အခု Facebook ပဲဆိုပါတော့။ Facebook ကျူးလွန်တဲ့သူတွေဟာ အကောင့် အတုတွေ၊ Profile အတုတွေ အများကြီးသုံးကြပါတယ်။ လိုအပ်ရင် Handset ကိုလည်း လွှင့်ပစ်လိုက် လို့ရပါတယ်။ ဒီတော့ ဘာနဲ့စွဲမလဲ။ ရဲက လူသက်သေနဲ့ စွဲလို့ရနိုင်ပေမဲ့ ဝန်ကြီးဌာနကို ဘယ်လိုခွင့်ပြု ချက်တောင်းမလဲ။ အဲဒီအထောက်အထားတွေပါမယ်။ အဲဒါတွေအပေါ်မှာလည်း ကျွန်တော်တို့က ဒီဟာ ဝန်ကြီးဌာနရဲ့ဆုံးဖြတ်ချက်ဟာ အဓိကမကျဘူးလို့ ကျွန်တော် မြင်ပါတယ်။ ဒီဝန်ကြီးဌာနအနေနဲ့ ဒီလောက်အထိ နည်းပညာတွေရှိတယ်။ အကုန်လုံးအတွက် တာဝန်ယူဆောင်ရွက်ပေးနိုင်တယ်ဆိုရင် တော့ အဲဒီဝန်ကြီးဌာနက ပိုပြီးတော့ သိပါလိမ့်မယ်။ ကျွန်တော်တို့ကုန်ခဲ့တဲ့ လွှတ်တော်မှာ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စလေးတစ်ခုပြောပြပါမယ်။ ဒေါက်တာဆိတ်ဖွား ရှာပုံတော်ကြီးပါ။ Facebook မှာ လွှတ်တော်နဲ့ အစိုးရကို တိုက်ခိုက်တဲ့အတွက် ကော်မရှင်ဖွဲ့ပြီးတော့ ဒေါက်တာဆိတ်ဖွား ရှာပုံတော်ကြီးကို ကျွန်တော်တို့လုပ်ခဲ့ကြပါတယ်။ အချိန်တွေအများကြီး ပေးရပါတယ်။ ငွေလည်းအများကြီးကုန်တယ်။ အလုပ်တွေလည်း အများကြီးများပါတယ်။ အဲဒီမှာ ဆက်သွယ်ရေးဝန်ကြီးဌာနက အဓိကဇာတ်ဆောင် ပါ။ ဒါပေမဲ့ ဒေါက်တာဆိတ်ဖွား အရိပ်အရောင်တောင်မမြင်ခဲ့ပါဘူး။ အဲဒါကြောင့် ကော်မရှင်ကို ရှက်ရှက်နဲ့ပဲ အချိန်ကုန်ခံပြီးတော့ ရှက်ရှက်နဲ့ပဲ လွှတ်တော်မှာ အဆိုတင်သွင်းပြီးတော့ ပြန်လည် ဖျက်သိမ်းခဲ့ရတာတွေ သာဓကတွေရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ အဲဒီလိုမနိုင်ဝန်ကို ထမ်းပြီးတော့ ဖြစ်လာခဲ့ရင် နောင်တစ်ချိန်မှာ အလွဲလွဲအမှားမှားတွေ ဖြစ်လာနိုင်တယ်။ ဝန်ကြီးဌာန အနေနဲ့ တာဝန်အများကြီး ပိုလာနိုင်တယ်ဆိုတဲ့အချက်ပါ။

နောက်ဆုံးတစ်ချက်ကတော့ ဝန်ကြီးဌာနဟာ အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်ပါတယ်။ ရဲတို့၊ တရားသူကြီးတို့၊ ရှေ့နေချုပ်၊ ဥပဒေရေးရာဝန်ထမ်းတွေဆိုတာ တရားစွဲအဖွဲ့အစည်းတွေဖြစ်ပါတယ်။ ဒီတရားစွဲအဖွဲ့အစည်းတွေအပေါ်မှာ ဝန်ကြီးဌာနက ခွင့်ပြုမှစွဲရမယ်ဆိုတဲ့ဟာ ကျွန်တော်တို့ ဖွဲ့စည်းပုံ

အခြေခံဥပဒေကို အုပ်ချုပ်ရေးမဏ္ဍိုင်က တရားရေးမဏ္ဍိုင်ကို လုံးဝချုပ်ကိုင်ရာရောက်ပါတယ်။ အထူးဥပဒေပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ဒါဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ဆန့်ကျင်တယ်လို့ ကျွန်တော်မြင်ပါတယ်။ တရားမဏ္ဍိုင်ဟာ လွတ်လွတ်လပ်လပ် သူဟာနဲ့ သူအထောက်အထားနဲ့သူ အပြစ်ပေးနိုင်ရမယ်။ မကျေနပ်ရင် အယူခံလို့ရတယ်။ ဒီမှာ ဥပဒေဝန်ထမ်းတွေရှိတယ်။ ဒါဟာ ဥပဒေမြောက်/မမြောက် သူတို့မှာ နည်းပညာတွေမရှိပေမဲ့ ဥပဒေအထောက်အထား၊ အကိုးအကားတွေနဲ့ သူတို့ဆုံးဖြတ်လို့ရတယ်။ အကြံပေးလို့ရတယ်။ ရဲမှာလည်း သူမှာသက်ဆိုင်ရာစစ်ဆေးတဲ့ပညာတွေ၊ ကိရိယာတွေ သူမှာလည်းရှိတယ်။ အတတ်နိုင်ဆုံးရှိပါတယ်။ ဒီတော့ ကျွန်တော်တို့က ဒါကို ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ပြီးတော့ ဆက်သွယ်ရေးဝန်ကြီးဌာနကခွင့်ပြုမှ တရားစွဲဆိုခွင့်ရှိတယ်ဆိုတာဟာ ဥပဒေ၊ တရားရေးမဏ္ဍိုင်ကို လုံးဝစွက်ဖက်ရာရောက်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ အဲဒီအချက်တွေကို ထောက်ထားပြီးတော့ ဆက်သွယ်ရေးဝန်ကြီးဌာနဟာ ဒီတာဝန်ကို ယူလိုက်ခြင်းအားဖြင့် ပိုပြီးတော့ တာဝန်ပိလာပြီးတော့ နောင်တစ်ချိန်မှာ ကျွန်တော်တို့ပြဋ္ဌာန်းတဲ့ ဥပဒေဟာလည်း ဟိုမရောက်၊ ဒီမရောက်နဲ့ ပြဋ္ဌာန်းခဲ့တဲ့လူတွေရဲ့အပေါ်မှာ တာဝန်သက်ရောက်သွားပါလိမ့်မယ်။ အဲဒါကြောင့် ဒါကို ကျွန်တော့်အနေနဲ့ အကောင်းဆုံးအနေနဲ့ ဒီအပိုဒ်ကိုတော့ ဒီဥပဒေထဲမှာ မထည့်သင့်ဘူးဆိုတဲ့အကြောင်း ပယ်ဖျက်ဖို့ ဥက္ကဋ္ဌကြီးမှ လွှတ်တော်ကို တင်ပြပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၅ ပုဒ်မ ၈၀ ပုဒ်မခွဲ(ခ)နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ကိုဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်မှ အတည်ပြုထားတဲ့ ဆက်သွယ်ရေးဥပဒေနဲ့စပ်လျဉ်းပြီးတော့ ပြင်ဆင်ရန်တင်ပြချက်ကိုပြောရမယ်ဆိုလို့ရှိရင် အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ကျွန်တော့်အနေနဲ့ ထားရှိလိုတာဖြစ်ပါတယ်။ အဆိုပြုပြဋ္ဌာန်းချက်ကတော့ ဘာလဲဆိုလို့ရှိရင် ဒီမှာသိတဲ့အတိုင်းပါပဲ။ ပုဒ်မ ၈၀ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဂ)(ဃ)နှင့် ပုဒ်မ ၆၈ ပုဒ်မခွဲ(က)တို့ပါ ပြစ်မှုများမှတစ်ပါး ကျန်ပြစ်မှုများကို တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရယူမယ်လို့ ဆိုလိုပါတယ်။ ဒီအဆိုပြုချက်ကို လေ့လာလိုက်မယ်ဆိုလို့ရှိရင် မှန်ကန်တဲ့အပိုင်းတွေကို တွေ့ရပါတယ်။ ဒီဆက်သွယ်ရေးဥပဒေမှာပါတဲ့ ပုဒ်မအချို့ထဲက ဝန်ကြီးဌာနရဲ့ ကြိုတင်ခွင့်ပြုချက် ရယူဖို့မလိုတဲ့ ပုဒ်မတွေကို ကျွန်တော်တို့တွေအနေနဲ့ ဒီအဆိုပြုပြဋ္ဌာန်းချက်အတိုင်း

ပြဋ္ဌာန်းထားတာ၊ ဥပဒေကြမ်းတင်သွင်းထားတာကိုတွေ့ရပါတယ်။ အဲဒါဘာကြောင့်ကျွန်တော့်အနေနဲ့ ဒီအဆိုပြုပြဋ္ဌာန်းချက်အတိုင်း တင်သွင်းရသလဲဆိုလို့ရှိရင် ကျိုးကြောင်းရှိပါတယ်။ ပထမဦးစွာ ပြောကြားလိုတာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုင်းပါ။ အဲဒါကတော့ ကျွန်တော့်အနေနဲ့ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ တင်သွင်းသွားပြီးဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ထပ်မပြောတော့ပါဘူး။ ဒုတိယပိုင်းဖြစ်တဲ့ ဥပဒေပိုင်းဆိုင်ရာ ရှုပ်ထွေးမှုများ ဖြစ်ပေါ်နိုင်တဲ့အကြောင်းကို ပြောပြမှာဖြစ်ပါတယ်။ ဆက်သွယ်ရေးဥပဒေအရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက တရားစွဲဆိုရေးအတွက် ကြိုတင်ခွင့်ပြုချက်ပေးရမယ်ဆိုတဲ့နေရာမှာ ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ပေးတဲ့စာတွေကို ကြည့်မယ်ဆိုလို့ရှိရင် သက်သေခံအထောက်အထားခိုင်လုံပါက တရားစွဲဆိုနိုင်ကြောင်း ပြန်ကြားပါသည် ဆိုပြီးပေးတာကို အမှုအချို့မှာ လေ့လာတွေ့ရှိရပါတယ်။ တရားစွဲဆိုရန် ခွင့်ပြုချက်ဆိုတာ Section သဘောပါ။ အထူးဥပဒေအရ Section လိုအပ်တယ်လို့ ပြောပေမဲ့လည်းပဲ ခွင့်ပြုတယ်၊ မပြုတာ ပေးရမှာကို နိုင်လို့ ပြန်ကြားတာဟာ Shall မဟုတ်ပါဘူး။ ဥပဒေသဘောအရ၊ May ဖြစ်နေတာကြောင့် မတင်မကျ ဖြစ်နေတဲ့အချက်လေးကို အားနည်းချက်အဖြစ် တွေ့မြင်ရပါတယ်။ ဒါကြောင့်မို့လို့ ယခုလိုပုဒ်မ၊ အထူးသဖြင့် ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)(ဂ)နဲ့ ပုဒ်မ ၆၈ ပုဒ်မခွဲ(က)အရ အဲဒီပုဒ်မတွေကို ဝန်ကြီးဌာနရဲ့ကြိုတင်ခွင့်ပြုချက်ယူရမယ်ဆိုရင် အခြားရဲ့အရေးပိုင်တဲ့ရာဇဝတ်မှုတွေမှာ တရားစီရင်ရေးမူအရ ပြည်သူအချင်းချင်း ဖြစ်ပွားတဲ့အမှုတွေကို ဥပဒေဘောင်အတွင်းက ကျေအေးပြီး ဖြစ်စေရမယ်လို့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃ အပိုဒ်ခွဲ(စ) မှာပြဋ္ဌာန်းထားတဲ့အတိုင်း ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)အရ စွဲဆိုမှုမှာ နှစ်ဖက်ကျေအေးကြတဲ့အခါ တရားစွဲအဖွဲ့အစည်း၊ ရဲတပ်ဖွဲ့က ဥပဒေအရာရှိရဲ့လက်ခံမှု ပေါင်းစပ်ပြီး ခွင့်ပြုနိုင်ပေမဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက တရားစွဲဆိုခွင့်ပြုခဲ့တာမို့ အဲဒီဝန်ကြီးဌာနရဲ့သဘောတူခွင့်ပြုချက်ရယူရမယ်လို့ ဆိုလိုသလိုဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ အရ တရားသူကြီးက ခွင့်ပြုနိုင်တဲ့အာဏာဟာ ကန့်သတ်ခံရသလိုဖြစ်ပြီး ခွင့်မပြုနိုင်သေးတဲ့အမှုတွေဟာ တချို့မြို့နယ်တရားရုံးတွေမှာ ရပ်တန့်နေတာကို လနှင့်ချီကြာမြင့်နိုင်တဲ့အကြောင်း အားနည်းချက်တစ်ခုအနေနဲ့ ကျွန်တော်တင်ပြလိုပါတယ်။

နောက်တစ်ချက်အနေနဲ့ကတော့ ဥပဒေကြမ်းကော်မတီမှာ ဆွေးနွေးလို့ ကျွန်တော်သိလာရတဲ့အချက် ဖြစ်ပါတယ်။ အင်မတန်အလုပ်များလှတဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဟာ ဆိုလိုထားတဲ့ပုဒ်မတွေနဲ့ ပတ်သက်ပြီးတဲ့အခါမှာ အဆိုပြုပြဋ္ဌာန်းတဲ့နေရာမှာ ဆက်သွယ်ရေးဝန်ကြီး

ဌာနကို တင်ပြဖို့မလိုဘူးဆိုတဲ့ပုဒ်မတွေနဲ့ပတ်သက်ပြီးတော့ အရေးယူဆောင်ရွက်ဖို့အတွက် တင်ပြရမယ်ဆိုလို့ရှိရင် သူတို့အနေနဲ့ အလုပ်အင်မတန်များပြီးတော့ ဝန်ပိနေမှာဖြစ်ပါတယ်။ ဒီအတိုင်းမဟုတ်ဘဲနဲ့ ဝန်ကြီးဌာနကို တင်ပြခြင်းမရှိဘဲနဲ့ လိုအပ်မှသာ တရားသူကြီးအနေနဲ့ သက်သေအထောက်အထားရယူလိုတယ်ဆိုလို့ရှိရင် ဆင့်ခေါ်လို့ ဖြစ်နိုင်တယ်ဆိုရင်ဖြင့် ဒီဝန်ကြီးဌာနရဲ့ ကျွမ်းကျင်မှုပေါ့။ Technical Skill ကို လိုချင်လို့၊ Approval ကို လိုချင်လို့ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု/မပြု။ တကယ်လို့ လိုအပ်ချက်အရ ဆင့်ခေါ်လို့၊ လိုအပ်မှသာဆင့်ခေါ်လို့ လုပ်မယ်ဆိုလို့ရှိရင် ဝန်ကြီးဌာနအနေနဲ့ လုပ်ပေးနိုင်တယ်ဆိုရင်ဖြင့် ကျွန်တော်တို့ အဆိုပြုပြင်ဆင်ချက်အတိုင်း ဒီဥပဒေကိုပြင်ဆင်ဖို့ သင့်လျော်ပါတယ်ဆိုတဲ့အကြောင်း ကျွန်တော်အနေနဲ့ တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော် ဒီနေရာမှာ မပြောချင်ပေမဲ့ ပြောရမယ်။ တစ်ခုက ကျန်တဲ့ကိုယ်စားလှယ်တွေရော၊ တိုင်းပြည်ရော အကုန်လုံးအထင်၊ အယူအဆမှားသွားမှာစိုးလို့။ တရားစွဲအဖွဲ့အစည်းနဲ့ တရားစီရင်တဲ့အဖွဲ့အစည်းနဲ့ မတူဘူး။ အခု ဒေါက်တာစိန်မြအေးတို့ပြောနေတာက တရားစွဲအဖွဲ့အစည်းက တရားရုံးကို ပြောနေတာ။ တရားရုံးက တရားစီရင်တဲ့အဖွဲ့အစည်း။ တရားစွဲတဲ့အဖွဲ့အစည်းဆိုတာ ပြည်ထဲရေးဝန်ကြီးဌာန၊ ရဲ။ အဲဒါက အုပ်ချုပ်ရေးပိုင်း အုပ်ချုပ်ရေးပိုင်းပဲ။ ပြည်ထဲရေးဝန်ကြီးဌာနကလည်း အစိုးရအောက်မှာပဲရှိတယ်။ အုပ်ချုပ်ရေးပိုင်းလည်း အုပ်ချုပ်ရေးပိုင်းပဲ။ ဒါဆက်သွယ်တာ။ အဲဒါ တရားစီရင်ရေးက လာလွှမ်းမိုးတယ်။ တရားစီရင်ရေးက လာစွက်ဖက်တယ်။ တရားစီရင်တဲ့ဟာက ဒီအမှုကို စီရင်တာ။ အဲဒါ တရားစီရင်တဲ့တရားရုံး။ တရားစီရင်တဲ့အဖွဲ့အစည်း။ တရားစွဲအဖွဲ့အစည်းမဟုတ်ဘူး။ အဲဒါလေးတွေကိုတော့ သဲကွဲစေချင်တယ်။ ဒီလိုမဟုတ်ဘူးဆိုရင် ဒီဟာက တရားစီရင်ရေးကို စွက်ဖက်သလိုကြီး အခုဆွေးနွေးနေတာ၊ ကြားနေရတာ။ လုံးဝမတူဘူး။ အဲဒါအခြေခံအသိရှိဖို့ လိုတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခွင့်ပြုမိန့်နဲ့ပတ်သက်ပြီးတော့ တစ်ဖက်က လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဖေသန်းနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာစိန်မြအေး တို့က တင်ပြသွားတာတွေ ရှိပါတယ်။ အနှစ်ချုပ်လိုက်လို့ရှိရင်တော့ သဘောက အတူတူလောက်ပဲ ရှိပါတယ်ခင်ဗျား။ ဘာလဲဆိုလို့ရှိရင် ခွင့်ပြုမိန့်ပေါ့လေ။ ဆက်သွယ်ရေးဥပဒေနဲ့ တရားစွဲလို့

ရှိရင် ခွင့်ပြုမိန့်မလိုဘဲ ပယ်ဖျက်ပေးဖို့လို့ ဒီလိုတင်ပြထားတာတွေ ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော် တင်ပြချင်တာကတော့ ခွင့်ပြုမိန့်ဆိုတာ ဘာလဲ။ ခွင့်ပြုမိန့်ကို ဘာကြောင့်ထားသလဲ။ ခွင့်ပြုမိန့်ဆိုတဲ့ ဟာက ဒီလုပ်ငန်းနဲ့ပတ်သက်၍ ကျွမ်းကျင်သောပုဂ္ဂိုလ် ပါဝင်စေချင်တယ်။ ပါဝင်စေချင်တဲ့အတွက် ကြောင့် သူ့ကို ထည့်ထားတာ။ အဲဒီတော့ တစ်ဦးတစ်ယောက်တည်းသူက သူရဲ့သဘောကျ လုပ်နိုင် တယ်။ သဘောကျစွဲဆိုနိုင်တယ်လို့ပြောရင် ခွင့်ပြုမိန့်မလိုပါဘူး။ ခွင့်ပြုမိန့်ထည့်ထားခြင်းရဲ့သဘော က တစ်ဦးတစ်ယောက်တည်းသူရဲ့သဘောနဲ့ မပြီးဘူး။ ဒီကိစ္စနှင့်ပတ်သက်ပြီး ကျွမ်းကျင်တဲ့သူ၊ သိရှိတဲ့ သူရဲ့သဘောတူညီချက် လိုတယ်လို့ ကျွန်တော်တို့က ဒီလိုပြောတာပါ။ ဒါဟာ ခွင့်ပြုမိန့်လိုတယ်လို့ ကျွန်တော်တို့ပြောတဲ့ အဓိပ္ပာယ်ပါ။ နောက်တစ်ချက်က ဝန်ကြီးကျလို့ရှိရင် ခွင့်ပြုမိန့်ကို မပေးဘဲနဲ့ သာမန်အရပ်သူအရပ်သားကိုမှ ဆိုလို့ရှိရင်တော့ ခွင့်ပြုမိန့်ကို လျင်လျင်မြန်မြန်ချပေးလိမ့်မယ်။ ဒီလို ဖြစ်လာလိမ့်မယ်လို့ ပြောတဲ့အခါ ဒါဟာ ကျွန်တော်တို့ပြောရမှာပါ။ ဘာဖြစ်လဲဆိုရင် ဥပဒေကို ကျင့်သုံး ပုံ မှားယွင်းတာပါ။ ဥပဒေမှားယွင်းတာမဟုတ်ပါဘူး။ ဒီနေရာမှာ ကျွန်တော်ပြောလိုတာက ယခင် ကာလများမှာတော့ ဒီမိုကရေစီခေတ်မဟုတ်ပါဘူး။ ဒီအချိန်မှာတော့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ဖို့ရာအတွက် ဆောင်ရွက်နေတဲ့အချိန်ဖြစ်ပါတယ်။ ဆောင်ရွက်နေတဲ့အချိန်ဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့သွားရမယ့်မူသည် No man is above the Law ဥပဒေအထက်မှာ ဘယ်သူမှမရှိဘူးဆိုတဲ့မူမျိုးကို ကျွန်တော်တို့က သွားရမှာပါ။ ဒီမူကိုပဲ ကျွန်တော်တို့က အခြေခံပြီးတော့ ပြောရမှာပါ။ အဲဒါမှာမဟုတ်ဘဲနဲ့ ဝန်ကြီးကျတော့တစ်မျိုး၊ သာမန်လူတန်းစားကျတော့တစ်မျိုးလို့ ပြောနေခြင်းဟာ ယခင်ခေတ်က ခေတ်ဟောင်းကအတွေ့အကြုံများကို ပြန်လည်တင်ပြနေခြင်းသာ ဖြစ်ပါတယ်။ နောက်တစ်ချက်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီအနေနဲ့ ဒီပြင်ဆင်မယ့်အချက်နဲ့ပတ်သက်လို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ သဲသဲကွဲကွဲ၊ မှန်မှန်ကန်ကန် ဝေဖန်ပိုင်းခြားနိုင်အောင် ရှင်းရှင်းလင်းလင်း ပြောဖို့ပဲလိုပါတယ်။ အဲဒီအချက်နဲ့ပတ်သက်တာပဲ ရှင်းရှင်းလင်းလင်းပြောတာ ပိုပြီးတော့ သင့်မြတ်မယ်လို့ ကျွန်တော်ထင်ပါတယ်။ တခြားဟာတွေ ဝေ့ဝိုက်ပြီး ပြောနေရင် အကုန်လုံး လုံးထွေးပြီး နားတွေမလည်ဖြစ်နေမယ်။ ကျွန်တော်မနက်ကပြောသလိုပဲ။ မူးယစ်ဆေးဝါးရယ်၊ ဘိန်းရယ်၊ အရက်ရယ်နဲ့စပြီးလာရတာ။ အကုန်လုံးကိုယ်စားလှယ်တွေလည်း မူးနောက်၊ မူးနောက် ဖြစ်ကုန်ပြီ။ အဲဒီတော့ ရှင်းရှင်းလင်းလင်း၊ တိတိလင်းလင်း၊ အားလုံး သဲသဲကွဲကွဲ ဝေဖန်ပိုင်းခြားနိုင် အောင် မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်အောင် လိုရင်းကို ထိထိမိမိ ပြောပေးစေချင်ပါတယ်။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ ဟုတ်ကဲ့ပါခင်ဗျား။ တရားစွဲဆိုရန်အတွက် ခွင့်ပြုမိန့်လိုတယ်လို့ ပြဋ္ဌာန်းခြင်းဟာ တစ်နည်းအားဖြင့်ပြန်ကြည့်မယ်ဆိုရင် တရားစွဲခံရမယ့်သူကို ကျွန်တော်တို့က အကာအကွယ်ပေးထားတဲ့အချက် ပဲဖြစ်ပါတယ်။ ကျွန်တော်တို့က တရားစွဲခံရမယ့်သူကို အကာအကွယ်ပေးခြင်း၊ တစ်နည်းအားဖြင့်ပြောရင် ပြည်သူကိုကျွန်တော်တို့ အကာအကွယ်ပေးခြင်းဖြစ်ပါတယ်။ ဆက်သွယ်ရေးဥပဒေပါပြစ်မှုများဟာ ရဲအရေးပိုင်တဲ့အမှုများဖြစ်ပြီးတော့ ဝန်ကြီးဌာနရဲ့ခွင့်ပြုချက်မလိုဘူးလို့ ကျွန်တော်ဆိုလိုက်လို့ရှိရင် အစွပ်စွဲခံရသူကို ကျွန်တော်တိုင်တန်းရုံမျှဖြင့် ချက်ချင်းအရေးယူခံရမှာဖြစ်ပါတယ်။ နောက်တစ်ခါ ဒီဆက်သွယ်ရေးနည်းပညာများဟာ ဆက်သွယ်ရေးဝန်ကြီးကပဲ နားလည်တဲ့အတွက်ကြောင့် ဒါကြောင့်ခွင့်ပြုမိန့်လိုပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြထားတဲ့ ခွင့်ပြုမိန့်မလိုဘူးဆိုတဲ့အချက်ကို ပယ်ဖျက်ပြီး ဥပဒေကြမ်းကော်မတီကတင်ပြထားတဲ့အတိုင်း လွှတ်တော်ကအတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဖေသန်းနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာစိန်မြအေး တို့အနေနဲ့ ဒီပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ဒီခွင့်ပြုချက်ပေးဖို့တာဝန်ကိုထမ်းဆောင်ဖို့အတွက် ပြည့်စုံမှုရှိ/မရှိ ဆိုတဲ့အချက်တွေကလည်းမှန်ပါတယ်။ ဒါကြောင့်မို့လို့လည်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့က နဂိုဒီဆက်သွယ်ရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်း အဆိုပြုတင်ပြစဉ်က အဆိုပြုပြဋ္ဌာန်းချက်မှာ ကျွန်တော်တို့က ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)အပါအဝင် ခွင့်ပြုချက်မလိုဘူးဆိုပြီး တင်ပြခဲ့တာရှိပါတယ်။ ဒါပေမဲ့ ဒီကြားထဲမှာ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီနဲ့သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနဲ့သော်လည်းကောင်း ဆွေးနွေးချက်များ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီးတဲ့နောက် ကျွန်တော်တို့အနေနဲ့ ပြန်လည်သုံးသပ်ပြီးတော့ ဒီဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်အတိုင်း ကျွန်တော်တို့ လက်ခံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်စောစောကတင်ပြသွားတဲ့ စုစုပေါင်း ဒီအစိုးရလက်ထဲမှာရှိတဲ့ ၁၈၇ မှုအနက်မှာ ကျွန်တော်တို့ဝန်ကြီးဌာနကနေပြီးတော့ စိစစ်ပြီးတော့ သို့မဟုတ် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဆုံးဖြတ်ချက်မပေးနိုင်တဲ့အတွက် ရှေ့နေချုပ်ရုံးရဲ့ သဘောထားမှတ်ချက်တောင်းခံပြီးတော့ ကျွန်တော်တို့က တရားစွဲဆို

ဖို့မသင့်ဘူးဆိုပြီး ပြည်ထဲရေးကို ပြန်ကြားတဲ့အမှုက ၁၈ မှုရှိပါတယ်။ အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၈ မှုဆိုတာ ခုနက ၁၈၇ မှုထဲက ရာခိုင်နှုန်းနည်းပေမဲ့ အတိုင်းအတာတစ်ခုအထိ တချို့ပုဂ္ဂိုလ်တွေ မတရားစွပ်စွဲခံရတဲ့ဟာကို အကာအကွယ်ပေးလိုက်နိုင်တဲ့အနေအထားရှိပါတယ်။ အဲဒီတော့ နောက်ပိုင်းကျရင် ပိုပြီးတော့ ပြည့်စုံလာတဲ့အခါကျရင် ပိုပြီးဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားနဲ့အညီ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း သဘောတူလက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့အပိုင်းက ပုဒ်မ ၈၀ ပုဒ်မခွဲ(ခ)နဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ထားရှိရန်တင်ပြပြီး မြေပုံမဲဆန္ဒနယ်က ဦးဖေသန်းကပယ်ဖျက်ရန်ဆွေးနွေးခဲ့ပါတယ်။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေးက အဆိုပြုပြင်ဆင်ချက်အတိုင်းထားရှိရန်တင်ပြထားပါတယ်။ ဒါကြောင့် ပထမ ဦးစွာ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်နဲ့ ဦးဖေသန်းရဲ့အဆိုပြုချက်ကို မဲခွဲပါမယ်။ ယင်းမဲခွဲ ဆုံးဖြတ်မှုမှ အနိုင်ရရှိသူနဲ့ ဒေါက်တာစိန်မြအေးရဲ့အဆိုပြုချက်ကို ဆက်လက်ပြီးမဲခွဲပါမယ်။ ယခု ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်နဲ့ ဦးဖေသန်းရဲ့အဆိုပြုချက်ကို မဲခွဲပါမယ်။ ဥပဒေကြမ်းကော်မတီ ရဲ့အဆိုပြုချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံဆန္ဒမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်က အနိုင်ရရှိပါမယ်။ ကန့်ကွက်မဲများလျှင် ဦးဖေသန်းရဲ့အဆိုပြုချက်က အနိုင်ရရှိပါမယ်။ ယခုဆွေးနွေးတဲ့အချက်နဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့မဲခွဲဆုံးဖြတ် သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၆၅ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၄ မဲ၊ ကြားနေဆန္ဒမဲပေါင်းမရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၅ ပုဒ်မ ၈၀ ပုဒ်ခွဲ(ခ)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်က အနိုင်ရရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး မဲခွဲဆုံးဖြတ်မှုမှ အနိုင်ရရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်နဲ့ ဒေါက်တာစိန်မြအေးရဲ့ အဆိုပြုချက်ကို မဲခွဲပါ့

မယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံဆန္ဒများလျှင် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်က အတည်ဖြစ်ပါ့မယ်။ ကန့်ကွက်ဆန္ဒမဲများလျှင် ဒေါက်တာစိန်မြအေးရဲ့ အဆိုပြုချက်က အတည်ဖြစ်ပါ့မယ်။ ယခုဆွေးနွေးတဲ့ အချက်နဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၇၂ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၉ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၆ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၅ ပုဒ်မ ၈၀ ပုဒ်မခွဲ(ခ) သည် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြောပါ။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၅၊ အမှတ်စဉ်(၉) ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ဖြင့် သဘောတူထားတဲ့ စာပိုဒ်ကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီက ပြင်ဆင်တဲ့အခါမှာ တိုင်းတမ်းချက်နဲ့ ဒီဘက်မှာကျွန်တော်တို့ ပြင်လိုက်တဲ့အခါမှာ တိုင်းတမ်းခြင်းဖြစ်နေပါတယ်။ တကယ့်တကယ်တော့ တိုင်းတမ်းချက်ရဲ့နောက်က အရဆိုတဲ့ဥစ္စာကို ကျွန်တော်တို့ ဖျက်လိုက်တာပါ။ ဖျက်လိုက်တော့ ဒီဘက်မှာခြင်းအရဖြစ်နေလို့ ဖျက်လိုက်ပြီးတော့မှ တိုင်းတမ်းချက်မဟုတ်လျှင်လို့ ဒီလိုဖြစ်ပါတယ်။ အခုတော့ စာထဲမှာ တိုင်တမ်းခြင်းလို့ပြောနေတဲ့ အမှားအယွင်းဖြစ်နေတဲ့အတွက်ကြောင့် ပြင်ဆင်ပေးဖို့ တောင်းပန်ပါတယ်ခင်ဗျား။ တင်ပြပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များအားလုံးရှင်းလင်းအောင် ကျွန်တော်ဖတ်ပြပါ့မယ်။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် စာတိုင် ၁၊ ၂၊ ၃၊ ၄၊ ၅ ကိုကြည့်လိုက်ပါ။ ကျွန်တော် ဖတ်ပြပါ့မယ်။ အားလုံးရှင်းရှင်းလင်းလင်း သဲသဲကွဲကွဲဖြစ်အောင်ပါ။ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)ပါ ဆက်သွယ်ရေးကွန်ယက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား အသရေဖျက်ခြင်းပြုကြောင်း သက်ဆိုင်ရာနစ်နာသူကိုယ်တိုင်ဖြစ်စေ၊ ထိုသူ၏ကိုယ်စားလွှဲအပ်ခြင်းခံရသူကဖြစ်စေ၊ တိုင်းတမ်းချက်

အရမဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်းမပြုရလို့ အဲလို အမျိုးသားလွှတ်တော်က အတည်ပြုထားပါတယ်။ အဲဒီတော့ ဥပဒေကြမ်းကော်မတီကပြောတာက အဲဒီမှာတိုင်တမ်းချက်အရ မဟုတ်လျှင်ဆိုတဲ့နေရာမှာ အရကိုဖြုတ်ပါတယ်။ ပြန်ပြင်တဲ့အခါ အရကိုဖြုတ်တယ်။ တိုင်တမ်းချက်မဟုတ်လျှင်လို့ဆိုလိုချင်တယ်။ သို့သော် Computer Error အရ တိုင်တမ်းခြင်းမဟုတ်လျှင်ဖြစ်နေတယ်။ ခြင်းနေရာမှာ ချက်လို့အမှန်ပြင်စေချင်တယ်။ တိုင်တမ်းခြင်းမဟုတ်လျှင်ဆိုတဲ့နေရာမှာ တိုင်တမ်းချက်မဟုတ်လျှင် အရကိုသာဖြုတ်တာ ခြင်းနေရာမှာချက်။ အဲဒါလေးကို အားလုံးရှင်းလင်းအောင် သို့ဖြစ်နောက်မှ တစ်ခါတစ်ခု တစ်မျိုးထပ်ပြင်တယ် ကိုယ်စားလှယ်တွေထင်နေမှာစိုးလို့ ရှင်းလင်းအောင်ပြောတာ။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်လို့ အားလုံးသဘောတူပါတယ်။ မေးမယ်။ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘာမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တိုင်တမ်းခြင်းမဟုတ်လျှင် ဆိုတဲ့နေရာမှာ တိုင်တမ်းချက်မဟုတ်လျှင်စာသားသည် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့်ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကိုပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘာမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊

အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနဲ့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး (၄၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၂၁ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၀၇။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို ၁၃း၀၇ နာရီအချိန်တွင် ရပ်နားပါသည်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၆) ရက်မြောက်နေ့ (၁၈.၈.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဦးဦးထွန်းဝင်း
(ကျောက်တော် မဲဆန္ဒနယ်)



ဒေါက်တာခင်စည်သူ
(လှိုင်ကော် မဲဆန္ဒနယ်)



ဦးမျိုးဇော်အောင်
(ကောလင်း မဲဆန္ဒနယ်)



ဦးဘရှိန်
(ကျောက်ဖြူ မဲဆန္ဒနယ်)



ဦးဝင်းမြင့်အောင်
(ဒီပဲယင်း မဲဆန္ဒနယ်)



ဦးနေလင်းထွန်း
(ဘုတ်ပြင်း မဲဆန္ဒနယ်)



ဗိုလ်ချုပ်အောင်စိုး (ဒုတိယဝန်ကြီး)
ပြည်ထဲရေးဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်